www.burmeseclassic.com

အောင်မြင်စာပေ

# တြိစဏ္ဍ

## နာဂသေန ကျောက်မောင်နှမ




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်
စာပေ



BURMESE CLASSIC .com

၈၉၅.၈၃
တြိစက္က
နာဂဒေသနဲ့ကျောက်မောင်နှမ/တြိစက္က။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၂၄၀ - စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။
(၁) တြိစက္က

ထုတ်ဝေသူ ဦးအောင်မြင့်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊
အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊
ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊
(ဇန်နဝါရီလ)၊ အုပ်ရေ (၅၀၀)၊



www.burmeseclassic.com

www.burmeseclassic.com


- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ ပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



www.burmeseclassic.com

# ရည်ညွှန်းချက်

ယခုရေးသားသော "နာဂသေန ကျောက်မောင်နမ" ဝတ္ထုဇာတ်လမ်းမှာ မူလရှိခဲ့သော ဇာတ်လမ်းအချို့ကို... ကျွန်တော့် စိတ်ကူးဖြင့် ဝတ္ထုဖြစ်အောင် ဖန်တီးရေးသား ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။

"ချောင်းသာ" အပါအဝင် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများသို့ သွားရောက်ကြသူများ ...

"ကျောက်မောင်နမ" သို့ အရောက်သွားသင့်ပါသည်။

သွားမည်ဆိုပါက ဤစာအုပ်ကို ယူဆောင်သွားပါလျှင် များစွာ ဗဟုသုတ ရပြီး အကျိုးရှိနိုင်ပါသည်ဟု ပန်ကြားရင်း...

စာဖတ်သူများ မေတ္တာရိပ်အောက်မှ...

(ဘြိစက္က)

BURMESE CLASSIC .com

# ဓဿနလက်ဆောင်

❖ အခြားသူ၏အမှားတစ်ခုကို ရှာဖွေတိုင်း
မိမိ ဘယ်နခါ မှားခဲ့သလဲ ပြန်ရှာကြည့်ပါ။
ကိုယ့်အမှားတွေ့သောအခါ
အခြားသူအမှားကို ရှာဖွေရန်
လိုတော့မည် မဟုတ်ပေ။

❖ ရှေ့ကို မြန်မြန်သွားလိုလျှင်
ခြက်တိုင်မှာ ခြက်များများ တပ်ဆင်ရပါမည်။
ခြက်များလေ..
လေတိုက်တာကိုလည်း ပိုခံရမှာ မမေ့ပါနှင့်။

❖ သေးငယ်သော အဆိပ်တစ်စက်သည်
ကြီးမားသော ဆင်တစ်ကောင်ကို
သေစေနိုင်သည်။
မျက်ရည်တစ်စက်သည်လည်း
ဘဝတစ်ခုလုံးကို
သေကျေပျက်စီးစေနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ အချစ်သည်
အိမ်ထောင်တစ်ခု၏
အရုဏ်ဦးဖြစ်နိုင်ပါသလား...
ဒီလိုဆိုရင် အိမ်ထောင်ပြုခြင်းကရော
အချစ်ရဲ့နေဝင်ချိန်လို့ ပြောမှာလား။

❖ သင် ရေနစ်ဖူးပါသလား
ဒါမှမဟုတ် နွံအိုင်ထဲမှာ နစ်ဖူးပါသလား၊
တခြားတစ်ယောက်က ကယ်ပေးနိုင်ပါတယ်
အချစ်နွံ နစ်မိရင်တော့
ဘယ်သူကယ်လို့မှ မရတော့ဘူး။

❖ အခြားတစ်ယောက်ကို အားကိုးပြီးတော့
ရေစပ်နားမှာ သဲအိမ်မဆောက်ပါနဲ့၊
ရေတက်လာတဲ့အခါ
ဘယ်သူမှ ဝင်မကယ်နိုင်ပါဘူး။

BURMESE
CLASSIC
.com

# ဒဿနလက်ဆောင်

❖ ရောင့်ရဲတင်းတိမ်ခြင်းဟာ
ကောင်းပါတယ်။
ဒါပေမယ့် အဓိပ္ပါယ်မရှိတဲ့
ရောင့်ရဲတင်းတိမ်ခြင်းကတော့
ဘဝအတွက် အန္တရာယ်များလှပါတယ်။

❖ မီးငြိမ်းသတ်ဖို့ ရေရှာတဲ့အခါ
ရွှံ့နှစ်များပါနေလျှင်လည်း
အကြောင်းမဟုတ်ပေ။
ကိုယ်သောက်မယ့် ရေကတော့
သန့်စင်စေဖို့ ရွေးချယ်ရပါမယ်။

❖ ရှုံးတယ် နိုင်တယ်ဆိုတာ
ဖြစ်ရိုးဖြစ်စဉ်
အခြေအနေတစ်ခုသာဖြစ်တယ်။
ဘာမှမလုပ်ဘဲ ထိုင်ကြည့်နေရင်တော့
တကယ် ရှုံးနိမ့်သွားပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

# ခဿမနုလက်ဆောင်

❖ သင် ဝမ်းသာပျော်ရွှင်ချင်တယ်ဆိုရင်
ကံကောင်းမယ့်အချိန်ကို မစောင့်ပါနဲ့
အဲသည်လို စောင့်နေရုံနဲ့တော့
ကံကောင်းခြင်းက
ရောက်လာမှာ မဟုတ်ပါဘူး။

❖ တစ်ဖက်စွန်းမှာ အချစ်ရှိတယ်။
တစ်ဖက်စွန်းမှာတော့
မုန်းတီးနာကျင်မှု ရှိတယ်။
တစ်ဖက်ဖက်ကို အလေးသာတာနဲ့
ကျန်တစ်ဖက်က လျော့သွားမှာပါပဲ။

❖ ဝေဒနာမှန်သမျှတော့
တစ်နည်းနည်းနဲ့ ဆိုးတာချည်းပါပဲ။
အချစ်ဝေဒနာကတော့
ခံစားရင်း မျက်ရည်ကျရင်းနဲ့
အရသာတစ်ခုခု ပေးနေသလိုပါပဲ။

BURMESE CLASSIC .com

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) ဖိုးသူတော်ကြီးနှင့် ထူးခြားသောတဘောင်
အခန်း(၂) အချုပ်ခန်းထဲမှ ပေဒင်ဆရာ
အခန်း(၃) ရေအောက်မှ ထူးဆန်းသောမြင်ကွင်း
အခန်း(၄) သုသာန်စောင့် ပေတလူ
အခန်း(၅) ထန်းပင်ပေါ်မှ မြွေမျက်နှာ
အခန်း(၆) နာနာဘာဝတို့၏မာယာကျော့ကွင်း
အခန်း(၇) ကျောက်ညီနောင်သို့ ခရီးကြုံ လိုက်လာသူ
အခန်း(၈) အတိတ်တဘောင်နှင့်အယူတော်မင်္ဂလာ
အခန်း(၉) ဖိုးသူတော်ကြီးနှင့် မိတ်ဆွေများ
အခန်း(၁၀) မြနန်းသိင်္ဂီသို့ ရောက်သွားရခြင်း
အခန်း(၁၁) နဂါးကိုမြင်တွေ့ရသောသူ
အခန်း(၁၂) သူဌေးကြီး ဦးဇမ္ဗူကျော်နှင့် လျှို့ဝှက်ရတနာများ
အခန်း(၁၃) ထန်းတက်သမား တာတေနှင့် ထူးဆန်းသောမြင်ကွင်း
အခန်း(၁၄) မရဏခံတွင်း အန္တရာယ်
အခန်း(၁၅) သံသရာလမ်းမှ ချစ်ပန်းပွင့်များ
အခန်း(၁၆) နိဂုံး


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

# ဖိုးသူတော်ကြီးနှင့် ထူးခြားသော တဘောင်

တစ်နေ့သ၌ ပုသိမ်မြို့၏လူစည်ကားသောရပ်ကွက်များ အတွင်းသို့ ဖိုးသူတော်ကြီးတစ်ဦး ရောက်လာလေသည်။ ၎င်းမှာ အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး အသားညိုညိုနှင့် ခေါင်းတုံး ပြောင်အောင် တုံးထားသည်။

၎င်းဝတ်ဆင်ထားသော အဝတ်အစားတို့မှာလည်း အဖြူရောင်ပိတ်ကြမ်း ဖြစ်သော်လည်း တစ်ထည်တည်းကိုသာ ဒိုးပေ ဝတ်ထားဟန်ရှိသောကြောင့် အဖြူရောင်ပင် သိပ်မပေါ်



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ၊

ပိတ်ဖြူကြမ်းဖြင့် ချုပ်ထားသော လွယ်အိတ်ကြီးတစ်လုံး လွယ်ထားပြီး ၎င်းလွယ်အိတ်မှာ ဖောင်းကားနေကာ ၎င်းသွားလေရာ ယူဆောင်သွားသော ခရီးဆောင်အိတ်သဖွယ် ဖြစ်နေတော့သည်။

ပခုံးပေါ်မှာ ဝါးတမ်းပိုးတစ်ချောင်း ထမ်းထားပြီး ရှေ့နောက်မှာတော့ ကြိုးဖြင့် ဆိုင်းထားသည့် တောင်းနှစ်လုံး ပါလေသည်။

ထိုတောင်းနှစ်လုံးထဲမှာတော့ အလှူခံ၍ရသော ဆန်နှင့် အခြားစားသောက်စရာများ အသီးအနှံများ ထည့်ထားလေသည်။

ဆန်ကို တောင်းတစ်လုံးဖြင့် သပ်သပ်ထည့်ပြီး ကျန်ပစ္စည်းများကိုတော့ အခြားတောင်းတစ်လုံးဖြင့် သီးခြားထည့်ထားလေသည်။

တောင်နှစ်လုံးအတွင်းမှာတော့ အလှူခံရလာသော ပစ္စည်းအတော်များများ ရရှိထားလေပြီ။

သူသည် ပုသိမ်မြို့တွင်းမှာ ရှိသော ရပ်ကွက်များ၊ လမ်းများအတွင်းသို့ တစ်လမ်းဝင် တစ်လမ်းထွက်၊ တစ်ရပ်ကွက်ဝင် တစ်ရပ်ကွက်ထွက်ဖြင့် လှည့်လည်အလှူခံနေလေသည်။

ထိုအချိန်မှာ မြန်မာနိုင်ငံတစ်ခုလုံးမှာ အင်္ဂလိပ်နယ်ချဲ့များလက်အောက် ရောက်နေချိန်ဖြစ်သောကြောင့် ပုသိမ်မြို့မှာလည်း အင်္ဂလိပ်နယ်ချဲ့လက်အောက် ကျရောက်နေလေသည်။





သို့ကြောင့် ပုသိမ်မြို့လယ်ပိုင်းများ၊ သင်္ဘောများ ဝင်ထွက်သွားလာသော ကမ်းနားလမ်းတစ်လျှောက်မှာသာ လူနေထိုင်မှုများပြားပြီး အခြားနေရာများမှာတော့ လူနေအိမ်ခြေအနည်းငယ်သာ ရှိကြသည်။

ပုသိမ်မြို့၏ထင်ရှားသောရပ်ကွက်များမှာ အသည်ကြီး၊ တလိုင်းချောင်း၊ ယိုးဒယားကုန်း၊ မရမ်းချိုကုန်း၊ အတီးစု စသော ရပ်ကွက်များဖြစ်သည်။

ပုသိမ်မြို့မှာ ရှိသော လမ်းမကြီးများမှာ မြစ်ကမ်းတစ်လျှောက် အလျားလိုက် ဖောက်ထားပြီး ရှည်လျားသော လမ်းမများလည်းဖြစ်ကြသည်။

ထိုမှ ရှည်လျားသော လမ်းမကြီးနှစ်ခုကို ဆက်သွယ်ထားသော ဖြတ်လမ်းတိုများလည်း ရှိကြသည်။

ထိုလမ်းများအနက် မကျည်းပင်တန်း၊ ပဒင်းတန်း၊ ဦးလူလမ်း၊ တံတားကြီးတန်းတို့မှာ လူသိများ ထင်ရှားသောလမ်းတိုများဖြစ်ကြလေသည်။

ဖိုးသူတော်ကြီးသည် ကြေးစည်ကို တနောင်နောင် ထုရင်း ပါးစပ်မှလည်း တတွတ်တွတ် ရွတ်ဆိုကာ တစ်လမ်းဝင်တစ်လမ်းထွက်နှင့် လှည့်လည်သွားလာနေသည်။

"နောင်. . ဝေ. . ဝေ. . . ."

"နောင်. . ဝေ. . ဝေ. . . ."

ကြေးစည်သံက စူးရှကျယ်လောင်သလောက် ၎င်းရွတ်ဆိုနေသောအသံကတော့ တိုးလှသောကြောင့် ဗလုံးဗထွေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ေသံကျော့ နှံ့နေလေသည်။

"နောင်...ဝေ..ဝေ"

"နောင်...ဝေ..ဝေ"

"မောင်နှမကမ်းခြေ သင်ရှာဖွေ

ရွှေငွေရတနာ ရလတ္တံ့၊

လောဘကြီးလျှင် ကြမ္မာငင်

ရေပြင် လက်ပစ်ကူးရလတ္တံ့၊

တရားရှိသူ စိတ်ထားဖြူ

ထိုက်သူနှင့်ပင် တွေ့ရလတ္တံ့...."

ရင်းရွတ်ဆိုနေသော စကားသံများမှာ ကဗျာလိုလို သံကာလိုလို တဘောင်စကားလိုလိုနှင့် ကြားရသူတိုင်း နားမလည်နိုင်အောင် ရှိကြသည်။

ဖိုးသူတော်ကြီးကတော့ မည်သူ့ကိုမှလည်း မကြည့်ဘဲ ခေါင်းနှစ်လုံး ချိတ်ထားသော ထမ်းပိုးကို ပခုံးပေါ်မှာ ထမ်းလျက် ကြေးစည်တနောင်နောင်ထုပြီး တစ်လမ်းဝင် တစ်လမ်းထွက် သွားလာနေသည်။

"နောင်...ဝေ..ဝေ..."

"နောင်...ဝေ..ဝေ..."

"မောင်နှမကမ်းခြေ သင်ရှာဖွေ

ရွှေငွေရတနာ ရလတ္တံ့၊

လောဘကြီးလျှင် ကြမ္မာငင်

ရေပြင် လက်ပစ်ကူးရလတ္တံ့၊





တရားရှိသူ စိတ်ထားဖြူ

ထိုက်သူနှင့်ပင် တွေ့ရလတ္တံ့..."

"နောင်...ဝေ..ဝေ..."

ထိုသို့ရွတ်ဆိုသွားသည်ကို အချို့ကလည်း ဆန်ထွက်လောင်းရင်းနှင့် မေးသည်။

အချို့ကလည်း သိချင်သဖြင့် မေးသည်။

"ဦးသူတော်ကြီး ဘာတွေရွတ်နေတာလဲ"

"ဆုတောင်းစာ ရွတ်ပေးနေတာ"

"ဆုတောင်းစာကလည်း..တခြားလူတွေကို ကျန်းမာပါစေ ချမ်းသာပါစေလို့ မပါဘူးလား"

"ကျုပ်ရွတ်တဲ့ဆုတောင်းစာထဲမှာ ကျန်းမာဖို့ရော ချမ်းသာဖို့ရော နှစ်မျိုးစလုံး ပါပါတယ်"

"ကျွန်တော် နားထောင်ကြည့်တာတော့ တစ်ခုမှ မပါပါလား"

"မင်းနားမလည်သေးလို့ပါ"

ဟုပြောပြီး ကြေးစည်ကို တနောင်နောင် ထုရင်း ရှေ့ဆက်သွားလေသည်။

ထိုအချိန်က ဝေန်မြစ်(ယခု ပုသိမ်မြစ်)မြောက်ပိုင်း နေရာများမှာ လူနေအိမ်ခြေမများလှဘဲ အနောက်ဘက် ကမ်းခြေတစ်လျှောက်မှာ ရွာများသာရှိသည်။ ထိုနေရာများမှာ သစ်တောများနှင့် ထိစပ်လျက်ရှိပြီး သစ်တောများမှာ သစ်တောအလုပ်သမားများသာ အနေများကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ပုသိမ်မြို့ မြောက်ပိုင်းနေရာများမှာ မြို့စွန်နယ်နိမိတ်သာဖြစ်ပြီး လယ်သမားများနှင့် အလုပ်သမားများ နေသောရပ်ကွက်များသာ ရှိသည်။

ဖိုးသူတော်ကြီးမှာ တစ်နေကုန် ရပ်ကွက်များအတွင်းသို့ လှည့်လည်သွားကာ အလှူခံပြီး နေဝင်ခါနီးအချိန်ရောက်လျှင် မြို့စွန်ဘက်မှာရှိသော ဇရပ်တစ်ခုပေါ်သို့ သွားနေလေသည်။

သူနေသောဇရပ်မှာ သုသာန်တစ်ခုနှင့် နီးပြီး ထိုနေရာမှာ ထန်းတောများလည်း ရှိသည်။

ထို့ပြင် ရွာတစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာသော လမ်းနှင့်လည်း မဝေးလှပေ။

ဇရပ်ပေါ်မှ လှမ်းကြည့်လျှင် အုတ်ဂူများ၊ မှတ်တိုင်များကို မြင်ရသလို မနီးမဝေးမှာရှိသော ထန်းတောများကိုလည်း လှမ်းမြင်နိုင်သည်။

သစ်ပေါသောအရပ်ဖြစ်သောကြောင့် ပျဉ်းကတိုး သစ်သားများဖြင့် ဇရပ်ကို အခိုင်အခံ့ ဆောက်ထားကြသည်။

လေးပေခန့်မြင့်သော သမံတလင်းပေါ်မှာ လေးပတ်လည် ပျဉ်းကတိုးတိုင်ကြီးများ ထောင်ကာ သွပ်အမိုး မိုးထားလေသည်။

နှစ်ပေါင်းများစွာကြာမြင့်ဟန်ဖြင့် သွပ်အမိုးများမှာ သံချေးများ တက်နေပြီး အချို့နေရာများမှာ သံများ ကွာနေသည်။

အချို့နေရာများမှာ လေတိုက်လျှင် တဝုန်းဝုန်းနှင့် အသံမြည်နေကြသည်။





ခေါင်းရင်းဘက်တွင် လူသေများ ရောက်လာလျှင် သရဏဂုံတင်သောနေရာကို အနည်းငယ် မြင့်ထားသောနေရာလည်း ရှိသည်။

ထိုနေရာကို ဘုန်းကြီးများ ကြွရောက်၍ အလောင်းကို သရဏဂုံ တင်ပေးသောနေရာ ဖြစ်သောကြောင့်လည်း သံဃာစင်ဟုပင် အရပ်စကားဖြင့် ခေါ်ကြသည်။

ထိုသံဃာစင်ပေါ်မှာ ဖိုးသူတော်ကြီးက နေရာယူသည်။ သို့သော် သူတစ်ယောက်တည်းတော့ မဟုတ်ပေ။ အခြားနှစ်ယောက်လည်း ရှိသေးသည်။

ပေါင်းဝ သုသာန်စောင့် ပေတလူနှင့် သူခိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ရာဟုတို့နှစ်ယောက်ပင်ဖြစ်သည်။

သင်္ချိုင်းစောင့် ပေတလူက ထိုဇရပ်ပေါ်မှာ အမြဲနေသူဖြစ်ပြီး ကျန်နှစ်ယောက်ကတော့ ဧည့်သည်များဖြစ်ကြလေသည်။

ဖိုးသူတော်ကြီးက တစ်နေကုန် ရပ်ကွက်များအတွင်း လှည့်လည်အလှူခံပြီး ညနေပိုင်းအချိန်တွင် ဇရပ်ပေါ်သို့ ပြန်ရောက်လာသည်။

သူခိုးအလုပ်ဖြင့် အသက်မွေးသော ရာဟုကလည်း နေ့အချိန်ဖြစ်စေ၊ ညအချိန်ဖြစ်စေ၊ အခြေအနေကောင်းလျှင် ထွက်ခိုးလေ့ရှိပြီး၊ အခြေအနေမကောင်းပါက ဇရပ်ပေါ်မှာ ခွေအိပ်နေလေ့ရှိသည်။

ဖိုးသူတော်ကြီးက ဇရပ်ပေါ်သို့ ပြန်ရောက်လာသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တောင်းထဲမှာ ပါလာသော အစားအသောက်အချို့ကို ပေတလူနှင့် ရာဟုတို့နှစ်ယောက်ကို ကျွေးမွေးလေ့ရှိသဖြင့် ခင်မင်နေကြသည်။

ညအချိန်ရောက်လာသောအခါ ဇရပ်ပေါ်မှာ မီးအိမ်တစ်လုံး ထွန်းပြီး ဝိုင်းဖွဲ့စကားပြောသည့်အခါ ပြောကြသည်။ ပေတလူက အိုးဟောင်းတစ်လုံးဖြင့် ရေနွေးကြမ်း ကျိုထားပြီး ဖိုးသူတော်ကြီးက အလှူခံရလာသော လက်ဖက်ခြောက်ကို ခပ်ပေးရာ လက်ဖက်ရည်ကြမ်းခါးခါးကို သောက်ကြရသည်။

ညဥ့်ဦးပိုင်းအချိန်တွင် လူသူမနီးသော ဇရပ်ပေါ်မှာ လက်ဖက်ရည်ကြမ်း သောက်ရင်းနှင့် အေးအေးဆေးဆေး စကားပြောကြရသည်မှာ သဘောကျစရာကောင်းလှသည်။

"ဦးသူတော်ကြီးနဲ့ သိနေတာ ကြာလှပြီ၊ နာမည်တောင် မသိရသေးဘူး၊ ခင်ဗျားနာမည် ဘယ်သူလဲဗျ"

ဟု သူခိုးရာဟုက မေးသည်။

"ငါ့နာမည်က ကံရာဇာလို့ ခေါ်တယ်"

"နာမည်က ကောင်းပေတာကိုး၊ ဒါကြောင့် ကံကောင်းနေတာဖြစ်မှာပဲ"

"ဘာကြောင့်လဲ ရာဟုရဲ့"

"ကျွန်တော် မသိလို့ မေးရပါစေဦး၊ ကံရာဇာဆိုတဲ့နာမည်အဓိပ္ပါယ်က ဘာလဲဗျ"

"သူများတွေထက် ပိုပြီး အများကြီး ကံကောင်းခဲ့လို့ ငါ့မိဘတွေက ကံရာဇာလို့ အမည်ပေးထားခဲ့တာ ဖြစ်မှာပေါ့





ကွာ"

ဖိုးသူတော်ကြီးက လွယ်အိတ်ထဲမှာ ထည့်ထားသော ကွမ်းယာထုပ်ကို ဖွင့်ပြီး ကွမ်းယာဝါးရင်းမှ ပြန်ပြောလိုက်သည်။

"ခင်ဗျားကနာမည်က ကောင်းနေတော့ ဆွမ်းဆန်ထွက်ခံလိုက်တာနဲ့ ဆန်တွေစားစရာ သောက်စရာတွေ အများကြီး ရလာတော့တာပဲ၊ ကျွန်တော်ကတော့ဗျာ အဖေအမေပေးထားတဲ့နာမည်ကလည်း မကောင်း၊ အလုပ်ကလည်း မကောင်းတော့ ဝတ်တစ်လှည့် ပြတ်တစ်လှည့်ပါပဲ"

"နာမည်ကြောင့် ကံမကောင်းတာ မဟုတ်ပါဘူးကွာ၊ အလုပ်ကြောင့် ကံမကောင်းဖြစ်နေတာပါ"

"ဘယ်လိုကြောင့်လဲဗျ"

"မင်းလုပ်တဲ့အလုပ်က သူခိုးအလုပ်လေ၊ သူခိုးဆိုတာ သောကြာနဲ့ တနင်္လာ 'သောက' ဓါတ်ဖြစ်နေမှတော့ ဘယ်မှာ ကံကောင်းနိုင်ပါမလဲ၊ နောက်တစ်ချက်က မင်းနဲ့ငါနဲ့ မတူတဲ့အချက်က မင်းအလုပ်က သူခိုးဆိုတဲ့အသံ ကြားတာနဲ့ ရှိတဲ့လူတွေက ရှိတာတွေကို လုံခြုံအောင် ဝှက်ထားလိုက်မှတော့ မင်း ရှာလို့ ဘယ်လွယ်ပါတော့မလဲ"

ရာဟု ဆေးပေါ့လိပ်ကို တွင်တွင်ဖွာရင်း ခေါင်းညိတ်ပြသည်။

"အင်း. . . ဒါလည်း ဟုတ်မှာပါပဲ"

"ငါ့အလုပ်ကျတော့ ငါ့အသံကြားတာနဲ့ သိမ်းဆည်းထားတဲ့ စားသောက်စရာတွေကို တကူးတက ထုတ်ယူလာပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



လောင်းကြတယ်လေ. . . မကွာပေဘူးလား"

"ကွာပါ့ဗျာ. . ရာဟုအလုပ်က အဆင်မသင့်ရင် ပုလိပ်ဖမ်းလို့ အချုပ်ထဲ ရောက်တဲ့အခါ ရောက်ရသေးတယ်၊ ဦးသူတော်အလုပ်ကတော့ အဲဒါတွေ ပူစရာမလိုတော့ဘူး"

မနီးမဝေးမှာ ထိုင်နေသော သုဘရာဇာ ပေတလူကပါ ဝင်ရောက်ပြောဆိုလေသည်။

"အင်း. . . ဒါလည်း ဟုတ်မှာပါပဲဗျာ"

ရာဟုက စိတ်ပျက်လက်ပျက်လေသံဖြင့် ပြောသည်။

ထိုအခါ ဖိုးသူတော်ကြီးက ဝါးလက်စ ကွမ်းဖတ်များကို ထွေးထုတ်ပစ်လိုက်ပြီး လက်ဖက်ရည်ဖြင့် အာလုတ်ကျင်းလိုက်သည်။

"မင်းကို ငါပြောပြမယ်၊ လူတွေရဲ့ကံကြမ္မာဆိုတာ ပြုပြင်ပြောင်းလဲလို့ရတာတွေ ရှိသလို မရတာတွေလည်း ရှိတယ်၊ အဇာတသတ်လို ကျေးဇူးရှင် ဖခင်သူတော်ကောင်းကို သတ်ခဲ့တဲ့ လူမိုက်မျိုးနဲ့ အကုသိုလ်ကံမျိုးကြတော့ မြတ်စွာဘုရားနဲ့ တွေ့တာတောင် မပြေပျောက်ဘဲ ငရဲကျတာပဲ မဟုတ်လား"

"အင်း. . . ကြားဖူးပါတယ်"

"ဒီလို အကုသိုလ်ကံမျိုးကြတော့ ပြုပြင်လို့မရဘူး၊ အဲဒီလိုပဲ ကုသိုလ်ကောင်းမှုပြုခဲ့တဲ့လူတွေဆိုရင်လည်း မသေခင်ကတည်းက နတ်ပြည်မှာ ဘုံဗိမာန် ပေါ်နေတဲ့သူမျိုးတွေလည်း အများကြီးရှိတယ်"

"အင်း. . . ဒါလည်း ကြားဖူးပါတယ်"





"လူတစ်ယောက်ရဲ့ကံကြမ္မာဆိုတာ ပြုပြင်ပြောင်းလဲလို့ ရတာမျိုးတွေ ရှိသလို ပြုပြင်ပြောင်းလဲလို့ မရတာမျိုးတွေလည်း ရှိတယ်၊ ကိုယ့်ရဲ့ကံကြမ္မာကို ကိုယ့်ကသာ ပြုပြင်ပြောင်းလဲယူလို့ ရတယ်၊ ကျန်တာတွေက မီးလောင်ရာ လေပင့်တဲ့သဘောမျိုး လောက်ပဲ လုပ်လို့ရတယ်"

"ဦးသူတော်ကြီးပြောသလို နေ့နံတွေ၊ နက္ခတ်တွေဆိုတာ လူတွေကို ကောင်းကျိုးဆိုးကျိုး ပေးနေတယ်ဆိုတာ မဟုတ်ဘူးလား"

သုသာန်စောင့် ပေတလူက ဝင်မေးလိုက်သည်။

"မင်းတို့ကို ငါတစ်ခုမေးမယ်၊ ငါတို့နေတဲ့ကမ္ဘာ ဘယ်လောက်ကြီးမယ်လို့ မင်းတို့ ထင်သလဲ"

"တစ်ခါမှ မတိုင်းဖူးတော့ ဘယ်သိပါ့မလဲ ဦးသူတော်ကြီးရယ်"

"မင်းတို့က ကမ္ဘာကို အဆုံးအစ မရှိတဲ့ နေရာတစ်ခုလို့ ထင်နေသလား၊ ငါတို့နေတဲ့ကမ္ဘာရဲ့အလေးချိန်ဟာ မက်ထရစ်တန်(၁၀)သန်းပဲ ရှိတယ်၊

ကမ္ဘာရဲ့စက်ဝန်းက ကီလိုမီတာ(၄၀၀၀)ပဲ ရှိတယ်၊ အမြန်ရထားနဲ့သွားရင် (၈)ရက်နဲ့ ရောက်နိုင်တယ်"

"ဒါဖြင့် ကျဉ်းကျဉ်းလေးပဲ ရှိပါလား"

"သိဒ္ဓိရှိတဲ့လူတွေဆိုရင် မျက်စိတစ်မှိတ်အတွင်းမှာ ကမ္ဘာကို ပတ်လို့ရတယ်"

"ဒါ. . ဒါဖြင့် ကမ္ဘာကြီးက ဘယ်နေရာမှာ တင်နေသော



www.burmeseclassic.com

www.burmeseclassic.com



လဲဟင်"

"ဘယ်နေရာမှ တင်နေတာမဟုတ်ဘူး၊ အခြားဂြိုဟ်တွေလိုပဲ အာကာသထဲမှာ မျောနေတာပဲ၊ အာကာသထဲမှာ ငါတို့ကမ္ဘာထက် ပိုကြီးတဲ့ဂြိုဟ်တွေ၊ သေးတဲ့ဂြိုဟ်တွေ အများကြီးရှိတယ်၊ အဲဒီအထဲမှာမှ နေ လ နက္ခတ်တာရာတွေလည်း ပါဝင်တယ်"

"ပြောပါဦး"

"ကမ္ဘာကြီးနဲ့ မိုင်ပေါင်းများစွာ ကွာဝေးတဲ့နေရာမှာ နေ၊ လတွေ ရှိတယ်၊ တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ သောကြာဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ်တွေလည်း သူ့နေရာနှင့်သူ ရှိနေကြတယ်"

"ဟုတ်ကဲ့"

"နောက်ပြီး အသဝနီ၊ ဘရဏီ၊ ကြတ္တိကာ၊ ရောဟဏီ၊ မိဂသီ၊ အဒြ၊ ပုနဖ္ဗုသျှ၊ ဖုသျှ၊ အသလိဿ၊ မာဃ၊ ပြုဗ္ဗဖလဂုနီ၊ ဥတ္တရဖလဂုနီ၊ ဟဿတ၊ စိတြ၊ သွာတိ၊ ဝိသာခါ၊ အနုရာဓ၊ ဇေဋ္ဌ၊ မူလ၊ ပြုဗ္ဗာသာဠ်၊ ဥတ္တရာသာဠ်၊ သရဝဏ်၊ ဓနသိဋ္ဌ၊ သတဘိသျှ၊ ပြုဗ္ဗဘဒြပိုဒ်၊ ဥတ္တရဘဒြပိုဒ်၊ ရေဝတီ. . . ဆိုပြီး နက္ခတ်(၂၇)လုံးလည်း သူ့နေရာနှင့်သူ ရှိနေကြသေးတယ်"

"အများကြီးပါလား"

"ဒါတင်ဘယ်ကပါ့မလဲ၊ နောက်ထပ် တာရာတွေလည်း အများကြီး ရှိသေးတယ်၊ ကျီးတာရာ၊ ဟင်္သာတာရာ၊ ပုစွန်တာရာ၊ ချိန်တာရာ၊ ဆံကျင်တာရာ၊ တံငါတာရာ၊ ဆင်တာရာ၊ မြင်းတာ





ရာ၊ ဖျိုင်းတာရာ. . . ဆိုပြီး ထင်ရှားတဲ့ တာရာ(၉)လုံးလည်း ရှိသေးတယ်"

"မနည်းလှပါလား"

"ဒါတောင် အာကာသအတွင်းမှာ အမည်နာမ မရှိသေးတဲ့ နက္ခတ်တာရာတွေ အများကြီး ရှိနေသေးတယ်၊ တချို့ဂြိုဟ်တွေ၊ နက္ခတ်တွေဆိုရင် ကမ္ဘာမြေကြီးထက် အဆပေါင်းများစွာကြီးတဲ့ ဂြိုဟ်တွေလည်း အများကြီး ရှိကြသေးတယ်၊ ဥပမာပြောရရင်တော့ ငါတို့နေတဲ့ကမ္ဘာကြီးဆိုတာ မရေမတွက်နိုင်အောင်များတဲ့ မုံညှင်းစေ့အပုံထဲမှာ ရှိနေတဲ့ မုန်ညင်းစေ့တစ်စေ့လောက်ပဲ ရှိပါတယ်"

ဖိုးသူတော်ကြီးက ထိုသို့ပြောပြီး လက်ဖက်ရည်ကြမ်းတစ်ပန်းကန် ယူ၍သောက်နေလေသည်။

"ဦးသူတော်ကြီး ပြောပြမှပဲ သိရတော့တယ်၊ ကျွန်တော်တို့က ကျွန်တော်တို့ နေတဲ့ ကမ္ဘာမြေကြီးကို အတော့်ကို ကြီးနေတယ်လို့ ထင်နေကြတာဗျ"

သူခိုးရာဟုက ပြောသည်။

"ဒါကတော့ကွာ. . . ရန်ကုန်မြို့ကို မရောက်ဖူးတဲ့သူတစ်ယောက်က ရန်ကုန်မြို့ကို အတော်ကြီးလှပြီလို့ ထင်နေတာမျိုး ဖြစ်မှာပေ့ါ၊ တကယ်တော့ ရန်ကုန်မြို့ဆိုတာ မြန်မာနိုင်ငံအတွင်းမှာ ရှိတဲ့ သာမန်မြို့တစ်မြို့ပါပဲ၊ မြန်မာနိုင်ငံဆိုတာကလည်း အာရှတိုက်အတွင်းမှာ ရှိတဲ့ သာမန်နေရာတစ်ခုပါပဲ၊ အာရှတိုက်ဆိုတာလည်း ကမ္ဘာ့မြေမျက်နှာပြင်ပေါ်မှာ ရှိတဲ့ သာမန်နေရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပါပဲ"

"အင်း. . . ဒါလည်း ဟုတ်တာပဲ"

"ဒါတင် ဘယ်ကပါ့မလဲ၊ ငါတို့က ကမ္ဘာမြေကြီးကို အတော့်ကို ကြီးတဲ့နေရာတစ်ခုလို့ ထင်နေကြပေမယ့်၊ ဒါပေမယ့် စောစောက ပြောခဲ့သလိုပေါ့၊ ဥပမာပြောရင် မရေမတွက်နိုင်အောင် များပြားလှတဲ့ဂြိုဟ်တွေ နက္ခတ်တာရာတွေ အများကြီး ရှိတဲ့အထဲမှာ သူလည်း သာမန်ဂြိုဟ်ကလေးတစ်လုံးအနေနဲ့ ပါဝင်နေတာပါပဲ"

"အင်း. . . ဒါလည်း ဟုတ်တာပဲ"

ထိုအခါမှ ရာဟုက ဝင်ပြောသည်။

"ပြောရင်း ကမ္ဘာကြီးအကြောင်း ရောက်သွားတာနဲ့ ကျွန်တော့်အကြောင်းတောင် အစပျောက်သွားတယ်"

"ကိုင်း. . . မင်းအကြောင်းလည်း ပြောပါဦး"

"အဖေ အမေတို့က စပြောတယ်၊ ကျွန်တော့်ကို မွေးတဲ့အချိန်က ရာဟုအချိန်ဖြစ်နေတော့ မွေးပြီးပြီးချင်း ဓားထမ်းပြီး ကျော်ရတယ်တဲ့"

"ဓါးမရှိတဲ့နေရာမှာ မွေးရင် ဘာထမ်းပြီး ကျော်ရမှာလဲ၊ ကျော်စရာ မရှိရင်တော့ မွေးလာတဲ့ကလေးကိုပဲ ဆီအိုးထဲ ထည့်ကြော်ရမှာပဲ"

"ဟောဗျာ. . . ဦးသူတော်ကြီးကလည်း၊ ကျွန်တော်က အကောင်းပြောနေတာပါ"

ထိုစကားကြောင့် ဖိုးသူတောင်ကြီးက ကွမ်းသွေးများ





ဖြင့် မည်းနက်သည့်သွားများ ပေါ်အောင် ရယ်လိုက်သည်။

"ဆက်ပြောပါဦးဗျာ"

"ကျွန်တော့်ကိုမွေးပြီး မကြာဘူးအမေသေသွားတယ် လေပြင်းတွေ ကျလို့ အိမ်ပြိုသွားတယ်"

"မင်းတို့တစ်အိမ်တည်း ပြိုတာလား"

"မဟုတ်ဘူး. . . တစ်ရွာလုံး ပြိုတာ၊ နောက်ပိုင်း မီးလောင်ခံရပြန်တယ်"

"မင်းတို့အိမ်က စလောင်တာလား"

"မဟုတ်ဘူး. . . တခြားအိမ်က စလောင်ရင်းနဲ့ ကျွန်တော်တို့အိမ်ပါ ပါသွားတာ"

"အော်. . . ငါက ရာဟုနေ့သား မွေးတဲ့အိမ်ပဲ ကွက်လောင်ပြီး ကျန်တဲ့နေ့သားတွေ မွေးတဲ့အိမ်တွေ မလောင်ဘဲ ကျန်နေသလားလို့ မေးမြန်းတာပါ"

"မီးလောင်မှုတော့ဗျာ. . . လောင်မယ့်မီးက ဘယ်အိမ်မှာ ဘာနေ့သား ရှိတယ်၊ ဘယ်သူ့ကံကြမ္မာက ဘယ်လိုရှိတယ်ဆိုပြီး မေးနေတာမှ မဟုတ်တာ၊ လောင်စရာရှိတာ မှန်သမျှအားလုံး လောင်မှာပဲပေါ့"

ဟု ပေတလူက ဝင်ပြောရာ ရာဟုမှာ မျက်နှာတစ်ချက်ပျက်သွားလေသည်။

"တော်ပြီဗျာ. . . ခင်ဗျားတို့က ကျွန်တော်ပြောတာကို မယုံကြဘဲကိုး၊ ဒီတော့ မပြောတော့ဘူး၊ မြို့ထဲ ထွက်ပြီး ခိုးတာကမှ စားဖို့သောက်ဖို့ ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကာ ဇရပ်ပေါ်မှ ဆင်းသွားလေသည်။

ထိုအခါ ဖိုးသူတော်ကြီးက နောက်မှ လှမ်းပြောလိုက်လေသည်။

"မင်းဘာသာ ရာဟုသားပဲဖြစ်ဖြစ်၊ ဘာနေ့သားပဲဖြစ်ဖြစ်၊ သူတစ်ပါး ပစ္စည်းကို ခိုးဖို့ကြံရင် ပုလိပ်နဲ့တွေ့တော့ အဖမ်းခံရမှာပဲဟေ့"

ထိုသို့လှမ်းပြောလိုက်ရာ ရာဟုလည်း မကျေမနပ်ဖြင့် ရေရွတ်ပြောဆိုပြီး အမှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။







# အခန်း(၂)

# အချုပ်ခန်းတွင်းမှ ဗေဒင်ဆရာ

နောက်တစ်နေ့ နံနက်ပိုင်းအချိန်အထိ ရာဟုတစ်ယောက် ဇရပ်ပေါ်သို့ပြန်ရောက်မလာသဖြင့် ဖိုးသူတော်ကြီးနှင့် ပေတလူတို့မှာ တမျှော်မျှော် ဖြစ်နေကြလေသည်။

ထိုအခိုက်မှာပင် ကွက်ဖမ်းသော လူတစ်ယောက်က ကွက်များကို ခြင်းတစ်လုံးထဲမှာ ထည့်ပြီး ထမ်းကာ ဇရပ်အနီးမှ ဖြတ်လျှောက်သွားလေသည်။

ထိုအခါ ဖိုးသူတော်ကြီးက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရာဟုတစ်ယောက် ပြန်မလာနိုင်တော့ဘူး . ၊ ညက ပုလိပ်နဲ့ တိုးပြီး အဖမ်းခံလိုက်ရပြီ"

"ဟင် . . ဘယ်လိုကြောင့် ပြောနိုင်တာလဲ"

"သူနဲ့ ရန်ဘက်ဖြစ်တဲ့ တနင်္လာနံ ကြွက်ကို လှောင်အိမ်နဲ့ ဖမ်းသွားတာ မြင်လိုက်တယ် မဟုတ်လား၊ ငါပြောတာ လွဲခဲ့တယ်၊ အခုလောက်ဆိုရင် ငါပြောတဲ့အတိုင်း မင်းလူ အချုပ်ထဲရောက်နေတာ သေချာတယ်"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ငါတို့ကတော့ ဘာတတ်နိုင်မှာလဲကွာ၊ သတင်းစုံစမ်းပြီး တကယ်မှန်ရင်တော့ စားစရာနဲ့ ဆေးလိပ်ကလေးဘာလေး ပို့ပေးရမှာပေါ့"

ဟု ပြောဆိုကာ တောင်းနှစ်လုံး ချိတ်ထားသော ထမ်းပိုးကိုထမ်း . လွယ်အိတ်ကြီးကိုလွယ်လျက် ရပ်ကွက်များရှိရာဘက်သို့ ထွက်သွားလေတော့သည်။

"နောင် . . . ဝေ . . ဝေ . . ."

"နောင် . . . ဝေ . . ဝေ . . ."

"မောင်နှမကမ်းခြေ သင်ရှာဖွေ
ရွှေငွေရတနာ ရလတ္တံ့၊
လောဘကြီးလျှင် ကြမ္မာငင်
ရေပြင် လက်ပစ်ကူးရလတ္တံ့၊
တရားရှိသူ စိတ်ထားဖြူ
ထိုက်သူနှင့်ပင် တွေ့ရလတ္တံ့ . . ."





ဖိုးသူတော်ကြီးမှာ ရပ်ကွက်ထဲရောက်သည်နှင့် ကြေးစည်ကို တနောင်နောင် တဝေဝေ အဆက်မပြတ် ထုလျက် ပါးစပ်မှလည်း စာအချို့ကို ရွတ်ဆိုရင်းနှင့် တစ်လမ်းဝင် တစ်လမ်းထွက် ဝင်ထွက်သွားလာကာ အလှူခံလေသည်။

"နောင် . . . ဝေ . . ဝေ . . ."

သူသည် ကြေးစည်တနောင်နောင် ထုရင်း တစ်နေရာမှ တစ်နေရာ လျှောက်သွားနေရင်းမှ နောက်ဆုံးတော့ ဂါတ်တဲတစ်ခုရှေ့သို့ ရောက်သွားလေတော့သည်။

"နောင် . . . ဝေ . . ဝေ . . ."

"နောင် . . . ဝေ . . ဝေ . . ."

ထိုနေရာရောက်သောအခါ ရှေ့သို့ ဆက်မလျှောက်တော့ဘဲ ကြေးစည်ကိုသာ တနောင်နောင် တဝေဝေ ထုနေလေတော့သည်။

ထိုအခါ အပေါက်ဝမှာ စောင့်နေသော ပုလိပ်တစ်ယောက်က အပြင်သို့ ထွက်လာပြီး ပြောသည်။

"ဒီနေရာမှာ ရပ်ပြီးတော့ ကြေးစည် တနောင်နောင် ထုမနေနဲ့ . . နားငြီးတယ်"

ပုလိပ်မှာ လူမျိုးခြားတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် ၎င်းပြောသောအသံမှာ ဗလုံးဗထွေးနှင့် ရှိနေသည်။

"ငါ့ဘာသာ အလှူခံနေတာ ဘာကြောင့် လာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာမှာ အလှူခံမနေနဲ့၊ ဂါတ်တဲမှာ အချုပ်သား တွေပဲရှိတော့ ခင်ဗျား ဘာမှရမှာမဟုတ်ဘူး"

"အလှူမခံရဘူးဆိုတော့လည်း မခံဘူးပေါ့ကွာ၊ ဒါပေမယ့် ငါ့ကို အချုပ်သားတစ်ယောက်နဲ့ တွေ့တော့တွေ့ခွင့်ပေးပါ"

"ဘယ်သူလဲ"

"သူ့နာမည်က ရာဟုလို့ ခေါ်တယ်"

ပုလိပ်က အတန်ကြာအောင် စဉ်းစားနေပြီးမှ ပြောသည်။

"ညက ဖမ်းလာတဲ့ သူခိုးကို ပြောတာ ထင်တယ်"

"ဟုတ်တယ်"

"သူ့ကို မသက်သေမှုနဲ့ ဖမ်းထားတာပဲ တွေ့လို့မရသေးဘူး"

"ဒီပုဒ်မမျိုးက သောက်မြင်ကပ်တဲ့ပုဒ်မမျိုးပဲကွာ ဘယ်သူ့ကိုမဆို တပ်လို့ရတာပဲ၊ စားပွဲနောက်မှာထိုင်နေတဲ့ အရာရှိကြီးတွေကအစ လမ်းဘေးက သူခိုးကြမ်းပိုးတွေအထိ မသက်ာလို့ရတာပဲ"

"ခင်ဗျား ဘာစကားပြောတာလဲ၊ အသရေဖျက်မှုနဲ့ အချုပ်ထဲ ဖမ်းထည့်လိုက်ရမလား"

"အသရေဖျက်မှုဆိုတာလည်း အတော်အရေးမကြီးတဲ့ အမှုမျိုးပါကွာ၊ ယောက်ျားရှိတဲ့မိန်းမကို နောက်တစ်ယောက်နဲ့ ဖောက်ပြန်တယ်. . သိလို့ပြောတော့ အသရေဖျက်မှုနဲ့ တရားစွဲ





တယ်၊ အရာရှိကြီးတွေက လာဘ်စားတယ်. . သိလို့ပြောတော့ အသရေဖျက်မှုနဲ့ အမှုဖွင့်တယ်၊ အသရေဖျက်မှုဆိုတာ ကိုယ့်အပြစ်ကို လူတွေမရိပ်မိအောင် ကာကွယ်တဲ့ပုဒ်မမျိုးပါပဲ"

ဟု ပြောပြီး ကွမ်းယာတစ်ယာကို ပါးစပ်ထဲသို့ ထည့်ဝါးရင်းဖြင့် အေးအေးဆေးဆေး ထိုင်နေတော့သည်။

"ခင်ဗျား ဒီနေရာမှာ ထိုင်နေလို့ မရဘူး၊ တခြားနေရာကို သွားပါ"

"မင်းတို့ ဂါတ်တဲဝင်းထဲမှာ ဝင်ထိုင်နေတာမှ မဟုတ်တာ၊ ငါ့ဘာသာ အပြင်မှာ ထိုင်နေတာပဲကွာ၊ ဘာကြောင့် နှင်နေရတာလဲ"

"ဒီနေရာမှာ ထိုင်လို့မရဘူး၊ လူကြီးတွေ လာရင် ကျုပ်တို့ အပြစ်ပေးခံရလိမ့်မယ်၊ ဒီနေရာက ထွက်သွားပါ"

"ငါ့ကို ဒီနေရာက မြန်မြန်ထွက်သွားစေချင်ရင် ငါတွေ့ချင်တဲ့သူနဲ့ တွေ့ပေးပေါ့ကွာ"

"ကျုပ်တို့သဘောနဲ့ တွေ့ခွင့်ပေးလို့မရဘူး၊ လူကြီးလာမှ သူ့ကို ပြောပြလို့ သူက ခွင့်ပေးရင် တွေ့ရမယ်"

ဟု ပြောပြီး အစောင့်ပုလိပ်က သူပြောလည်း မရမှန်း ရိပ်မိသောကြောင့် ဂါတ်ထဲသို့ ပြန်ဝင်သွားလေသည်။

ဖိုးသူတော်ကြီးကလည်း ဂါတ်ပေါက်ဝနှင့် မနီးမဝေးနေရာတွင် တောင်းနှစ်လုံးကို ချပြီး ထိုင်မြဲထိုင်နေလေသည်။

အတန်ကြာသောအခါ ဂျစ်ကားတစ်စင်း မောင်းလာပြီး ဂါတ်ပေါက်ဝ ရောက်သောအခါ အရှိန်ဖြင့် ချိုးကွေ့ဝင်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာ ချထားသော ဖိုးသူတော်ကြီး ချထားသော တောင်းတစ်လုံးကို ဝင်တိုက်မိသွားလေတော့သည်။

"ဝုန်း . . ဂလုံး"

ထိုသို့ တိုက်မိသောကြောင့် တောင်းမှာ မှောက်သွားပြီး တောင်းထဲမှာ ထည့်ထားသောပစ္စည်းများက လမ်းပေါ်သို့ ပြန့်ကျဲသွားလေတော့သည်။

ဂျစ်ကားက မနီးမဝေးမှာ ရပ်တန့်သွားပြီး ကားပေါ်မှ လူတစ်ယောက် ဆင်းလာလေသည်။

ပုလိပ်များ ဝတ်သော ကာကီရောင် အဝတ်အစားများ ဝတ်ဆင်ထားသော မျက်နှာဖြူ ပုလိပ်အရာရှိတစ်ယောက်ပင် ဖြစ်သည်။

သူက ဒေါသတကြီးဖြင့် ဖိုးသူတော်ကြီးရှိရာသို့ လျှောက်လာသည်။

"မောင်မင်း ဒီနေရာမှာ ဘာလုပ်နေတာလဲ"

"ထိုင်နေတာလေ"

"ဂါတ်ရှေ့မှာ ဒီလိုထိုင်လို့ မရဘူးလေ၊ အခု ကျွန်ုပ်အတွက် အနှောင့်အယှက် အများကြီးဖြစ်သွားပြီ"

"ငါ့ဘာသာ လမ်းဘေးမှာ ထိုင်နေတာကို မင်းက ဝင်တိုက်သွားတာဆိုတော့ ဘယ်သူ့မှာ အပြစ်ရှိတာလဲ"

ထိုစကားကြောင့် မျက်နှာဖြူအရာရှိမှာ မျက်လုံးပြူးသွားလေသည်။

ထို့ပြင် အံ့သြသွားဟန်လည်း ရှိလေသည်။





သို့သော်လည်း ဟန်မပျက် ပြန်ပြောလိုက်သည်။

"မောင်မင်း ဘာစကားပြောတာလဲ၊ ကျုပ်ကို ဘယ်သူမှတ်ပြီး ဒီစကားမျိုး ပြောဝံ့တာလဲ၊ ကျုပ်က ဒီဂါတ်တဲက ဌာနအုပ် လီမတ်ပဲ"

"ဌာနအုပ်လည်း သူတစ်ပါး ပစ္စည်းကို ဖျက်ဆီးမိရင် အလျော်ပေးရမှာပဲ၊ အလှူခံလို့ရတဲ့ ငါ့ပစ္စည်းတွေ ပျက်စီးသွားတဲ့အတွက် အလျော်ပေးပါ"

ထိုသို့ အချီအချ ပြောဆိုနေချိန်မှာပင် ဂါတ်တဲမှ ပုလိပ်အချို့ ပြေးထွက်လာကြသည်။

ဌာနအုပ် လီမက်ဆိုသူအနီး ရောက်သောအခါ အလေးပြုကြလေသည်။

ထိုအခါ လီမက်က ပြောသည်။

"ဒီအဘိုးကြီးကို တခြားနေရာ နှင်ထုတ်ပစ်လိုက်ကြစမ်း"

"ကျွန်တော်တို့ နှင်ထုတ်နေတာ ကြာပြီ၊ မရဘူး ဆရာ"

"နှင်ထုတ်လို့မရရင် အချုပ်ထဲသာ ထည့်ထားလိုက်ကွာ"

ဟု အမိန့်ပေးလိုက်ရာ ပုလိပ်နှစ်ယောက်တို့က ဖိုးသူတော်ကြီးအနီးသို့ ကပ်လာကြသည်။

"ငါ့ကို ဘာပုဒ်မနဲ့ ဖမ်းတာလဲ"

"ရုံးတော်ကို မထေမဲ့မြင်လုပ်တဲ့ပုဒ်မ၊ အရာရှိတစ်ယောက်ကို စော်ကားတဲ့ပုဒ်မနဲ့ ဖမ်းတာ"

"ပုဒ်မတွေကလည်း များလှချည်လား၊ မင်းတို့ပုလိပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



မှာ လူတစ်ယောက်ကို နည်းအမျိုးမျိုးနဲ့ ပုဒ်မတပ်နိုင်တဲ့ ပညာပဲ ရှိတာမဟုတ်လား၊ အခု ငါ့ကို အချုပ်ထဲသွင်းမှာ မဟုတ်လား ပိုကောင်းတာပေါ့ကွာ"

"ခင်ဗျားက အချုပ်ခံရတာကိုပဲ သဘောကျနေတာလား"

"မဟုတ်ပါဘူးကွာ. . . စောစောက အချုပ်ထဲ ရောက်နေတဲ့ ငါ့မိတ်ဆွေနဲ့ တွေ့ခွင့်တောင်းတာ မရဘဲ အခုမှပဲ အေးအေးဆေးဆေး တွေ့ရတော့မှာမို့ပါ"

ထို့နောက် ပုလိပ်များက ဖိုးသူတော်ကြီးကို ဂါတ်ထဲသို့ ခေါ်သွားကြသည်။

ဖိုးသူတော်ကြီးကလည်း ၎င်းပစ္စည်းများကို ယူပြီး လိုက်သွားလေသည်။

ဂါတ်ထဲ ရောက်သောအခါ အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

"ဟေ့. . . ဂါတ်စာရေး၊ ငါ့မှာ ပါလာတဲ့ပစ္စည်းတွေကို သေသေချာချာ စာရင်းမှတ်ပြီး သိမ်းထားပေးပါ၊ တစ်ခုခု ပျောက်ရင် မင်းတို့ဂါတ်ကို ပြန်ပြီးအမှုဖွင့်ရမယ်"

ထိုစကားကြားသောအခါ ဂါတ်စာရေးအပါအဝင် ပုလိပ်များပင် မျက်လုံးပြူးသွားကြသည်။

ထို့နောက်မှာတော့ တောင်းနှစ်လုံး၊ ထမ်းပိုးတစ်ချောင်း၊ လွယ်အိတ်တစ်လုံးတို့ကို အပ်ထားခဲ့သည်။

ကြေးစည်နှင့် အလှူခံရခဲ့သော အစားအသောက်များ





ကိုတော့ ယူသွားလေသည်။

အချုပ်ခန်းမှာ ဂါတ်တဲအနောက်ဘက်မှာ ရှိပြီး အမှတ်(၁)အဆောင်နှင့် အမှတ်(၂)အဆောင်ဟူ၍ နှစ်ဆောင်ရှိသည်။

အမှတ်(၂)အဆောင်မှာရော အမှတ်(၁)အဆောင်မှာပါ အချုပ်သားများကို ရောထားလေသည်။

ပုလိပ်တစ်ယောက်က ဖိုးသူတော်ကြီးကို အမှတ်(၁) အဆောင်ထဲသို့ ထည့်ပေးလိုက်သည်။

ကံအားလျော်စွာ ထိုအဆောင်ထဲမှာ ရာဟု ရှိနေသည်။

"ဟာ. . . ဦးသူတော်ကြီးပါလား၊ ဘယ်လိုကနေဘယ်လို အချုပ်ထဲ ရောက်လာရတာလဲ"

ဟု ရာဟုက တအံ့တဩ မေးသည်။

"မင်းကို တွေ့ချင်လို့ တမင်ဝင်လာတာပေါ့ကွာ၊ ရော့. . ဒီမှာ. . ငါ့မှာ ပါလာတဲ့ အစားအသောက်တွေကို အချုပ်သားတွေကို ဝေငှပေးလိုက်ဟေ့"

ဟု ပြောပြီး ပေးရာ ရာဟုက ယူပြီး တန်းစီးလက်ထဲသို့ အပ်လိုက်သည်။

တန်းစီးက ယူပြီး အချုပ်သားများကို ဝေငှပေးလိုက်သည်။

"ဖြစ်မှဖြစ်ရပလေ ဦးသူတော်ရယ်၊ ကျွန်တော်နဲ့ တွေ့ချင်တာများ အချုပ်ထဲ မရောက်ရောက်အောင် ဝင်လာပြီး တွေ့ရတယ်လို့ဗျာ၊ ဒါထက် ကျွန်တော် အချုပ်ထဲ ရောက်နေပြီဆိုတာ ဘယ်သူပြောလို့ သိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ မပြောပါဘူးကွာ၊ မင်းက သူခိုးတစ်ယောက်ပဲ. . ဖရုပ်ပေါ် ပြန်မရောက်လာရင် မင်းရောက်ရမယ့်နေရာက နှစ်နေရာပဲ ရှိတယ်၊ အချုပ်ထဲ ရောက်ချင်ရောက်. . ဒါမှမဟုတ် လူတွေလက်ချက်နဲ့ သုသာန်ရောက်ရမှာပဲ၊ ရှာရတာ လွယ်ပါတယ်"

"ဟုတ်ပါတယ်. . . ညက ခိုးဖို့ထွက်လာတာ ဘာမှတောင် မခိုးရသေးပါဘူး. . ပုလိပ်နဲ့တွေ့ပြီး မှောင်ရိပ်ခိုမှုနဲ့ ဖမ်းလာတော့တာပဲ"

"ပုလိပ်ဆိုတာ အမှုမရရင် လူကြီးရှေ့မှာ မျက်နှာမရဘူး၊ အမှုများများရမှ နာမည်ကောင်းရတာမျိုးဆိုတော့ ဟုတ်တာရော မဟုတ်တာရော အမှုမရှိ အမှုရှာရတာမျိုးကွ၊ မင်းလည်း အဲဒီလိုနဲ့ ခံလိုက်ရတာ ဖြစ်မှာပေ့ါ"

"ဟုတ်ပါ့ဗျာ. . . လက်ထဲမှာ ခိုးရာပါပစ္စည်းလည်း မရှိ၊ ဘာမှလည်း မခိုးရသေးဘဲနဲ့ အချောင်သက်သက် အဖမ်းခံလိုက်ရတာပါပဲ၊ မှောင်ရိပ်ခိုမှုဆိုတာ ဘယ်လိုမျိုးလဲဟင်"

"မသင်္ကာမှုနဲ့ သိပ်မကွာလှပါဘူးကွာ၊ အပြစ်မရှိ အပြစ်ရှာဖမ်းတဲ့အမှုမျိုးပါပဲ"

ဟု ပြောလေသည်။

ထို့နောက် ရာဟုက အချုပ်ခန်းထဲ ရောက်ကာမှ မိတ်ဆွေဖြစ်ရသော လူရွယ်တစ်ယောက်နှင့် မိတ်ဆက်ပေးလေသည်။

ထိုလူရွယ်၏အမည်မှာ နီမောင်ပင်ဖြစ်သည်။





နီမောင်မှာ အသက်(၂၅)နှစ်အရွယ်ခန့်ရှိသော ပင်လယ်ကမ်းခြေမှာ နေထိုင်သူတစ်ဦးဖြစ်သည်။

နီမောင်က ဦးသူတော်ကို မြင်သောအခါ တအံ့တသြဖြင့် အနားလာပြီးမေးသည်။

"အဘ. . . ဘယ်လိုပြစ်မှုမျိုးနဲ့ ဖမ်းလာကြတာလဲဟင်"

"ဂါတ်ရှေ့မှာ ထိုင်နေရင်းနဲ့ ဖမ်းခေါ်လာတာပဲ"

"ဒါကတော့ မတရားလုပ်တာပဲ"

"မင်းကလည်းကွာ. . ဒါကိုများ ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောနေရသေးလား၊ သူတို့က ငါတို့နိုင်ငံကိုတောင် မတရားသိမ်းထားသေးတာပဲ၊ လူတွေကို မတရား ဒုက္ခပေးတာတော့ ဘာဆန်းတော့မှာလဲ၊

ဒါထက် မင်းနာမည်က ဘယ်သူလဲ၊ ဘာပြစ်မှုနဲ့ ဒီအချုပ်ထဲ ရောက်နေတာလဲ"

ဖိုးသူတော်ကြီးက ပြန်မေးလိုက်သည်။

"ကျွန်တော့်နာမည်က နီမောင်လို့ ခေါ်ပါတယ်၊ ကျွန်တော်က ကျောက်ပြာသာဒ်ရွာမှာ နေပါတယ်၊ အဖမ်းခံရတာကတော့ သူကြီးမျက်မုန်းကျိုးပြီး ပုလိပ်တွေကို လက်တို့ပေးလိုက်လို့ အခုလို အချုပ်ထဲ ရောက်လာခဲ့ရတာပါ"

"မင်းနာမည်က နီမောင်ဆိုတော့ အပူနဲ့ အအေးဓါတ်တွဲနေတဲ့နာမည်မျိုးပဲ၊ စိတ်က အေးအေးနေချင်ပေမယ့် အမြဲတမ်း ပင်ပင်ပန်းပန်း လုပ်ကိုင်နေရတတ်တယ်၊ ကိုယ်က ရိုးသားပေမယ့် ကိုယ့်အပေါ်မှာ အမြဲဒုက္ခပေးမယ့်လူမျိုးတွေနဲ့ပဲ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



မယ့်နာမည်မျိုးပဲ”

“မှန်ပါတယ်. . ကျွန်တော်က စနေသားဆိုတော့ စနေဂြိုဟ်မွေ့တဲ့ဒဏ်ကို အမြဲခံရတယ်လို့ ပြောကြတယ်၊ တချို့ဆိုရင် စနေသားနဲ့ပေါင်းရင် အပူကူးတတ်တယ်လို့တောင် ပြောကြပါတယ်၊ စနေဂြိုဟ်က တကယ်ပဲ ဂြိုဟ်မွေ့တတ်သလား အဘ”

ဖိုးသူတော်ကြီးက သူယူလာသော ကွမ်းယာကို ပါးစပ်ထဲ ထည့်ဝါးရင်း ပြောပြသည်။

“စနေဂြိုဟ်ဆိုတာ စကြဝဠာအတွင်းမှာ ရှိနေတဲ့ ဂြိုဟ်တစ်လုံးပဲ၊ ငါတို့နေတဲ့ ကမ္ဘာကြီးနဲ့ မိုင်ပေါင်း မြောက်များစွာဝေးတယ်၊ အဲ့ဒီလောက်ဝေးတဲ့ စနေဂြိုဟ်က ဒီလောက်လူတွေအများကြီး ရှိတဲ့အထဲမှာမှ မင်းတစ်ယောက်တည်းကိုမှ တမင်ရွေးပြီး ဒုက္ခပေးတယ်ဆိုရော ဖြစ်နိုင်ပါ့မလား”

ထိုစကားကြားသောအခါ နီမောင်က စိတ်ဝင်စားသွားသလို စိတ်ထဲမှာ အားရှိသလိုလည်း ခံစားလာမိသည်။

“ငါတို့နေတဲ့ ကမ္ဘာဂြိုဟ်ဆိုတာ စကြဝဠာအတွင်းမှာရှိတဲ့ မရေမတွက်နိုင်အောင်များလှတဲ့ ဂြိုဟ်တွေထဲမှာပါတဲ့ ဂြိုဟ်တစ်လုံးပဲ၊ အဲဒီကမ္ဘာဂြိုဟ်ရဲ့ မြေမျက်နှာပြင်ပေါ်မှာ တိုင်းပြည်တွေ၊ နိုင်ငံတွေ၊ မြို့တွေ အများကြီး ရှိတယ်. . လူပေါင်း သန်းပေါင်းများစွာ နေကြတယ်၊

အဲဒီလူတွေ ဘယ်လောက်များများ လူမျိုးတွေ ဘယ်လောက်ပဲ ကွဲပြားပေမယ့် စာရင်းချုပ်လိုက်ရင် တနင်္ဂနွေအစ စနေအဆုံး ရာဟုဂြိုဟ်အပါအဝင် ရှစ်မျိုးပဲရှိတယ်၊ လူတွေရဲ့





မွေးနေ့ဟာလဲ ဒီရှစ်မျိုးပဲရှိတယ်၊ ဒါ. . ကမ္ဘာဦးကတည်းက ရှိခဲ့တဲ့ အမှတ်အသားပဲ”

“ဟုတ်ပါတယ်”

“ဒီတော့ သန်းပေါင်းမြောက်များစွာရှိတဲ့ လူပေါင်းမြောက်များစွာတွေထဲမှာ စနေသား ဘယ်နှယောက် ပါမယ်လို့ မင်းထင်သလဲ”

နီမောင်က ဘာမှ မပြောနိုင်ပေ။

“တစ်ကမ္ဘာလုံးမှာ စနေသား ဘယ်နှယောက်မှန်း မသိရင် မြန်မာပြည်မှာရော စနေသား ဘယ်နှယောက်ရှိသလဲ သိသလား”

ခေါင်းယမ်းပြလိုက်သည်။

“ဒါဖြင့် ပုသိမ်မြို့မှာရော စနေသား ဘယ်နှယောက် ရှိမယ်ထင်သလဲ”

ခေါင်းယမ်းပြလိုက်သည်။

“ဒါဖြင့် မင်းတို့နေတဲ့ရွာမှာရော စနေသား ဘယ်နှယောက် ရှိသလဲ”

“မသိပါဘူး”

“အဲဒီလောက် မရေမတွက်နိုင်အောင် များလွန်းလှတဲ့ စနေနေ့မွေးတဲ့ နေ့သားတွေထဲမှာ စနေဂြိုဟ်ကြီးက မင်း တစ်ယောက်တည်းမှ ရွေးပြီး ဒုက္ခပေးတယ်၊ ဂြိုဟ်မွေ့နေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား”

“အဘ ပြောပြတော့လည်း အဟုတ်သားပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရမှာပေါ့. . . မင်း အခုလို ဆင်းရဲနေတာ ဒုက္ခရောက်နေတာ စနေနေ့ မွေးလို့မဟုတ်ဘူး၊ အတိတ်ဘဝက ပါလာတဲ့ ကံအကျိုးပေးအတိုင်း ဖြစ်နေတာ. . ကံအကျိုးပေး မကောင်းခဲ့လို့ ဆင်းရဲနေတာ၊

မင်းသာ. . အတိတ်ဘဝကံ အကျိုးပေးကောင်းလို့ ရန်ကုန်မြို့က သူဌေးတစ်ယောက်ဆီမှာ ဝင်စားရင်. . စနေနေ့ မွေးလို့ ဂြိုဟ်မွှေတယ်လို့ ပြောမှာမဟုတ်ဘူး၊ စနေသား မွေးတော့မှ နဂါးဆက်ရှိသူတွေ မစလို့ ပိုပြီးအကျိုးပေးတယ်လို့ ပြောကြမှာ အသေအချာပေါ့ကွာ"

ထိုသို့ပြောသောအခါ နီမောင်စိတ်ထဲမှာ တအုံနွေးနွေး ဖြစ်နေသောအတွေးများလည်း တဖြည်းဖြည်း လျော့ပါးသွားလေတော့သည်။

ထို့နောက်မှာ ဖိုးသူတော်ကြီး ဗေဒင်ဟောတတ်ကြောင်း အချုပ်ခန်းတစ်ခုလုံးမှ အချုပ်သားများ သိသွားကြပြီး တစ်ယောက်ပြီးတစ်ယောက် လာရောက်မေးမြန်းကြလေတော့သည်။

အများအားဖြင့်တော့ အချုပ်ခန်းမှ ဘယ်တော့ လွတ်မည်နှင့် အမှုရင်ဆိုင်နေသူများက အမှုအနိုင်အရှုံးကိစ္စများကိုသာ အဓိကထား မေးမြန်းကြလေသည်။

ထိုသို့မေးလာသမျှ ဖိုးသူတော်ကြီးက အမှုအခြေအနေကို ပြန်မေးလေသည်။

"ပုလိပ်ကိုတော့ ကြိုက်သလောက် ညာပါကွာ၊ ငါ့ကို





တော့ မင်းလုပ်ခဲ့သမျှ အမှန်အတိုင်းသာ ပြောပြပေတော့"

ဗေဒင်မေးသော အချုပ်သားကလည်း အခြားသူကိုသာ လိမ်ပြောသော်လည်း ဖိုးသူတော်ကြီးကိုတော့ အချုပ်သားအချင်းချင်း ဖြစ်နေသောကြောင့် အမှန်အတိုင်း ပြောပြကြလေသည်။

ထိုအခါ ဖိုးသူတော်ကြီးက အမှုအခြေအနေကို နားထောင်ပြီး လွတ်မည့်သူကို လွတ်မည်။

အပြစ်ကျမည့်သူကို အပြစ်ကျမည်ဟု ဟောပြောပေးလေသည်။

"ငါက လွတ်မယ်ပြောတိုင်း ပေါ့မနေနဲ့ဦးနော်၊ ဗေဒင်က လွတ်မယ်ဆိုပေမယ့် တရားသူကြီးက လွတ်ပေးမှလွတ်မှာ၊ အဲဒါကို ဂြိုဟ်တွေနက္ခတ်တွေက အကူအညီပေးလို့မရဘူး၊ သူတို့နှစ်သက်တာတွေနဲ့ ပူဇော်ပသမှရမှာ၊ ဒါကြောင့် ဂြိုဟ်နက္ခတ်တာရာစောင့်နတ်တွေထက် အမှုတွဲ ကိုင်တဲ့ တရားသူကြီးနဲ့ ဆွဲချတွေကို ပူဇော်ပသမှရမှာ. . . နားလည်ကြရဲ့လား"

ဟုလည်း မှာလိုက်သေးသည်။

ထိုသို့ ဗေဒင်ဟောပေးသောကြောင့် အချုပ်သားများကရင်းတို့မှာ ရှိသော ဆေးလိပ် ကွမ်းယာနှင့် အစားအသောက်များကို လာပေးရာ ရပ်ကွက်ထဲ လှည့်ပြီး အလှူခံတာထက်ပင် ပိုရလေသည်။

"ရက်ကွက်ထဲ လှည့်တာကမှ ခြေထောက်ညောင်းနေသေးတယ်၊ ဒီမှာတော့ ခြေထောက်မညောင်းဘဲ ဟန်ကျနေပါ



www.burmeseclassic.com

www.burmeseclassic.com



ပကောလား"

ဟု တစ်ယောက်တည်း သဘောကျစွာဖြင့် ရေရွတ်ပြော ဆိုနေတော့သည်။





## အခန်း(၃)

# ရေအောက်မှ ထူးဆန်းသောမြင်ကွင်း

ထိုနေ့က အချုပ်ခန်းအတွင်းသို့ ဖိုးသူတော်ကြီးတစ် ယောက် ရောက်လာခဲ့ပြီးနောက် အတော်ကလေး ဆူဆူညံညံအ သံများ ထွက်လာကြသည်။

ဖိုးသူတော်ကြီးမှာလည်း အချုပ်အတွင်းသို့ ရောက်ပြီး နောက်ပိုင်း တစ်ချက်ကလေးမှ မအားရသေးဘဲ အချုပ်သားများ ကို တစ်ယောက်ပြီးတစ်ယောက် ဗေဒင်ဟောပေးနေရလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့သူသည် ပေဒင်မေးသူ၏ မွေးရက်၊ မွေးလ၊ မွေးနှစ်၊ နေ့နံများကို မေးမြန်းခြင်း မပြုဘဲ အခြေအနေကို နားထောင်ပြီး ဟောပြောပေးနေခြင်းဖြစ်သည်။

"မင်းအမှုက မုဒိမ်းမှုဆိုတော့ လွတ်ဖို့တော့ သိပ်မမြင်ပါဘူး . . မင်းကရော တကယ်ကျူးလွန်ခဲ့တာလား"

ထိုသူက ခေါင်းညိတ်ပြသည်။

"မင်းမှာလည်း မိန်းမနဲ့ကလေးတွေ ရှိတယ်မဟုတ်လား"

ထိုသူက ထပ်မံ ခေါင်းညိတ်ပြပြန်သည်။

"မင်းမိန်းမက ရုပ်ရည်သနားကမားရှိပြီး မင်းကို မနှစ်သက်ဘူး၊ ဘာကြောင့်လဲဆိုတော့ မင်းက မိန်းမတွေ့ရင် ပျိုသောအိုသော မရှောင် တပ်မက်တဲ့စိတ်မျိုး ရှိတဲ့သူပဲ"

ထိုသို့ပြောသောအခါ ဘာမှပြန်မပြောဘဲ ခေါင်းငုံ့နေလေသည်။

"မင်း ကျူးလွန်တဲ့ ကောင်မလေးက ဆင်းရဲလို့ မင်းတို့ဆီမှာ အလုပ်လုပ်နေတဲ့ မိန်းကလေး မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဆင်းရဲလို့ ဘဝချို့တဲ့နေသူကို ဘဝပျက်အောင် ထပ်လုပ်မှတော့ မင်းအမှုက သိပ်မလွယ်ပါဘူး၊ မင်းထောင်ကျမှာသေချာပါတယ်"

ထိုသူ၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားလေသည်။

"ကျွန်တော်ကတော့ ရှိတဲ့ပစ္စည်းဥစ္စာတွေ ကုန်ချင်သ





လောက် ကုန်ပါစေ၊ အမှုက လွတ်အောင်လုပ်မှာပဲ"

"ဒါက မင်းအထင်ကိုးကွ၊ ကျန်ခဲ့တဲ့ မင်းမိန်းမက ဒီလိုအမှုမျိုးနဲ့ အချုပ်ထဲ ရောက်နေတဲ့ မင်းအတွက် ငွေတစ်ပြားတစ်ချပ်မှ အကုန်ခံမယ် ငါမထင်ဘူး၊ ဘာကြောင့်လဲဆိုတော့ သူက မင်းမရှိတာကို ပိုပြီးသဘောကျချင် ကျနေမှာပေ့ါကွာ"

ထိုသို့ပြောလိုက်တော့မှ မျက်နှာမသာမယာဖြင့် အနီးမှထွက်သွားလေသည်။

နောက်တစ်ယောက်ကတော့ လက်မောင်းတစ်ဖက်မှာ ပတ်တီးစည်းထားသော လူတစ်ယောက်ဖြစ်သည်။

"ကျုပ်လည်း ကြည့်ပေးပါဦး"

"လက်က ဒဏ်ရာက ဓားထိတာလား၊ ဘယ်လို ဖြစ်တာလဲ"

"ပိုက်ချက်လုရင်းနဲ့ ဓားခုတ်မှု ဖြစ်တာပါ၊ ကျုပ်နဲ့ ဖြစ်တဲ့လူတွေက ပိုက်ဆံရှိကြတယ်၊ ကျုပ်အိမ်ကို လာပြီး မတရားပြောတာနဲ့ ဓားခုတ်မှု ဖြစ်တာပါ"

"ခင်ဗျားနဲ့ ဖြစ်တဲ့လူတွေလည်း အချုပ်ထဲမှာပဲလား"

"ဟိုဘက်အချုပ်မှာပါ"

"တကယ်ဆိုရင်တော့ ခင်ဗျားမှာ အပြစ်မရှိပါဘူး၊ ကိုယ့်ကို ရန်မူလို့ ခုလို ခုခံကာကွယ်ရတာပဲ၊ ဒါပေမယ့် ဟိုဘက်က ပိုက်ဆံရှိတယ်ဆိုတော့ အမှုက ကြာမှာပဲ"

"ဟင်. . . ဘာကြောင့်လဲ"

"ဟိုဘက်ကလူတွေက အမှုကလွတ်အောင် ပူဆပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးတွေကို လာဘ်ထိုးမှာပဲ၊ ဒီတော့ အမှုကို ကြာနိုင်သမျှ ကြာအောင် အချိန်ဆွဲထားပြီး နောက်ဆုံး ငွေမထွက်တော့ အပြစ်ရှိတဲ့ သူတို့ကိုရော ခင်ဗျားကိုရော ထောင်ချမှာပဲ”

“ဟင်. . . ကျုပ်မှာ အပြစ်မရှိဘဲနဲ့ ဘာကြောင့် ထောင်ကျမှာလဲ”

“ဟိုဘက်က အပြစ်ရှိလို့ ကျတာ၊ ခင်ဗျားကိုတော့ ငွေစားထားတဲ့လူတွေ ကျေနပ်အောင် ပုဒ်မတစ်ခုခု တပ်ပြီး ထောင်ချမှာ သေချာတယ်”

“နှစ်ယောက်စလုံး ကျတော့လည်း ပိုကောင်းတာပေါ့ဗျာ”

ဟု ပြောပြီး အနားမှ ထသွားလေသည်။

ဤသို့ဖြင့် ညနေပိုင်းအချိန်ရောက်သောအခါ အချုပ်ခန်းတွင်းမှာ ရှိသမျှ လူအားလုံး ဗေဒင်ဟောပြောပြီးသွားလေသည်။ ထိုအခါမှ ရာဟုက အနားကပ်ပြီး မေးသည်။

“ကျွန်တော်ရော ထောင်ကျမှာပဲလား ဦးသူတော်ကြီး”

“နောက်ထပ် အချုပ်ခန်းထဲကို တရားခံများများ ရောက်ပါစေလို့ပဲ ဆုတောင်းပေါ့ကွာ၊ တခြားအမှုတွေ များလာရင်တော့ မင်းကို ပြန်လွှတ်ပေးမှာပါ။

အဲ. . . နည်းရင်တော့ မင်းကိုလည်း အမှုဖော်တဲ့အနေနဲ့ ထောင်ချရမှာပဲ”

ဟု ပြောရာ ရာဟုလည်း များစွာစိတ်ပျက်သွားလေသည်။





ညနေပိုင်းအချိန်တွင် ဖိုးသူတော်ကြီးမှာ အခန်းထောင့်မှာ ထိုင်ရင်း ပုလိပ်များ ကြားလောက်အောင် တစ်စုံတစ်ခုကို ရွတ်ဆိုနေလေသည်။

၎င်းရွတ်ဆိုနေသည်မှာ အင်္ဂလိပ်ဘာသာဖြင့် ရွတ်ဆိုသော ကဗျာတစ်ပုဒ်ဖြစ်ဟန်ရှိလေသည်။

ထိုရွတ်ဆိုသံ ကြားသောအခါ အချုပ်ခန်းအပေါက်ဝမှာ စောင့်နေကြသည့် အစောင့်များပါ မယောင်မလည်ဖြင့် လာရောက်နားထောင်ကြသည်။

"Stand through life firm as a rock in the sea, undisturbed and unmoved by its ever-rising waves."

“လှိုင်းတံပိုးတွေ မနားတမ်း ရိုက်ခတ်နေပေမယ့် စိုးနှောင့်တုန်လှုပ်ခြင်း ကင်းတဲ့. . .

ပင်လယ်ထဲက ကျောက်သားကျောက်ဆောင်ပမာ ဘ၀တစ်လျှောက် စွဲမြဲခိုင်မာရပ်တည်ပါ”

"Storms make oaks take deeper root"

“မုန်တိုင်းတွေ ထန်လို့ပဲ
ဝက်သစ်ချပင်တွေမှာ
အမြစ်က နက်သထက်ပိုပြီး
နက်ရှိုင်းလာရတယ်”

"Once we have a war there is only thing to do.It must be won, for defeat brings worse things than any that can ever happen in war".



www.burmeseclassic.com

www.burmeseclassic.com



"စစ်ဖြစ်လာလျှင် လုပ်ရန် တစ်ခုသာ ရှိသည်၊ စစ်နိုင်ရန်ပင်ဖြစ်သည်၊ အကြောင်းမူကား စစ်ရှုံးခြင်းသည် စစ်ပွဲကာလတစ်လျှောက်အတွင်း လုံးဝမဖြစ်ပျက်သေးသည့် အရာများထက်ဆိုးဝါးသည့်အရာများ ဖြစ်ပေါ်စေသောကြောင့် ဖြစ်သည်"

ဖိုးသူတော်ကြီးက စာသားများကို တစ်ယောက်တည်း ရွတ်ဆိုနေသော်လည်း အပြင်ဘက်မှာ ရှိနေသော ပုလိပ်များက ကြားနေရသည်။

"ခင်ဗျား ဘာတွေ ဆိုနေတာလဲ၊ အချုပ်ထဲမှာ အသံကျယ်ကျယ်နဲ့ စကားမပြောရဘူး"

ပုလိပ်တစ်ယောက်က လာပြောသည်။

သို့သော်လည်း ဖိုးသူတော်ကြီးက အရေးမစိုက်ဘဲ ရွတ်မြဲရွတ် ဆိုမြဲဆိုလျက် ရှိနေသည်။

ညနေပိုင်း အချုပ်သားများကို ထမင်းကျွေးသောအခါ ဖိုးသူတော်ကြီးအတွက် မပါပေ။

"နောက်မှ ဝင်တဲ့အချုပ်သားတွေ စာရင်းမပါသေးတော့ ထမင်းခွဲတမ်း မပါသေးဘူး"

ကန်ထရိုက် ဆွဲပြီး ထမင်းကျွေးသူက အသံကျယ်ကျယ်ဖြင့် ပြောသည်။

ကျွေးသောထမင်းဟင်းမှာလည်း ငစိန်ဆန်ကြမ်း ထမင်း၊ ပဲဟင်းနှင့် ငပိထောင်း အနည်းငယ်တို့ပင်ဖြစ်သည်။

ထမင်းကျွေးသူများ ပြန်သွားတော့ နီမောင်က ၎င်းအတွက်ရသော ထမင်းနှင့်ဟင်းများကို ဖိုးသူတော်ကြီးအားပေး





သည်။

"အဘ စားပါ"

"ငါမစားတော့ပါဘူးကွာ. . . တစ်နေ့လုံး ဗေဒင်ဟောနေရတာနဲ့ လေပွပြီး ထမင်းတောင် မဆာပါဘူး မင်းပဲ စားလိုက်ပါ"

"ဒီထမင်းနဲ့ဟင်းက ကျွန်တော့်တစ်ယောက်စာ မဟုတ်ပါဘူး၊ သူတို့ကို ပိုက်ဆံပေးပြီး ပိုထည့်ခိုင်းလို့ နှစ်ယောက်စာဖြစ်နေတာပါ၊ အဘလည်း စားပါ"

ဟု ပြောပြီး ခွဲပေးတော့မှ ယူစားလေသည်။

ညဥ့်ဦးပိုင်းအချိန်ရောက်သောအခါ ဖိုးသူတော်ကြီးက ကြေးစည်ထိုးပြီး ဘုရားရှိခိုးလေသည်။

"နောင်. . ဝေ. . ဝေ. . ."

"သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော လူနတ်ဗြဟ္မာ သတ္တဝါများအားလုံး ဘေးရန်ကင်း၍ ချမ်းသာခြင်း ဖြစ်ကြပါစေ၊

အပြစ်မဲ့သူတို့ကို ညှဉ်းပန်းနှိပ်စက်သူများ တူသောအကျိုးပေးပါစေ"

"နောင်. . . ဝေ. . ဝေ. . ဝေ"

ညဥ့်ဦးပိုင်းအချိန်ထိ ဘုရားရှိခိုး မေတ္တာပို့နေပြီးမှ အချုပ်သားများ အိပ်ချိန်ရောက်သောအခါ နီမောင်နှင့် ရာဟုတို့နှင့်အတူ အိပ်လေသည်။

"ကြမ်းပိုးကတော့ များတယ် ဦးသူတော်ကြီးရေ၊ တစ်ည



www.burmeseclassic.com

www.burmeseclassic.com



လုံး လိုမ့်သာ ခံပေရော့”

“သတ္တဝါတွေကို သွေးလှူပေးတယ်လို့ပဲ သဘောထားရ မှာပေါ့ကွာ”

ဟု ပြောပြီး အိပ်ချိန်ရောက်သောအခါ လှဲနေရသည်။

ထိုအခါမှ ဖိုးသူတော်ကြီးက နီမောင်ကို တိုးတိုးမေးလေ သည်။

“နီမောင် ဘယ်လိုကြောင့် အချုပ်ထဲ ရောက်လာရတယ် ဆိုတာ ပြောပြပါဦး”

ဟု တိုးတိုးမေးသဖြင့် နီမောင်က သူ့အဖြစ်အပျက်များ ကို တိုတိုပင် ပြောပြလိုက်သည်။

နီမောင်တို့ နေသော ကျောက်ပြာသာဒ်ရွာမှာ ရိုးမ တောင်၏အနောက်ဘက်၊ ပင်လယ်ကမ်းခြေနှင့် မနီးမဝေးနေ ရာ၌ ရှိသည်။

ကိုလိုနီနယ်ချဲ့များ မြန်မာနိုင်ငံကို သိမ်းပိုက်ထားစဉ် ကာလတစ်လျှောက်လုံးမှာ အနောက်ဘက် ကမ်းရိုးတန်းဒေသ များမှာ လူနေထိုင်မှု မရှိသလောက် နည်းပါးလှသည်။ ရိုးမ တောင်ခြေတစ်လျှောက်မှာ သစ်ဝါးခုတ်သူတို့ နေသော တဲအိမ် စုများ. . .

ကမ်းခြေနှင့် မဝေးလှသောနေရာများတွင် ပင်လယ် ထွက်ပြီး ငါးရှာသူတို့ စုဝေးနေထိုင်သော ရွာစုကလေးများ ရှိ သည်။

မော်တင်စွန်းဘုရား ရှိသော ကုန်းတော်၏မြောက်ပိုင်း





ဘက်မှာ ခမောက်မော်ကဲ့သို့ ရွာစုများ ရှိပြီး အခြားနေရာများမှာ တော့ သိပ်မရှိလှပေ။

ယခု ချောင်းသာကမ်းခြေ အပန်းဖြေစခန်း ပြုလုပ်ထား သောနေရာတစ်ဝိုက်မှာလည်း ကျေးရွာငယ်ကလေးများ ရှိပြီး ငွေသောင်ယံကျေးရွာမှ ရွာကြီးတစ်ရွာဖြစ်သည်။

ချောင်းသာဟိုတယ်များ ဆောက်ထားသော ကမ်းရိုး တန်းတစ်လျှောက်မှာတော့ ဒီရေသစ်တောများ၊ အုန်းတောများ နှင့် ကျေးရွာငယ်ကလေးများ ရှိလေသည်။

ထိုအချိန်က လမ်းပန်းဆက်သွယ်မှုမှာ ယခုကဲ့သို့ မ ကောင်းလှပေ။

ပုသိမ်ရောက်အောင် ကုန်းလမ်းခရီးမှသွားလျှင် အ နောက်ရိုးမတောင်ကြောကြီးကို ဖြတ်သွားရသောကြောင့် ရက် ပေါင်းများစွာကြာပြီးမှ ရောက်နိုင်လေသည်။

ပင်လယ်ကမ်းခြေတစ်လျှောက် ခမောက်မော်သို့ရောက် အောင်သွားပြီး ထိုမှတဆင့် ကမ်းခြေလမ်းခရီးအတိုင်း လှေဖြင့် သွားလျှင်လည်း ရောက်နိုင်လေသည်။

ကျောက်ပြာသာဒ်ရွာမှ ယခု ချောင်းသာကမ်းခြေ အ ပန်းဖြေစခန်း ပြုလုပ်ထားသောနေရာ၏ မြောက်ဘက်ကမ်းရိုး တန်း တစ်နေရာ၌ ရှိလေသည်။

ထိုအချိန်က ယခု ကမ်းရိုးတန်း အပန်းဖြေစခန်း ပြုလုပ် ထားသောနေရာများမှာ ငါးဖမ်းသူများ စုဝေးနေထိုင်ကြသည့် တဲစုများနှင့် အုန်းတော၊ ဗျူးတောများသာ ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ရေချိုးဆင်းသောနေရာများမှာ ငါးဖမ်းလှေများ ထားသောနေရာများသာဖြစ်ပေသည်။

ကမ်းခြေ၌ ရှိသောရွာများမှာ သောင်စပ်မှာ တည်ထားခြင်းမျိုး မဟုတ်ဘဲ လေဒဏ်မိုးဒဏ်လွတ်သော ချောင်းတွင်းပိုင်း ကုန်းတွင်းပိုင်းများ၌သာ တည်ကြလေသည်။

ထိုအချိန်က စက်လှေများ မရှိသေးဘဲ ပင်လယ်ထွက်လျှင် ရွက်နှင့် လှော်တက် ခတ်တက်များ အသုံးပြုသော သာမန်လှေများကိုသာ အသုံးပြုကြလေသည်။

ပင်လယ်ထွက်လျှင်ထွက်၊ မထွက်သည့်အခါ လှေများကို သောင်ပြင်ပေါ် ဆွဲတင်ထားကြသည်။

ကတ္တူလှေများကိုတော့ လှိုင်းလွတ်သော ချောင်းများအတွင်း ထည့်ထားကြသည်။

ပင်လယ်ကမ်းခြေ၌ နေကြသူအများစုမှာ လေမိုးပြင်းထန်လျှင် ဝင်ရောက်ခိုနားနိုင်သော လှေများထားရန် ချောင်းများရှိသောနေရာများ၌သာ အနေများကြလေသည်။

ကျောက်ပြာသာဒ်ရွာတည်သောနေရာမှာ ကမ်းခြေနှင့် မဝေးလှဘဲ အုန်းတောနှင့် သစ်တောများ ထူထပ်စွာ ရှိသောနေရာလည်းဖြစ်သည်။

ပင်လယ်ကမ်းတစ်လျှောက် အလျားလိုက် ရွာတည်ထားခြင်းဖြစ်ပြီး ရွာအနောက်ဘက်မှာတော့ တောင်ကုန်းတောင်တန်းများနှင့် သစ်တောကြီးများ ရှိလေသည်။

ထိုနေရာသည် ရခိုင်ရိုးမတောင်ဟုခေါ်သည့် အနောက်





ဦး တောင်တန်း၏ တောင်နှာမောင်း ဆင်းရာလည်း ဖြစ်သည်။

ကျောက်ပြာသာဒ်ရွာမှာ အိမ်ခြေအတော်များပြီး သူကြီး အုပ်ချုပ်သောရွာလည်း ဖြစ်သည်။

ကျောက်ပြာသာဒ် ရွာသူကြီးမှာ စံနက်ကျော်ဖြစ်သည်။ စံနက်ကျော်မှာ အသက်လေးဆယ်ကျော်အရွယ်ခန့်သာ ရှိသေးပြီး မျက်နှာဖြူများနှင့် ဆက်ဆံရေးကောင်းသူဖြစ်သဖြင့် အသက်ငယ်ငယ်နှင့် သူကြီးရာထူး ရထားသူဖြစ်သည်။

ရင်းအနေနှင့် ကျောက်ပြာသာဒ်ရွာသာမက ထိုနေရာတစ်ဝိုက်မှာ ရှိသော ကျေးရွာများပါ အုပ်ချုပ်ရသည့် တိုက်နယ်သူကြီးလည်းဖြစ်သည်။

နီမောင်မှာ ကျောက်ပြာသာဒ်ရွာမှာ နေထိုင်သူတစ်ဦးဖြစ်သည်။

ရင်းမှာ မိဘနှစ်ပါးရှိပြီး အသက်အရွယ်ရနေပြီဖြစ်သော မိဘများကိုလည်း လုပ်ကိုင်ကျွေးမွေးနေသူလည်းဖြစ်သည်။

နီမောင်မှာ အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး ပင်လယ်ပြင်နှင့် ပတ်သက်သည့်အလုပ်များကို ကျွမ်းကျင်သူတစ်ဦးလည်းဖြစ်သည်။

ယခင်က အခြားသူများ ပိုင်သော ကတ္တူလှေတွင် အခစားလိုက်ရပြီး ရသမျှပိုက်ဆံကို စုဆောင်းထားသည်။

အတော်အတန် စုမိသောအခါ သင့်တော်သောလှေတစ်စင်းကို ဝယ်သည်။

ပိုက်အဟောင်းတစ်ခုကိုပါ ဝယ်ပြီး ပြုပြင်ဖာထေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေနှင့်ပိုက်ရသောအခါ အခြားသူများထံမှာ အခစား မလိုက်တော့ဘဲ ကိုယ့်ဘာသာ လုပ်ကိုင်လေသည်။

သူ၏လှေမှာ သာမန်လှေတစ်စင်းဖြစ်သောကြောင့် ကမ်းဝေးနေရာများသို့ သွားလာ၍မရပေ။ ကမ်းနှင့်နီးသောနေရာများလောက်သာ ထွက်ဝံ့သည်။ လှော်တက်၊ ခတ်တက်နှင့် ရွက်ကိုသာ အသုံးပြုပြီး သွားလာရသောကြောင့် အရဲစွန့်ပြီး ကမ်းဝေးနေရာများ ထွက်မိပါက လေကြောင့် ရေကြောင့် အဆင်မသင့်လျှင် ဒုက္ခရောက်နိုင်လေသည်။

သို့ကြောင့် ကမ်းခြေနှင့် အနီးဆုံးနေရာများဖြစ်သော သဲဖြူကျွန်း၊ လိပ်ကျွန်း နေရာများလောက်သာ သွားလာလုပ်ကိုင်ဝံ့လေသည်။

သဲဖြူကျွန်းမှာ ရှိသော သောင်ပြင်များ၌ ရှိသည့်သဲများမှာ အဖြူရောင်များဖြစ်သဖြင့် သဲဖြူကျွန်းဟု ခေါ်ကြပြီး ယခင်က လိပ်ကျွန်းသောင်ပြင်များပေါ်မှာ ပင်လယ်လိပ်များ ရှိကြလေသည်။

ထို့ကြောင့်လည်း အလွယ်တကူ လိပ်ကျွန်းဟုပင် အမည်ပေးထားကြခြင်း ဖြစ်ပေသည်။

ရှေးအခါက ထိုသောင်ပေါ်မှာရှိသော ပင်လယ်လိပ်များကို ဖမ်းဆီးခြင်း မပြုကြဘဲ သောင်ပြင်ပေါ်မှာရှိသော လိပ်ဥများကိုသာ တူးဖော်ယူကြလေသည်။

ယခင်က လိပ်များကို ဖမ်းဆီးခြင်း မပြုကြသဖြင့် လိပ်ဥများ မြောက်မြားစွာရကြသည်။





ယခုတော့ လိပ်ဥသာမက ဥချသည့်လိပ်များကိုပါ ဖမ်းဆီးသတ်ဖြတ်ကြသောကြောင့် သောင်ပြင်ပေါ်မှာ လိပ်လည်းမရှိတော့ လိပ်ဥလည်း မရကြတော့ပေ။

နီမောင်က တစ်ယောက်တည်းလည်းဖြစ် အသုံးပြုသော ပိုက်ကလည်း သေးသောကြောင့် ကမ်းခြေနှင့် ဝေးသောနေရာများသို့ မသွားဘဲ သဲဖြူကျွန်း၊ လိပ်ကျွန်း စသောကျွန်းများရှိသောနေရာလောက်သာ သွားလာလုပ်ကိုင်လေသည်။

သူသည် ငါးဖမ်းကျွမ်းကျင်ရုံမက ပုလဲရနိုင်သော ကမာကောင် ငုပ်သောအလုပ်ကိုပါ လုပ်ကိုင်နိုင်သူဖြစ်လေသည်။

ကမာကောင်ငုပ်သောအလုပ်မှာ အန္တရာယ်များပြီး ရေငုပ်ကျွမ်းကျင်သူတို့သာ လုပ်နိုင်သဖြင့် တော်ရုံလူတို့ မလုပ်နိုင်ပေ။

ကမာကောင်အတွင်းမှ ပုလဲလုံးများ ရလျှင် စုထားပြီး ရွာသို့ ကုန်သည်များ ရောက်လာသည့်အခါနှင့် ကြုံလျှင် ရောင်းချလေ့ရှိသည်။

တစ်နေ့တွင် လှေပေါ်၌ အိပ်ပျော်နေစဉ် သူ့ကို တစ်စုံတစ်ယောက်က လာပုတ်နှိုးသဖြင့် လန့်နိုးသွားလေသည်။

ကြည့်လိုက်တော့ လှေဦးပိုင်းမှာ ထိုင်နေသောသူတစ်ယောက်ကို တွေ့ရသဖြင့် လန့်သွားလေသည်။

ပင်လယ်ထဲမှာ ပိုက်ချထားပြီး အိပ်ပျော်သွားစဉ် သူ့လှေပေါ်သို့ လူတစ်ယောက် ရောက်နေခြင်းဖြစ်လေသည်။

"ခင်ဗျား ဘယ်သူလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက အရေးမကြီးပါဘူးကွာ၊ အရေးကြီးတာက မင်းပိုက်ထဲမှာ မိနေတဲ့ ငါ့ညီမကို လွှတ်ပေးပါ"

"ပင်လယ်ထဲမှာ ပိုက်ချထားတာ သူက ဘယ်လိုဖြစ်ပြီး ပိုက်ထဲ ရောက်တာလဲဟင်"

"နောက်တော့မှ မေးပါကွာ၊ သူ့ကိုသာ အရင်လွှတ်ပေးပါ"

လှေဦးမှာ ထိုင်နေသူက အမိန့်ပေးသော လေသံမျိုးဖြင့် ပြောလိုက်သဖြင့် နီမောင်လည်း ဆက်မမေးသာတော့ပေ။

အချိန်က ညဥ့်ဦးပိုင်းအချိန်ဖြစ်သည်။

ကောင်းကင်ပြင်မှာ လရောင်ရှိသောကြောင့် ပင်လယ်ရေပြင်ပေါ်မှာ အလင်းရောင်အချို့တော့ ရှိနေလေသည်။

နီမောင်က ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ရေထဲ ချထားသော ပိုက်ကို ပြန်ဆွဲတင်သည်။

တစ်စုံတစ်ခု မိနေပြီး လေးလွန်းနေသောကြောင့် တော်တော်နှင့် ဆွဲယူ၍မရပေ။

အားစိုက်ဆွဲကြည့်တော့လည်း မပါလာပေ။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဓားကို ခါးကြားမှာ ထိုးပြီး ရေထဲသို့ ခုန်ဆင်းလိုက်လေသည်။

နွေရာသီဖြစ်သောကြောင့် ရေက ပူနွေးနေပြီး ကြည်လင်လှသည်။

ဆားငန်ရေများမှာလည်း ပါးစပ်တွင်းသို့ ဝင်သွားလျှင် တူးခါးနေသည်အထိ ငန်လှသည်။





သူသည် ကမာကောင် ငုပ်နေကျဖြစ်သောကြောင့် ရေအောက်မှာ အချိန်အတော်ကြာသည်အထိနေနိုင်ပြီး အတော်ဝေးဝေးကိုပင် လှမ်းမြင်နိုင်သည်။

ရေအောက်ရောက်သွားပြီး အခြေအနေကို ကြည့်လိုက်သောအခါ ပိုက်များနှင့် လူတစ်ယောက် ငြိနေသည်ကို တွေ့ရသည်။

ရှည်လျားသောဆံပင်များက ရေထဲမှာ လွင့်မျောနေသည်ကို မြင်ရသဖြင့် အမျိုးသမီးတစ်ယောက်မှန်းတော့ သိလေသည်။

ထိုအမျိုးသမီးမှာ အဝတ်အစားမပါဘဲနှင့် ဆံပင်ရှည်များက ကိုယ်လုံးပေါ်သို့ ပတ်ပြီး ဖုံးကွယ်ထားလေသည်။

သူမသည် ပိုက်ဖြင့် ငြိနေသော်လည်း သတိမေ့နေခြင်းမရှိဘဲ လွတ်အောင် ရုန်းဖယ်နေသည်။

သို့သော် ငါးဖမ်းသောပိုက်များမှာ ငြိမိလျှင် ဖြုတ်မရဘဲ ရုန်းလေ ပတ်မိလေ ဖြစ်နေသည်။

နီမောင်အနေဖြင့်လည်း ရေအောက်မှာ အချိန်အကြာကြီး မနေနိုင်သဖြင့် ထွေထွေထူးထူး စဉ်းစားနေချိန် မရတော့ပေ။

လူတစ်ယောက် အသက်ရှင်ဖို့ရန်သာ အရေးကြီးသောကြောင့် ပါလာသောဓါးကို ယူပြီး အမျိုးသမီးကို ရစ်ပတ်နေသည့် ပိုက်ကြိုးများ ဖြတ်တောက်ပစ်လိုက်တော့သည်။

ထိုအခါမှ ပိုက်ငြိနေသော အမျိုးသမီးမှာ လွတ်မြောက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။

သူမသည် ပိုက်ထဲမှ လွတ်သည်နှင့် ရေပြင်ပေါ်သို့ တက်ရမည့်အစား ရေအောက်သို့ ငုပ်ဆင်းသွားလေသည်။

ရေလှိုင်းများ လှုပ်ခတ်သွားသောကြောင့် သဲသဲကွဲကွဲ မမြင်လိုက်ရသော်လည်း ထူးဆန်းသောမြင်ကွင်းကိုတော့ ဝိုးတဝါး တွေ့မြင်လိုက်ရသည်။

အခြားမဟုတ်ပေ။

ကြီးမားသော ငါးအမြီးပိုင်းကြီးပင်ဖြစ်ပေတော့သည်။







# အခန်း(၄)

# သူသာန်စောင့် ပေတလူ

နီမောင်က တအံ့တသြဖြစ်ကာ ရေမျက်နှာပြင်ပေါ်သို့ ပြန်တက်လာသောအခါ လှေပေါ်မှာ စောစောက ထိုင်နေသော သူကို မတွေ့ရတော့ပေ။

"ဟင်. . . စောစောကလူ ဘယ်ရောက်သွားပြီလဲ"

လှေပေါ်သို့ ပြန်တက်ပြီး ဟိုဟိုဒီဒီ ကြည့်တော့လည်း အရိပ်အယောင်ကိုမှ မတွေ့ရတော့ပေ။

ထို့နောက် ရေထဲ ချထားသော မိမိပိုက်များကို လှေပေါ်သို့ တဖြည်းဖြည်း ပြန်ဆွဲတင်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဓါးဖြင့် လှီးဖြတ်ထားသောကြောင့် အစိတ်စိတ်အမွှာမွှာ ကွဲပြတ်နေသော ပိုက်သားများသာ ပါလာပြီး ငါးတစ်ကောင်မှ မပါတော့ပေ။

သို့ကြောင့် စိတ်ပျက်ပျက်ဖြင့် ကမ်းခြေဘက်သို့ ပြန်လာလေသည်။

ရေစီးအတိုင်း တဖြည်းဖြည်းနှင့် မျှောလာရင်း ပတ်ဝန်းကျင်ကို ကြည့်တော့လည်း စောစောက မြင်လိုက်ရသော အမျိုးသမီးကိုသော်လည်းကောင်း၊ လှေပေါ်မှာ ထိုင်နေသူကိုသော်လည်းကောင်း မတွေ့ရတော့ပေ။

ရွာသို့ ပြန်ရောက်ပြီး နောက်တစ်နေ့မှာတော့ နီမောင်တစ်ယောက် အလုပ်မဆင်းနိုင်တော့ပေ။

အဘယ့်ကြောင့်ဆိုသော် . . .

သူ့ပိုက်တစ်ခုလုံး ဓားချက်များကြောင့် ရစရာ မရှိအောင် အစိတ်စိတ် အမွှာမွှာ ကွဲနေသောကြောင့်ဖြစ်သည်။

"အင်း . . . ပိုက်တွေ ကွဲထွက်နေတာ မနည်းပါလား၊ ငါလည်း ဟိုအမျိုးသမီး အသက်သေမှာစိုးလို့ အားလုံးခွဲပစ်လိုက်မိတယ်၊ ဒီပုံအတိုင်းဆိုရင်တော့ နောက်ထပ် နှစ်ရက်သုံးရက်ကြာအောင် အလုပ်ဆင်းနိုင်မှာ မဟုတ်တော့ဘူး၊ ဘယ်တတ်နိုင်ပါ့မလဲလေ၊

လူတစ်ယောက် အသက်ရှင်ဖို့ထက်တော့ ဘာမှပိုပြီး အရေးမကြီးပါဘူး၊

ငါအလုပ်ပျက်တယ်ဆိုပေမယ့် သူများအသက်ကို ကယ်





ရတာ ကုသိုလ်ရပါတယ်"

ဟု စိတ်ထဲမှာ ဖြေသာသလို တွေးနေမိသည်။

ညနေပိုင်းအချိန်ရောက်သောအခါ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ရောက်လာကြသည်။

ညနေပိုင်းအချိန် အလုပ်ဆင်းရန်အတွက် လာရောက်ခေါ်ကြခြင်းဖြစ်သည်။

"နီမောင်ရေ . . . အလုပ်သွားရအောင်ဟေ့"

"မင်းတို့ပဲ သွားကြတော့ကွာ၊ ငါတော့ မလိုက်နိုင်တော့ဘူး"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ညက ပိုက်အတော်ပြဲသွားတယ်ကွ၊ တစ်ရက်နှစ်ရက်လောက် ကြာအောင် ဖာရမယ်ထင်တယ်"

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က ပေါက်ပြဲနေသော ပိုက်အခြေအနေကို ကြည့်ပြီး အံ့သြနေကြလေသည်။

"မနည်းပါလား . . . မဟုတ်မှလွဲရော ညက မင်းပိုက်ထဲကို ဝေလငါးတစ်ကောင် ဝင်တိုးသွားပြီနဲ့တူတယ်"

"ဒါမှမဟုတ်ရင်လည်း အတော်ကြီးတဲ့ ပင်လယ်ငါးကြီးတစ်ကောင် တိုးသွားတာပဲ ဖြစ်မှာပေါ့၊ ဟုတ်လား နီမောင်"

သူတို့နှစ်ယောက် မေးလာသောအခါ ပထမတော့ အမှန်အတိုင်း ပြောပြလိုက်မည်ဟု စိတ်ကူးမိသေးသည်။

သို့သော်လည်း မိမိပြောလည်း ယုံကြည်ကြမှာ မဟုတ်သောကြောင့် မပြောဘဲ နေလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း မင်းမလိုက်နိုင်ရင်လည်း နေခဲ့ပေတော့။ ငါတို့ သွားတော့မယ်၊ မနက်ဖြန်ရောက်တော့မှပဲ မင်းပိုက်ကို ကူပြီး လာဖာပေးမယ်"

"အေးပါကွာ"

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်မှာ ပြန်ထွက်သွားကြလေသည်။

၎င်းတို့နှစ်ယောက်မှာ သူနှင့် ဘာမှမတော်စပ်ကြသော်လည်း ညီအစ်ကိုတမျှ ခင်မင်နေကြသူများဖြစ်သည်။

အသက်အရွယ်ချင်းကလည်း သိပ်မကွာလှဘဲ သွားအတူ လာအတူတူ အလုပ်ဆင်းလျှင်လည်း အတူတူပင်ဖြစ်ကြသည်။ ထို့ပြင် တစ်ယောက်အကြောင်းရှိပါက တစ်ဦးက ကိုယ်ရောစိတ်ပါ ကူညီပေးကြသည်။

စောထီးနှင့်ငမဲအောင်တို့ ထွက်သွားသောအခါ ညနေပိုင်းအချိန် ရောက်နေပေပြီ။

သူတို့ နေသောနေရာမှာ ပင်လယ်ကမ်းခြေနှင့်လည်း မဝေးလှသော ချောင်းကမ်းပါတစ်နေရာ၌ဖြစ်သည်။

ထိုနေရာမှ လှမ်းကြည့်လျှင် ကမ်းစပ်မှာရှိသော ကျောက်တုံးကျောက်ဆောင်များကို လှမ်းမြင်နိုင်လေသည်။

နီမောင်က ပိုက်ဖာနေရင်းမှ ညက ကြုံတွေ့ခဲ့ရသော အကြောင်းများကို ပြန်လည်စဉ်းစားနေမိသည်။

လှေပေါ်သို့ ထူးဆန်းစွာ ရောက်လာပြီး ထူးဆန်းစွာ ပြန်ပျောက်သွားသောလူနှင့် ရေအောက်မှာ တွေ့လိုက်ရသည့်





အမျိုးသမီးအကြောင်းက သူ့အတွေးထဲသို့ အထပ်ထပ် ဝင်နေလေတော့သည်။

ထိုအခိုက်မှာပင် သူ့အနောက်မှ ခြေသံကြားရသဖြင့် လှည့်ကြည့်လိုက်သည်။

အစိမ်းရောင်ပဝါတစ်ထည်ကို ဦးခေါင်းပေါ်မှာ တင်ထားသည့် အမျိုးသမီးတစ်ဦးကို တွေ့ရသည်။

သူမက တောထဲမှ ထွက်လာဟန်ရှိပြီး နီမောင်ရှိသောနေရာဘက်သို့ လျှောက်လာသည်။

အနားရောက်တော့မှ ဦးခေါင်းပေါ်မှာ တင်ထားသည့် ပဝါကိုဖယ်လိုက်သည်။

"ဟင်"

နီမောင်စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားလေသည်။

ထိုအမျိုးသမီး၏မျက်နှာကို တစ်နေရာမှာ တွေ့မြင်ဖူးသည်ဟု စိတ်ထဲမှာ ထင်လိုက်မိသည်။

"ရှင် ကျွန်မကို မမှတ်မိဘူးလား"

"ဟို. . . အဲ. . အဲ. . ."

အမျိုးသမီးက တစ်ချက်ပြုံးကာ ဦးခေါင်းပေါ်မှာ ထုံးထားသောဆံပင်ကို ဖြေချလိုက်သည်။

ပင်လယ်ဘက်မှ လေတိုက်နေသောကြောင့် ဆံပင်ရှည်တို့က သူမကိုယ်ပေါ်သို့ ရစ်ပတ်သွားကြလေသည်။

ထိုအခါမှ သတိရသွားသည်။

"ဟင်. . . ခင်ဗျား ညက ရေအောက်မှာ ပိုက်ငြိနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး မဟုတ်လား"

သူမက ခေါင်းညိတ်ပြသည်။

"အေးဗျာ. . ခင်ဗျားအသက်ဘေးအန္တရာယ်က လွတ်သွားတာ ဝမ်းသာစရာပါပဲ၊ ဒါထက် ညက ခင်ဗျားနဲ့ အဖော်တစ်ယောက် ပါလာသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်. . . ကျွန်မအစ်ကိုပါ"

"ကျွန်တော်ပြန်တက်လာတော့ သူ့ကို မတွေ့ရတော့ဘူး. . . ဘယ်ရောက်သွားတာလဲဟင်"

"သူ့နေရာ ပြန်သွားတာပါ"

နီမောင်က ဆက်မမေးသာတော့ပေ။

"ရှင် ဒီကနေ့ အလုပ်မဆင်းဘူးလား"

"အေးဗျာ. . . ညက ပိုက်တွေကို ဓားနဲ့ ဖြတ်ပစ်လိုက်တာ များသွားလို့ မဆင်းနိုင်တော့ပါဘူး၊ ဒါတွေပြီးအောင် ဖာဖို့နှစ်ရက်သုံးရက်တော့ ကြာဦးမှာပေါ့"

"ကျွန်မအတွက်ကြောင့် ဖြစ်ရတာ စိတ်မကောင်းပါဘူး၊ ဒီအတွက် အလျော်ပေးရအောင် လာတာပါ"

"အာ. . . မပေးပါနဲ့ဗျာ၊ ရပါတယ်. . . ကျွန်တော့်ပိုက်တွေကလည်း အတော်ကလေး ဟောင်းနေပါပြီ"

"ဘယ်ဟုတ်မလဲ. . . ရှင်က ကျွန်မအသက်ကို ကယ်ပေးခဲ့တော့ ကျွန်မကလည်း ကျေးဇူးဆပ်တဲ့အနေနဲ့ ရှင့်ကို တစ်လှည့်ပြန်ပြီး အကူအညီပေးရမှာပေါ့"

ဟု ပြောပြီး ပဝါဖြင့် ထုပ်ယူလာသော ရွှေဒင်္ဂါးသုံးပြား





ကို ပေးလေသည်။

"ဟင်. . ."

နီမောင်ခမျာ သူ့တစ်သက်မှာ တစ်ခါမှ မမြင်ဖူး မတွေ့ဖူးသော ရွှေဒင်္ဂါးများကို တွေ့မြင်ရသဖြင့် များစွာအံ့သြသွားမိလေသည်။

"ဒါ. . ဒါ. . ရွှေဒင်္ဂါးပြားတွေလားဟင်"

"ဟုတ်ပါတယ်"

"ဒီလောက်တန်ဖိုးကြီးတာတွေတော့ မယူပါရစေနဲ့ဗျာ၊ ကျွန်တော့်ပိုက်က ဒီလောက်မတန်ပါဘူး"

"ရှင်မယူချင်လည်း ကျွန်မက ပေးခဲ့ရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ ဒါတွေကို ကျွန်မအစ်ကိုက ပေးခိုင်းလိုက်တာဆိုတော့ ပြန်ယူသွားလို့မရဘူး၊ ရော့. . . ယူပါ"

ဟု ပြောပြီး ပေးသဖြင့် နီမောင်လည်း ကတုန်ကယင်ဖြင့် လှမ်းယူလိုက်ရလေသည်။

"ဒါထက် ရှင့်နာမည် ဘယ်သူလဲဟင်"

"နီ. . နီမောင်ပါ"

"ကိုနီမောင်အနေနဲ့ ကျွန်မကို တစ်ခုပဲ ကတိပေးပါ"

"ဘယ်လိုကတိမျိုးလဲဟင်"

"ဒီရွှေဒင်္ဂါးတွေကို ကျွန်မက ပေးသွားတာလို့ ဘယ်သူ့ကိုမှ မပြောပါဘူးဆိုတဲ့ကတိပဲ"

"စိတ်ချပါ. . . ကျွန်တော် ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျွန်မ သွားတော့မယ်"

အမျိုးသမီးက ပဝါကို ဦးခေါင်းပေါ် ပြန်တင်လိုက်သည်။

"ဒါ. . ဒါထက် နေပါဦး၊ ခင်ဗျားက ဘယ်သူလဲဟင်၊ နာမည်ကရော ဘယ်လိုခေါ်သလဲ"

"ကျွန်မနာမည်ကို 'နဒီ' လို့ပဲ မှတ်ထားပါ"

"ဘယ်မှာ နေတာလဲဟင်"

သူမက ဘာမှပြန်မပြောဘဲ ကျောက်တုံးကျောက်ဆောင်များ ထူထပ်စွာ ရှိသော ကမ်းခြေဘက်သို့ လက်ညှိုးထိုးပြလေသည်။

သူမ ညွှန်ပြသောဘက်မှာ တမျှော်တခေါ် ရှည်လျားသော ကမ်းရိုးတန်းများ ရှိသောကြောင့် ဘယ်နေရာမှန်းတော့ မသိရပေ။

ထိုနောက်မှာတော့ နဒီဆိုသောအမျိုးသမီးက သူ့ကို နှုတ်ဆက်ပြီး ကမ်းခြေဘက်သို့ ပြန်ဆင်းသွားလေတော့သည်။ အုန်းပင်များ၊ သစ်ပင်များ ကွယ်နေသောကြောင့် သူမ မည်သည့်နေရာဘက်သို့ ဆင်းသွားသည်ကိုတော့ မမြင်လိုက်ရတော့ပေ။

ထိုနေရာရောက်သောအခါ နီမောင်က စကားကို ရပ်ပြီး ရေတစ်ခွက် သောက်လေသည်။

အနားမှာ ရှိနေကြသည့် ဖိုးသူတော်ကြီးနှင့် ရာဟုတို့မှာ စိတ်ဝင်စားစွာ နားထောင်နေကြသည်။

အချုပ်ခန်းထဲမှာ အခြားသူများ အိပ်ချိန်ရောက်နေပြီ





ဖြစ်သဖြင့် စကားကိုလည်း ကျယ်ကျယ်မပြောဝံ့ကြပေ။

တန်းစီးကဘာမှ မပြောစေကာမူ ပုလိပ်များ လှည့်လာသည်နှင့် ကြုံကာ စကားသံ ကြားသွားပါက အပြစ်ပေးခြင်း ခံကြရမည်။

အချုပ်ခန်းပတ်လည် စင်္ကြံတစ်လျှောက်မှာ မီးအိမ်များ ထွန်းထားပြီး ညဘက်တာဝန်ကျသော ပုလိပ်များက ဖိနပ်သံ တဒေါက်ဒေါက်ဖြင့် ခေါက်တုံ့ခေါက်ပြန် လျှောက်နေကြသည်။

ထို့ကြောင့် စကားကို ရပ်လိုက်ကြပြီး နောက်တစ်နေ့ နံနက်ပိုင်း လူစစ်ပြီးတော့မှ အေးအေးဆေးဆေး စကားပြောခွင့်ရကြလေသည်။

"နီမောင်. . . မင်း ညက ပြောတဲ့ ဇာတ်လမ်းကတော့ အတော်ကလေး စိတ်ဝင်စားဖို့ ကောင်းတယ်ကွ၊ ဒါနဲ့ ဆက်ပါဦး၊ ဒီအချုပ်ထဲကို ဘယ်လိုဘယ်ပုံ ရောက်ခဲ့ရတာလဲ"

ထိုအခါ နီမောင်က ညက ပြတ်သွားသောစကားကို ပြန်ဆက်ပြောသည်။

"သူပေးတဲ့ ရွှေဒင်္ဂါးတစ်ပြားကို ရွာထဲ လာတဲ့လူတွေကို ပြပြီး ရောင်းလိုက်တယ်၊ သူတို့က ဟိုင်းကြီးကျွန်းဘက်က ငါးခြောက်လာဝယ်တဲ့ ကုန်သည်တွေပါ၊ သူတို့က အဲဒီရွှေဒင်္ဂါး မြင်ကတည်းက နောက်ထပ် ရှိသေးတယ်လို့ ထင်နေကြတာ၊ ကျွန်တော့်ကို အမျိုးမျိုးမေးပေမယ့် ကျွန်တော်ကလည်း မပြောဘူး"

ဖိုးသူတော်ကြီးက ခေါင်းညိတ်ပြသည်။

"နောက်တော့ သူကြီးခေါ်လာပြီး အမျိုးမျိုး စစ်ဆေးကြ



www.burmeseclassic.com

www.burmeseclassic.com



တော့တာပါပဲ၊ ကျွန်တော်က မပြောတော့ ပုလိပ်တွေကို အကြောင်းကြားပြီး အခုလို ဖမ်းခေါ်လာကြတော့တာပါပဲ"

"ဒါကတော့ကွာ. . . လောဘကြီးတဲ့လူတွေ အာဏာရလာရင် တိုင်းပြည်မချမ်းသာသလိုမျိုးပေါ့၊ တောထဲမှာ မျှစ်ချိုးစားပြီး စာမတတ် ပေမတတ်တဲ့လူတွေ သူကြီးဖြစ်လာတော့လည်း လုပ်ချင်ရာလုပ်တာ မဆန်းပါဘူး၊ ဒါပေမယ့် မင်းကို ကြာကြာတော့ ဖမ်းချုပ်ထားလို့မရပါဘူး၊ အချိန်တန်ရင်တော့ ပြန်လွှတ်ပေးရမှာပါ"

"ကျွန်တော့်မှာ အပြစ်မရှိဘဲ အခုလို အချုပ်ထဲ ထည့်ထားတာကို မကြောက်ပါဘူး"

ဟု နီမောင်က ပြောသည်။

နောက်တစ်နေ့ နေ့လယ်ပိုင်းအချိန်တွင် ဂါတ်တဲရှေ့သို့ မြင်းလှည်းတစ်စင်း ရောက်လာသည်။

မြင်းလှည်းပေါ်မှ ဖိုးပဝါခေါင်းပေါင်း၊ ရင်ဖုံးအင်္ကျီ၊ ဘန်ကောက်လုံချည် ဝတ်ဆင်ထားသော လူကြီးတစ်ယောက် ဆင်းလာလေသည်။

၎င်းသည် ကတ္တီပါဖိနပ်ကို စီးလျက် ပုသိမ်ထီးကို ချိုင်းကြားမှာ ညှပ်ထားလေသည်။

သူသည် ဆေးပြင်းလိပ်ကြီးကို ခဲလျက် ဂါတ်အတွင်းသို့ ဝင်လာလေသည်။

ပုလိပ်များက မေးသောအခါ ဌာနအုပ်လီမက်နှင့် တွေ့လိုကြောင်း ပြောသဖြင့် လိုက်ပို့ပေးကြလေသည်။





"ဘာကိစ္စရှိလို့ပါလဲ"

လီမက်က မေးသည်။

"ကျုပ်နာမည်က ဦးဇမ္ဗူကျော်လို့ ခေါ်ပါတယ်၊ အလုပ်ကတော့ ပွဲဆောင်ရေးလုပ်ငန်း လုပ်ပါတယ်၊ ဒီမြို့မှာတော့ ကျုပ်ကို မသိတဲ့သူ မရှိသလောက်ပါပဲ"

"ဟုတ်ကဲ့. . . လာတဲ့ကိစ္စကို ပြောပါ၊ ကူညီနိုင်ရင် ကူညီပေးပါ့မယ်"

"ကျုပ်က တိုင်းပုလိပ်မင်းကြီးတွေ ခရိုင်ပုလိပ်မင်းကြီးတွေနဲ့လည်း ခင်မင်ရင်းနှီးပါတယ်၊ ဒီကိုလာတဲ့အကြောင်း ကတော့ ဖိုးသူတော်ကြီးတစ်ယောက်ကို ဖမ်းထားတယ်လို့ သတင်းကြားတာနဲ့ လာပြီးစုံစမ်းတာပါ"

"မှန်ပါတယ်"

"ဘယ်ပုဒ်မနဲ့ ဖမ်းထားတာလဲ"

ထိုစကားကြားသောအခါ လီမက်မှာ မျက်နှာတစ်ချက်ပျက်သွားလေသည်။

"သူ့မှာ ခိုင်လုံတဲ့ပြစ်မှုမျိုး မရှိဘူးဆိုရင်တော့ ကျုပ်ကိုယ်တိုင် အာမခံပေးပြီး ခေါ်သွားချင်ပါတယ်"

"ရပါတယ်. . . ရပါတယ်၊ ခင်ဗျားတို့လို ဂုဏ်သရေရှိတဲ့ မြို့မျက်နှာဖုံး လူကြီးတစ်ယောက်က အာမခံပေးရင် ပြန်လွှတ်ပေးပါ့မယ်"

ဟု ပြောပြီး ချက်ချင်း ပုလိပ်တစ်ယောက်ကို ခေါ်၍ ဖိုးသူတော်ကြီးကို သွားထုတ်ခိုင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ဖိုးသူတော်ကြီး ပါလာလေသည်။

ဦးဇမ္ဗူကျော်ဆိုသောလူကြီးကို မြင်သောအခါ များစွာ အံ့ဩသွားဟန်ရှိလေသည်။

ထို့နောက် သူတို့နှစ်ယောက် တွေ့ဆုံစကားပြော ပြီးနောက် ဂါတ်တဲအတွင်းမှ ပြန်ထွက်ရန် ပြင်ကြရင်းမှ ဦးဇမ္ဗူကျော်က ထပ်ပြောလိုက်သည်။

"ပို့ဆောင်ရေးလုပ်ငန်းပိုင်ရှင် ဦးဇမ္ဗူကျော်ဆိုရင် တစ်မြို့လုံး မသိတဲ့သူ မရှိပါဘူး၊ တကယ်လို့ ကျုပ်နဲ့ ပတ်သက်ပြီး အကူအညီလိုရင် လာခဲ့ပါ. . . အကူအညီပေးပါ့မယ်"

ဟု ပြောဆိုနှုတ်ဆက်ပြီးနောက် ဂါတ်တဲအတွင်းမှ ပြန်ထွက်သွားလာကြသည်။

ခေါ်လာသော မြင်းရထားနှင့်ပင် ပြန်ထွက်ခဲ့ကြပြီး တစ်နေရာရောက်တော့ ဆင်းသည်။

ပြီးနောက် အစားအသောက် ရောင်းချသော ဆိုင်တစ်ဆိုင်မှာ ဝင်ပြီး အစားအသောက်များ မှာကာ နှစ်ယောက်သား စားသောက်ရင်း နှစ်ယောက်သား စကားပြောကြသည်။

"သုသာန်စောင့် ပေတလူကနေ ဘယ်လိုကနေဘယ်လို ဦးဇမ္ဗူကျော်ဘဝ ရောက်သွားရတာလဲ"

"တိုးတိုးပြောပါ. . . တော်ကြာ နံဘေးက လူတွေ ကြားသွားရင် ဆိုင်ထဲက နှင်ထုတ်တာ ခံနေရပါဦးမယ်"

ဖိုးသူတော်ကြီးက သဘောကျစွာ ပြုံးနေလေသည်။

"လောကမှာ ဟန်ဆောင်တတ်ဖို့ အရေးကြီးတယ်၊ ဟန်





ဆောင်တတ်ရင် ဘာမဆို လုပ်လို့ရပါတယ်၊ ကိုယ်က ဟန်ဆောင်နေရလို့ အပြစ်မကင်းဘူးလို့ မထင်နဲ့၊ အားလုံးလည်း နည်းအမျိုးမျိုးနဲ့ ဟန်ဆောင်နေကြတာချည်းပဲ၊ တကယ်လို့ မဟုတ်ဘူးလို့ ငြင်းရင် အဲဒီလူဟာ တစ်ခုခုကို ဖုံးကွယ်ထားတဲ့လူဆိုတာ သိသာတယ်"

"ထားပါတော့. . . 'ပို့ဆောင်ရေးလုပ်ငန်း' ဆိုတာ ဘာကို ပြောတာလဲ"

"ရှင်းရှင်းလေးပါ. . . သေတဲ့လူတွေကို ဒီဘဝကနေ နောက်ဘဝ သွားနိုင်အောင် လုပ်ပေးနေရတာဆိုတော့ ပို့ဆောင်ရေးလုပ်ငန်းဆိုတဲ့နာမည်နဲ့ ပိုပြီးလိုက်တယ် မဟုတ်လား"

ဖိုးသူတော်ကြီးက သဘောကျစွာ ရယ်ရင်း ခေါင်းညိတ်ပြသည်။

"ဒီအဝတ်အစားတွေကရော ဘယ်က ငှားဝတ်လာတာလဲ"

"သုသာန်စောင့်တစ်ယောက်ကို ဘယ်သူက အဝတ်အစားတွေ ငှားမလဲ ဦးသူတော်ရဲ့၊ ဒီအဝတ်အစားတွေက သေတဲ့လူတွေဆီက ယူထားလိုက်တဲ့ အဝတ်အစားတွေပါ၊ အခုလို ဝတ်ဆင်ထားတော့ သူဘရာဇာတစ်ယောက်နဲ့ တူသေးရဲ့လား"

"မတူတော့ပါဘူး ဦးဇမ္ဗူကျော်ရယ်"

ပေတလူက သဘောကျစွာ ရယ်နေသည်။

"အချုပ်ထဲမှာ ရာဟု ကျန်နေသေးတယ်"

"စိတ်မပူပါနဲ့. . . မသက်မှုနဲ့ ဖမ်းထားတာပဲ၊ (၃)ရက်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ရင် ပြန်လွှတ်ပေးလိုက်မှာပါ၊ အချုပ်သား ထမင်းကျွေး
ကန်ထရိုက်တွေက လူပိုတစ်ယောက်ကိုတော့ ရက်အကြာကြီး
ထမင်းမကျွေးကြပါဘူး”

ဟု ပြောဆိုကာ စားသောက်ပြီးသောအခါ နှစ်ယောက်
သား စကားတပြောပြောဖြင့် စားသောက်ဆိုင်အတွင်းမှ မြ
ထွက်ခဲ့ကြလေသည်။







# အခန်း(၅)

# ထန်းပင်ပေါ်မှ မြွေမျက်နှာ

တစ်နေ့သ၌ နီမောင်တို့ နေသောအိမ်သို့ လူတစ်စု ရောက်လာကြလေသည်။

သူကြီးစံနက်ကျော်က ခေါင်းဆောင်လာခြင်းဖြစ်ပြီး ၎င်းနောက်တွင် တပည့်တပန်းများနှင့် မျက်နှာစိမ်း ဧည့်သည်အချို့လည်း ပါလာကြသည်။

ထိုဧည့်သည်များမှာ ဟိုင်းကြီးကျွန်း၊ ခမောက်အော စသောရွာကြီးများသို့ လှည့်လည်သွားလာကာ အရောင်းအဝယ်



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်နေကြသူများဖြစ်ကြသည်။

အိမ်မှာတော့ နီမောင် မိဘများ ဖြစ်သည့် ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့သာ ရှိသည်။

ဦးဘရှိန်မှာ သူကြီးစံနက်ကျော်တို့ လာနေသည်ကို လှမ်းမြင်သော်လည်း အခြားသူများကဲ့သို့ ပျာပျာသလဲ မရှိဘဲ လက်ဖက်ရည်ကြမ်း ထိုင်သောက်နေရာမှ လှမ်းကြည့်နေသည်။

"ကိုင်း. . . ဦးဘရှိန်ရေ၊ ကျုပ် အခုလာတာ တခြား မဟုတ်ဘူးဗျ. . .ခင်ဗျားတို့မိသားစု ကောင်းဖို့အတွက်ပဲဗျ"

ထိုသို့ပြောသော်လည်း ဘာမှ ပြန်မပြောဘဲ ရေနွေးပန်းကန်ကို လက်မှ မချဘဲနှင့် သောက်မြဲ သောက်နေလေသည်။ ပြီးမှ မေးသည်။

"ကျုပ်သား နီမောင်တော့ အပြစ်မရှိဘဲနဲ့ အဖမ်းခံရပြီး နောက်ထပ် ဘာများကျန်သေးလို့လဲ သူကြီးမင်းရဲ့"

"ကျုပ်ကို အထင်မလွဲပါနဲ့ဗျာ၊ ဟောဒီက ညွှီသည်တွေက ခင်ဗျားတို့နဲ့ တွေ့ချင်တယ်ဆိုလို့ လိုက်ပို့ပေးတာပါ"

ဟု စံနက်ကျော်က ပြောသည်။

"ဘာကိစ္စရှိလို့ပါလဲ"

ထိုအခါ ညွှီသည်တစ်ယောက်က ပြောလေသည်။

"ကျုပ်နာမည်က စံသာအောင်လို့ ခေါ်ပါတယ်၊ ဒီကမ်းရိုးတန်းတစ်လျှောက်မှာ ကတ္တူလှေတွေနဲ့ အရောင်းအဝယ် သွားလာနေတာပါ"

"အော်. . . ဟုတ်လား၊ လောလောဆယ်မှာတော့





ကျုပ်တို့မှာ ဘာကုန်ပစ္စည်းမှ ရောင်းဖို့ မရှိသေးပါဘူး"

ဦးဘရှိန်က စကားကို မြန်မြန်ပြတ်စေရန် ပိတ်ပြောလိုက်သည်။

စံသာအောင်ကလည်း ဦးဘရှိန်က ၎င်းတို့ကို မလိုလားမှန်း ရိပ်မိသော်လည်း အလျှော့မပေးဘဲ ၎င်းအိမ်ထဲမှာ ထည့်ယူလာသော ပစ္စည်းတစ်ခုကို ထုတ်ပြသည်။

"ကျုပ်လိုချင်တာက တခြားကုန်ပစ္စည်းတွေ မဟုတ်ပါဘူး. . ဒါမျိုး လိုချင်တာပါ"

၎င်းထုတ်ပြသောပစ္စည်းမှာ အခြားမဟုတ်ပေ။

နီမောင် ရောင်းခဲ့သော ရွှေဒင်္ဂါးတစ်ပြားပင်ဖြစ်သည်။

ဦးဘရှိန်က အံ့ဩဟန်ပင် မပြဘဲ ပြန်ပြောသည်။

"ကျုပ်တို့မှား ဆင်းရဲလွန်းလို့ ပင်လယ်ကမ်းခြေမှာ လာနေပြီး ငါးရှာစားနေတာပါ မောင်ရယ်၊

ဒီလိုရွှေဒင်္ဂါးမျိုး ကိုင်နိုင်ဖို့ ဝေးရော၊ မြင်တောင် မမြင်ဖူးပါဘူး"

"ခင်ဗျားကသာ မသိဘူး ပြောနေတယ်၊ ဒီရွှေဒင်္ဂါးက ခင်ဗျားသား လာရောင်းသွားတာပဲ"

သူကြီးစံနက်ကျော်က ဝင်ပြောလိုက်သည်။

"အဲဒီလိုဆိုရင် ဘယ်က ရတယ်ဆိုတာ သူမှပဲ သိမှာမို့ အချုပ်ထဲမှာသာ သွားမေးကြည့်လိုက်ပါတော့"

ဟု ပြောလိုက်ရာ စံနက်ကျော်တို့လူစုမှာ စကားမဆက်သာတော့ဘဲ ပြန်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်နေရာရောက်သောအခါ ပင်လယ်ကမ်းခြေ နှင့် မနီးမဝေး တောင်ကြောပေါ်မှာ ထန်းပင်အချို့ကို တွေ့ရလေသည်။

ထန်းပင်များမှာ (၁၅)ပင်ခန့်ရှိပြီး တောင်ကြောပေါ်မှာ အတန်းလိုက် ပေါက်နေသောကြောင့် ထန်းတောသဖွယ် ဖြစ်နေလေသည်။

ထိုထန်းတောကို ပိုင်ဆိုင်သူမှာ တာတေဆိုသူဖြစ်သဖြင့် 'တာတေထန်းတော' ဟုခေါ်ကြသည်။

သူကြီးစံနက်ကျော်တို့အဖွဲ့သည် ထန်းတောသို့ ရောက်သောအခါ ထန်းရည်ဝင်သောက်ကြသည်။

"လာဗျို့ . . . ထန်းရည်ဝင်သောက်ရအောင်၊ မြို့မှာလို အရက်မျိုးစုံ မရပေမယ့် ကျုပ်တို့အရပ်မှာတော့ အကောင်းဆုံး သဘာဝက ပေးတဲ့ ယမကာပဲဗျ၊ ဒီမှာ အမြည်းလည်း စုံတယ်"

၎င်းတို့ ဝင်သွားသောအခါ တာတေက ထန်းလက်များ မိုးထားပြီး ဝါးကြမ်းခင်းထားသော တဲတစ်လုံးမှာ နေရာလုပ်ပေးသည်။

အထဲမှာ စားပွဲခုံတစ်လုံးလည်း ရှိသည်။

သူကြီးပါလာသောကြောင့် တာတေက ထန်းရည်အိုးများအပြင် မိန်းမဖြစ်သူ ကြော်ကင်ပေးထားသော အမြည်းများပါ လာချပေးသည်။

ငါးကင်၊ ပုစွန်ကင်၊ ငှက်ကင်၊ ယုန်သားကင်များအပြင် ဖွတ်သားကင် တစ်ပွဲပင် အပိုချပေးသည်။





သူကြီးစံနက်ကျော်နှင့် စံသာအောင်တို့က တဲပေါ်မှာ သောက်ကြပြီး ကျန်လူများကတော့ အောက်မှာ ရှိသည့်ခုံများမှာ ထိုင်သောက်ကြသည်။

ထန်းရည်သောက်ရင်းနှင့် စံသာအောင်က အကျိုးအကြောင်း ပြောပြလေသည်။

"ကျုပ်. . ဘာကြောင့် ဒီရွှေဒင်္ဂါးရဲ့နောက်ကို ခြေရာကောက် လိုက်နေတယ်ဆိုတာ သူကြီးသိရဲ့လား"

"ဘယ်သိမှာလဲ. . . ခင်ဗျားပြောမှပဲ သိမှာပေါ့"

"လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာဝန်းကျင်လောက်က ဒီနေရာတွေကို မြို့စားကြီး ဗညားဇေယျရဲ့အဆက်အနွယ်တွေ လာရောက်နေထိုင်ခဲ့ကြတယ်ဗျ"

"ဗညားဇေယျဆိုတာ ဘယ်သူလဲ"

"ကျုံတုံးမြို့ကို စားရတဲ့ မွန်မြို့စားကြီးပေါ့၊ ဟံသာဝတီမှာ သူ့အရှင်သခင် အရေးနိမ့်တဲ့အချိန်မှာ ရွှေငွေရတနာတွေ၊ နောက်ပါအခြွေအရံတွေနဲ့ ဒီနယ်ဘက်တွေကို ရှောင်တိမ်းလာကြတယ်"

"ပြောပါဦးဗျ"

"ဒီကနေ အရှေ့ဘက်ကို သွားရင် ပြဒ်ဒရယ် သစ်တောကြီးဝိုင်း ရှိတယ်၊ အဲဒီမှာ ရှိတဲ့ မျောက်တစ်ရာ၊ မိန်းမလှကျွန်း၊ မရမ်းချောင်း၊ ကဒုံ၊ ဇရာ၊ အမာ စတဲ့နေရာတွေမှာ မြို့စားကြီးရဲ့အဆက်အနွယ်တွေ နေကြတယ်၊ တချို့လည်း အနောက်ရိုးမတောင်ကိုကျော်ပြီး ပင်လယ်ကမ်းခြေဘက်တွေမှာ လာနေကြ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်"

"ဒီနေရာတွေ ဖြစ်မှာပေါ့"

"မှန်ပါတယ်. . . မြစ်ဝကျွန်းပေါ်ဒေသမှာ လူစုခွဲပြီး နေကြတော့ ဒီနေရာတွေလည်း အပါအဝင်ပေါ့၊ မြို့စားကြီး ဗညားဇေယျ သယ်ဆောင်လာတဲ့ ရွှေငွေရတနာတွေက မနည်းဘူးဗျ၊ မှတ်တမ်းတွေအရဆိုရင် ရွှေလောင်းတစ်စီးတိုက်လောက် ရှိသတဲ့"

"မနည်းပါလား"

"ဟုတ်တယ်. . . အဲဒီရတနာပစ္စည်းတွေဟာ နေရာအနှံ့မှာ လျှို့ဝှက်ပြီး ထားကြတယ်၊ ကျုပ်အထင်ပြောရရင် ဒီဘက်တွေမှာလည်း မွန်မြို့စားကြီး ဗညားဇေယျရဲ့အဆက်အနွယ်တွေ ကျန်ခဲ့သလို သူတို့နဲ့ပါလာတဲ့ ရွှေငွေရတနာတွေ ရှိနေဦးမှာ အမှန်ပဲ"

ထိုစကားကို ကြားသောအခါ စံနက်ကျော်မှာ သောက်လက်စ ထန်းရည်ခွက်ကို အောက်ပြန်ချပြီး ယုန်သားကင်ကို ဝါးရင်း ပိုပြီးစိတ်ဝင်စားသော အမူအရာ ဖြစ်လာသည်။

"ဆက်ပြောပါဦး. . . ဗျ"

"တချို့နေရာတွေမှာ သူတို့ရဲ့အဆက်အသွယ်တွေ အခုအချိန်ထိ ရှိနေကြသေးတယ်ဗျ၊ ရောဘက်က တောက်တာကုန်းဘက်မှာ မွန်အဆက်အသွယ်တွေနေတဲ့ရွာတွေ ရှိသေးတယ်၊ တချို့လည်း သစ်တောတွေထဲမှာ ခြေရာဖျောက်ပြီး နေကြတယ်"





"ခင်ဗျားပြောပုံအရဆိုရင် ဒီနေရာတစ်ဝိုက်တွေမှာလည်း ရှိနေသေးမယ်ထင်တယ်"

"ရှိနိုင်တာပေါ့. . . ဒါပေမယ့် သူတို့က လူတွေနဲ့ အဆက်အသွယ် မလုပ်ဘဲ လျှို့ဝှက်ပြီးနေကြတော့ ဘယ်သူမှ မသိကြတာလည်း ဖြစ်မယ်၊ ခင်ဗျားကို ကျုပ်ပြမယ်"

ဟု ပြောပြီး စံသာအောင်က ၎င်းအိတ်ထဲမှ ရွှေဒင်္ဂါးပြားကို ထုတ်ယူကာ စံနက်ကျော်က ပေးလိုက်သည်။

"အဲဒီဒင်္ဂါးမှာကြည့်ရင် ထူးခြားတာတွေ တွေ့ရလိမ့်မယ်"

ဟု ပြောသဖြင့် စံနက်ကျော်က သေသေချာချာ ကြည့်သည်။

ရွှေဒင်္ဂါးမှာ တစ်ဖက်၌ နေတံဆိပ်ပါပြီး ကျန်တစ်ဖက်မှာ လတံဆိပ် ပါသည်။

နေနှင့်လကို မိကျောင်းနှစ်ကောင်က အမြီးပြန်ခေါင်းပြန် ခွေပတ်ထားပြီး မွန်ဘာသာဖြင့် ရေးထားသည့်စာများ ပါသည်။

အလေးချိန် တစ်ကျပ်သားခန့်ရှိပြီး ရွှေ၏အရည်အသွေးမှာ ကောင်းလှသည်။

"အခုကာလပေါက်ဈေးနဲ့ဆိုရင် ဒီရွှေဒင်္ဂါးတစ်ပြားကို ငွေတစ်ရာလောက် တန်တယ်၊ ကျုပ်သိရသလောက်ဆိုရင် ဒီလို ရွှေဒင်္ဂါးတွေ သူတို့ဆီမှာ အများကြီး ပါလာတယ်ဗျ"

စံသာအောင်က အားရပါးရ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပါလာတာကတော့ ဟုတ်ပါပြီ၊ သူတို့ ဘယ်နေရာမှာ ရှိတယ်ဆိုတာ ဘယ်လိုစုံစမ်းကြမလဲ"

"ဒါကတော့ဗျာ. . လက်ဖက်ကောင်းစားချင် ပလောင်တောင်တက်နှေး ဆိုတဲ့စကားလိုပေ့ါ၊ စိတ်ရှည်လက်ရှည်နဲ့ စုံစမ်းရမှာပေ့ါ၊ အခု. . ဒီမှာ သဲလွန်စ ရထားပြီလေ၊ တကယ်လို့သာ ကျုပ်ထင်တဲ့အတိုင်း အောင်မြင်ရင် ခင်ဗျားရောကျုပ်ပါ ချမ်းသာကြမှာ အသေအချာပဲဗျ"

ဟု ပြောဆိုနေကြလေသည်။

သူကြီးစံနက်ကျော်နှင့် စံသာအောင်တို့မှာ ပထမတော့ လေသံတိုးတိုးဖြင့် ပြောဆိုနေကြသော်လည်း တဖြည်းဖြည်းနှင့် ထန်းရည်မူးလာကြသောအခါ လေသံက တဖြည်းဖြည်း ကျယ်လာသည်။

သူတို့ပြောနေသည့် စကားသံများကို ထန်းတက်သမားတာတေက မနီးမဝေးမှာ အလုပ်လုပ်နေရင်းဖြင့် နားစွင့်နေလေသည်။

ထို့နောက်မှာတော့ သူကြီးစံနက်ကျော်တို့လည်း ထန်းရည်သောက်ပြီး ပြန်သွားကြလေသည်။

ထိုအခါမှ တာတေလည်း အခြားအလုပ်များကို ရပ်ပြီး ထန်းတက်ရန် ပြင်ဆင်လေသည်။

သူသည် လှေခါး၊ မြူအိုး၊ ဓား၊ အစရှိသည်တို့ကို ယူဆောင်ပြီး ထန်းပင်များ ရှိရာသို့ သွားလေသည်။

ထန်းပင်များ ရှိသောနေရာမှာ တဲနှင့် အနည်းငယ် ဝေး





သသည်။

သူသည် ထန်းတက်နေရင်းနှင့် သီချင်းဆိုနေသကဲ့သို့ ရွတ်ဆိုနေတော့သည်။

"မောင်နှမကမ်းခြေ သင်ရှာဖွေ
ရွှေငွေရတနာရလတ္တံ့၊
လောဘကြီးလျှင် ကြမ္မာငင်
ရေပြင် လက်ပစ်ကူးရလတ္တံ့
တရားရှိသူ စိတ်ထားဖြူ
ထိုက်သူနှင့်ပင် တွေ့ရလတ္တံ့. . ."

သူရွတ်ဆိုနေသော စာသားများမှာ ပုသိမ်မြို့ ရပ်ကွက်များအတွင်း လှည့်လည်သွားလာနေသော ဖိုးသူတော်ကြီးတစ်ယောက် ရွတ်ဆိုနေလေ့ရှိသော စာသားများနှင့် တထေရာတည်း တူနေတော့သည်။

ထိုသို့ရွတ်ဆိုရင်း ထန်းပင်ပေါ် တက်သောအခါ မမျှော်လင့်ဘဲ အန္တရာယ်တစ်ခုက ဆီးကြိုနေလေတော့သည်။

ထန်းလက်များကြားမှာ ဝင်ခွေနေသော အစိမ်းရောင်မြွေကြီးတစ်ကောင်က သူ့ကိုယ်ကို ပတ်ထားလိုက်ပြီး မျက်နှာတည့်တည့်မှာ ပါးပျဉ်းထောင်ထားလိုက်သည်။ ထောင်နေသော မြွေပါးပျဉ်းမှာ သူ့မျက်နှာနှင့် နီးကပ်စွာ ရှိနေလေသည်။

တာတေက အနည်းငယ် ထိတ်လန့်သွားပြီး မြွေပါးပျဉ်းနေရာကို စိုက်ကြည့်လိုက်သည်။

ထိုအခါ မြွေပါးပျဉ်းထဲမှာ ပေါ်နေသည့် အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာတစ်ခုကို မြင်တွေ့ရသည်။

"ငါတို့နေတဲ့နေရာကို ရန်သူတွေ ရောက်နေတာ သိပ် ရက်နဲ့ ဘာကြောင့် ဒီလိုစာတွေ ရွှတ်နေတာလဲ"

"ကျွန်တော်မေ့သွားလို့ပါ"

"နောက်ကို အစစအရာရာ သတိရှိပါစေ၊ မကြာခင်မှာ ဒီနေရာကို ငါတို့နဲ့ သက်ဆိုင်သူတွေ ရောက်လာလိမ့်မယ်"

"ကျွန်တော်သိပါတယ်. . . ရွှေဒင်္ဂါးက ဘာကြောင့် သူတို့လက်ထဲ ရောက်နေရတာလဲ"

"အကြောင်းတစ်ခုရှိလို့ ပေးထားတယ်၊ သူတို့လက်ထဲက ရွှေဒင်္ဂါးကို ပြန်လိုချင်ရင် အချိန်မရွေး ပြန်ယူလို့ရတယ်၊ ငါတို့ရဲ့ရည်ရွယ်ချက်ကို နင်သိတယ် မဟုတ်လား"

"နည်းနည်းတော့ သိပါတယ်"

"နောက်ထပ် နှစ်ပေါင်းတစ်ရာလောက်ကြာရင် ဒီကမ်းခြေတစ်လျှောက်မှာ ဒီလိုသဘာဝအတိုင်း တောတွေတောင်တွေ ရှိကြတော့မှာ မဟုတ်ဘူး၊

လူတွေအများကြီး လာရောက်နေတဲ့ မြို့ရွာတွေ ဖြစ်လာကြလိမ့်မယ်၊ အဲဒီလိုဖြစ်မလာခင်မှာ သူတို့ဘာမှ မလုပ်နိုင်တဲ့ ငါတို့အတွက် နေရာရှိနေဖို့ အရေးကြီးတာ နင်သိတယ် မဟုတ်လား"

"သိပါတယ်. . . ဘယ်နေရာကို ရည်စူးထားပါသလဲ"

"ကျောက်ညီနောင်ရှိတဲ့ အင်ူစွန်းနေရာဟာ ငါတို့နဲ့ သင့်တော်တဲ့နေရာပဲ၊ အဲဒီနေရာမှာ စေတီတော်တစ်ဆူ တည်ရမယ်၊





ကျောက်ညီနောင်အင်ူစွန်းကို ငါတို့မောင်နှမအတွက် ကျောက်မောင်နှမဆိုပြီး အမည်ပေးကြရမယ်"

"ကောင်းပါပြီ"

"ငါတို့နဲ့ ပဋ္ဌာန်းဆက် ရှိတဲ့လူတွေ ရောက်လာရင် နင်မတ်နိုင်သမျှ အကူအညီပေးရမယ်. . . ကြားရဲ့လား"

"စိတ်ချပါ"

ထိုသို့ပြောလိုက်သည်နှင့် မြွေပါးပျဉ်းပေါ်မှာ ခပ်ရေးရေး ပေါ်နေသော အမျိုးသမီးမျက်နှာက တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားလေသည်။

မရှေးမနှောင်းမှာပင် သူ့ကိုယ်ပေါ်မှာ ပတ်ထားသော မြွေကြီးလည်း ပျောက်သွားလေတော့သည်။

ထိုအခါမှ တာတေလည်း ရင်းပြုလုပ်ရမည့် ထန်းလှီးခြင်း၊ ထန်းရည်အိုးခံခြင်းများကို ပြုလုပ်ပြီးနောက် ထန်းပင်ပေါ်မှ ပြန်ဆင်းလာသည်။

ထန်းပင်အောက် ရောက်တော့ စောစောက ချထားခဲ့သော အိုးအလွတ်များထဲမှာ ထန်းရည်များ အပြည့်ရောက်နေသည်ကို တွေ့မြင်ရသည်။

ထိုကဲ့သို့ တွေ့မြင်ရခြင်းမှာလည်း သူ့အတွက်တော့ အထူးအဆန်း မဟုတ်တော့ပါချေ။

"အင်း. . . ထန်းသမား စားဖို့ ထန်းနို့က အလိုလို ထွက်ပေးရသလို ငါလိုလူ စားဖို့ကျတော့လည်း ထန်းရည်အိုးထဲ ထန်းရည်က အလိုလို ဖြည့်ပေးရတာပါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရင်း ရေရွတ်ရင်း လေကလေး ချွန်ကာ. . ထန်းရည်အိုးများကို ဆွဲပြီး တဲဘက်သို့ ပြန်သွားလေတော့သည်။







# အခန်း(၆)

# နာနာဘာဝတို့၏ မာယာကျော့ကွင်း

သူကြီးစံနက်ကျော် နေထိုင်သောအိမ်မှာ ကျောက်ပြာသာဒ်ရွာအနောက်ပိုင်းတွင် ရှိသည်။

သူ့အိမ်ကို တောတွင်းမှ ပျဉ်းကတိုးပင်များကို စိတ်ကြိုက်ခုတ်လှဲပြီး ခွဲစိတ်ကာ ဆောက်ထားခြင်းဖြစ်သောကြောင့် များစွာတောင့်တင်းလှသည်။

ပျဉ်ခင်း၊ ပျဉ်ကာထားကာ အမိုးကို တောဓနိပျစ်များ ခပ်စိပ်စိပ် မိုးထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ခြေတံရှည်အိမ်အမျိုးအစားဖြစ်ပြီး အပေါ်ထပ်မှာ မိသားစုများနေ၍ အောက်ထပ်တွင် ဧည့်သည်များရောက်လာပါက ဧည့်ခံလေသည်။

ယခုလည်း ရပ်ဝေးမှ ရောက်လာသော ဧည့်သည်များကို အိမ်အောက်ထပ်တွင် နေရာပေးထားပြီး လိုလေသေးမရှိအောင် ဧည့်ခံကျွေးမွေးထားသည်။

ညအချိန်ရောက်သောအခါ အိမ်အောက်ထပ်မှာ အောက်လင်းဓါတ်မီးတစ်လုံး ထွန်းပေးထားသောကြောင့် ခြံဝန်းအတွင်းမှာ ချပေးထားသည့် ခုံတန်းလျားများပေါ်မှာ ထွက်ထိုင်နေကြသည်။

ထို့ပြင် စံနက်ကျော်က ညဉ့်ဦးပိုင်းအချိန်တွင် ဓာတ်စက်ဖြင့် သီချင်း၊ ဇာတ်ထုပ်များ ဖွင့်ပေးထားသောကြောင့် ဧည့်သည်များမှာ သဘောအကျကြီး ကျနေတော့သည်။

လက်ဖက်ရည်ကြမ်းသောက်သူကသောက်၊ အရက်သောက်သူကသောက်နှင့် အေးအေးဆေးဆေးနားကြသည်။

သူကြီးစံနက်ကျော်နှင့် စံသာအောင်တို့ကတော့ အိမ်အပေါ်ထပ်တွင် အရက်သောက်ရင်း လုပ်ငန်းအကြောင်းများ စကားပြောဆိုနေကြလေသည်။

အချိန်က ညဉ့်ဦးပိုင်းအချိန်ဖြစ်သောကြောင့် အမှောင်ရိပ်များ သမ်းနေပြီဖြစ်သော်လည်း ဝိုးတဝါးတော့ မြင်နိုင်သေးသည်။

ထိုအချိန်မှာပင် ခြံဝန်းအတွင်းသို့ လူနှစ်ယောက် ဝင်





လာလေသည်။

ယောကျ်ားတစ်ယောက် မိန်းမတစ်ယောက်ဖြစ်သည်။ ယောကျ်ားက အသက်(၃၀)ပတ်ဝန်းကျင်ခန့်ရှိပြီး ကျန်အမျိုးသမီးကတော့ အသက်(၂၀)ပတ်ဝန်းကျင်အရွယ်ခန့်သာ ရှိလေသည်။

ဝတ်ဆင်ထားသော အဝတ်အစားတို့မှာ သာမန်ဖြစ်ပြီး ယောကျ်ားက ခမောက်တစ်လုံးကို ဆောင်းထားကာ မိန်းမက ဝါတစ်ထည်ကို ဦးခေါင်းပေါ် တင်ထားသည်။

၎င်းတို့မှာ ခရီးဝေးမှ လာခဲ့ကြဟန်ဖြင့် ပင်ပန်းနွမ်းနယ်နေကြပုံလည်း ရသည်။

"ဒါ သူကြီးအိမ် ဟုတ်ပါသလားဗျာ"

အမျိုးသားက မေးသဖြင့် အောက်ထပ်မှာ စကားပြောနေသောအသံများ တိတ်သွားပြီးနောက် တစ်ယောက်က ပြန်ပြောသည်။

"ဟုတ်တယ်ဟေ့"

"ကျွန်တော်တို့ သူကြီးမင်းနဲ့ တဆိတ်လောက် တွေ့ချင်ပါတယ်ဗျာ"

ထိုအသံကြောင့် အပေါ်ထပ်မှ စကားပြောနေရာမှထပြီး ပြတင်းပေါက်မှ ရပ်ပြီး စံနက်ကျော်က လှမ်းမေးလိုက်သည်။

"သူကြီးစံနက်ကျော်ဆိုတာ ငါပဲဟေ့. . . ဘာကိစ္စရှိလို့လဲ၊ မင်းတို့ကကော ဘယ်သူတွေလဲ"

"ကျွန်တော်တို့က ရပ်ဝေးက လာကြတဲ့လူတွေပါ"


www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ကျမှ ဘယ်သွားကြမှာလဲ"

"ကျွန်တော်တို့ဆွေမျိုးသားချင်းတွေ နေတဲ့နေရာကို သွားမှာပါ"

"မင်းတို့အမျိုးတွေက ဘယ်မှာနေတာလဲ"

"ဒီနေရာကနေ မဝေးလှပါဘူး၊ ဒီကနေသွားရင် မကြာခင် ရောက်သွားနိုင်ပါတယ်"

ထိုသို့ပြောသဖြင့် သူကြီးစံနက်ကျော်က စိတ်ဝင်စားသောကြောင့် အိမ်အောက်သို့ ဆင်းလာလေသည်။

စံသာအောင်ကပါ နောက်မှ လိုက်လာသည်။

အောက်ရောက်ပြီး နှစ်ယောက်စလုံးကို အကဲခတ်ကြည့်တော့ ၎င်းတို့အရပ်ဒေသမှ မဟုတ်ကြောင်း ရိပ်မိလိုက်သည်။

"မင်းတို့ ဘယ်က လာကြတာလဲ"

"ပျဉ်ဒရယ် နယ်ဘက်ကပါ"

"ဟင်. . . ဒီဘက်မှာ ဘယ်သူတွေ ရှိလို့လဲ"

"ကျွန်တော်တို့ဆွေမျိုးသားချင်းတွေ ရှိပါတယ်"

"ငါတို့လည်း ဒီမှာနေတာ အတော်ကြာပါပြီ၊ သူတို့က ဘယ်ရွာမှာ နေတာလဲ"

"သူတို့က တောထဲမှာပဲ နေကြတာဆိုတော့ တခြားလူတွေက သိပ်မသိကြပါဘူး"

ထိုသို့ပြောသောအခါ စံနက်ကျော်က တစ်စုံတစ်ခုကို တွေးမိသဖြင့် အနားမှာ ရပ်နေသည့် စံသာအောင်ကို တစ်ချက်ငဲ့





ကြည့်လိုက်သည်။

"သွားတာလည်း သွားပေါ့ကွာ၊ ဒါပေမယ့် အချိန်က နည်းနေပြီ. . ဒီအချိန်မျိုးမှာ တောထဲတောင်ထဲ သွားရတာ အန္တရာယ်များလှပါတယ်၊ မင်းတို့ သွားချင်ရင် မနက်လင်းမှပဲ သွားတာ ကောင်းတယ်၊ ဒီတစ်ညတော့ ဒီမှာပဲ တည်းကြပေါ့"

ဟု ပြောလိုက်သည်။

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့က ဒီညပဲ ရောက်အောင်သွားမှ ဖြစ်မှာဆိုတော့ သွားပါရစေ၊ ကျွန်တော်တို့အတွက် အစားအသောက်နဲ့ မီးအိမ်တစ်လုံးလောက် ရရင်တော့ လိုချင်ပါတယ်၊ တန်ဖိုးလည်း ပေးပါ့မယ်၊ ညီမလေး. . . နင့်မှာ ဘယ်လောက်ကျန်သေးလဲ ငါ့ကို ပေးစမ်း"

ဟု ပြောရာ မိန်းကလေးက သူမအိတ်ထဲမှာ ထည့်ထားသော ငွေဒင်္ဂါးတစ်ပြားကို ထုတ်ပေးလေသည်။

ထိုသူက ငွေဒင်္ဂါးကို ယူပြီး သူကြီးလက်ထဲသို့ ထည့်ပေးလိုက်သည်။

စံနက်ကျော်က လက်ထဲ ရောက်လာသော ငွေဒင်္ဂါးကို ကြည့်ပြီး မျက်လုံးပြူးသွားလေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

ထိုငွေဒင်္ဂါးမှာ သူတို့ရထားသော ရွှေဒင်္ဂါးနှင့် အရွယ်အစားရော ပုံသဏ္ဍာန်ပါ တထေရာတည်း တူနေသောကြောင့် ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီငွေဒင်္ဂါးပုံစံက တစ်မျိုးပါလား၊ အခု အင်္ဂလိပ်မင်းတွေထုတ်ထားတဲ့ ငွေဒင်္ဂါးမျိုးနဲ့လည်း မတူပါလား"

စံနက်ကျော် အကဲစမ်းသည့်အနေဖြင့် မေးလိုက်သည်။

"ပုံသဏ္ဌာန်မတူပေမယ့် ငွေသားကတော့ အစစ်ပါပဲ၊ တစ်ကျပ်သားကို တစ်ရွေးသားမှလည်း မလျော့ပါဘူး၊ ဒီငွေဒင်္ဂါးက ကျွန်တော်တို့ ဆွေစဉ်မျိုးဆက်တွေ အသုံးပြုတဲ့ ဒင်္ဂါးမျိုးဖြစ်ပါတယ်"

ဟု ပြောသဖြင့် စံနက်ကျော်လည်း ဘာမှ မပြောသာတော့ဘဲ သူ့လူများကို အစားအသောက်များနှင့် ရေနံဆီထည့်ထားသော မီးအိမ်တစ်လုံးပေးလိုက်ရန် မှာကြားပြီး အိမ်ပေါ်ပြန်တက်သွားလေသည်။

စံသာအောင်ကပါ နောက်က လိုက်လာသဖြင့် အိမ်ပေါ်ရောက်တော့မှ တိုးတိုးတိတ်တိတ် တိုင်ပင်ရသည်။

"စံသာအောင်ရေ. . . ကျုပ်တို့တော့ ဟန်ကျပြီ ထင်တယ်၊ သူတို့ပေးတဲ့ ငွေဒင်္ဂါးက ခင်ဗျားဆီမှာ ရထားတဲ့ ရွှေဒင်္ဂါးနဲ့ တစ်ပုံစံတည်း မဟုတ်လား"

"ဟုတ်တယ်. . နေလပါတာရော မိကျောင်းရုပ်ပါတာရော တစ်ပုံစံတည်းပဲ၊ မဟုတ်ကာမှလွဲရော သူတို့နှစ်ယောက်ဟာ မွန်မြို့စားကြီး ဗညားဇေယျရဲ့ အဆက်အနွယ်တွေပဲ ဖြစ်ရမယ်"

"ဒီလိုဆိုရင် ဟန်ကျပြီပေါ့၊ တောထဲမှာ သူတို့ ဘယ်နေရာမှာ နေကြတယ်ဆိုတာ အရင်သိအောင် စုံစမ်းရမယ်"





"ဒါက လွယ်ပါတယ်၊ အခု သူတို့သွားတာနဲ့ နောက်ကနေ ကျုပ်တပည့်နှစ်ယောက်ကို နောက်ယောင်ခံ လိုက်ကြည့်ခိုင်းလိုက်ရင် ပြီးတာပဲ မဟုတ်လား"

"ဟာ. . . ဒီအကြံကောင်းတယ်ဗျို့၊ ဒါဆိုရင် သူတို့ထွက်သွားတာနဲ့ နောက်က တစ်ပါတည်းသာ ထည့်လိုက်ပေတော့"

ဟု ပြောဆိုတိုင်ပင်နေကြသည်။

ထို့နောက်မှာတော့ ခရီးသွားနှစ်ယောက်ကို ၎င်းတို့ အလိုရှိသော ထမင်းထုပ်နှင့် မီးအိမ်တစ်လုံး ပေးလိုက်ရာ ကျေးဇူးတင်ကြောင်းပြောပြီး ခပ်သုတ်သုတ် ထွက်ခွာသွားကြလေသည်။

စံနက်ကျော်က ၎င်းစိတ်ချရသော တပည့်နှစ်ယောက်ကို နောက်ယောင်ခံ လိုက်ကြည့်ခိုင်းလိုက်လေသည်။

ထိုနှစ်ယောက်မှာ ငမိုးနှင့်ရွှေလှတို့ဖြစ်ကြပြီး တောကျွမ်းသူများဖြစ်ကြသည်။

၎င်းတို့နှစ်ယောက်မှာ ရှေ့မှ သွားနေသူနှစ်ယောက်နှင့် မနီးမဝေးနေရာမှ နောက်ယောင်ခံ၍ လိုက်သွားကြလေသည်။

ကျောက်ပြာသာဒ်ရွာမှာ တောင်နှင့်မြောက် ပင်လယ်တမ်းရိုးတန်းအတိုင်း အလျားလိုက် တည်ထားသောရွာ ဖြစ်သောကြောင့် အနောက်ဘက်တွင် အုန်းတောများနှင့် ပင်လယ်ကမ်းခြေသာ ရှိသည်။

အရှေ့ဘက်မှာတော့ တောင်ကုန်းတောင်တန်းများနှင့် သစ်တောကြီးများသာ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က သစ်တောကြီးများမှာ အနောက်ရိုးမ သစ်တောကြီးများဟု နာမည်ကြီးလှသော အထိကရ သစ်တောကြီးများပင်ဖြစ်၏။

ရှေ့မှ မီးအိမ်တစ်လုံးကို လက်မှကိုင်ကာ သွားနေကြသော လူနှစ်ယောက်တို့မှာ ထိုသစ်တောကြီးများအတွင်းမှ ဖြတ်သွားနေကြခြင်းဖြစ်သည်။

အချိန်ကလည်း ညဉ့်ဦးပိုင်းအချိန်ရောက်နေပြီဖြစ်သဖြင့် တောတွင်းမှာ အမှောင်ရိပ်များ ဖုံးလွှမ်းစ ပြုနေလေပြီ။ တောကောင်ကြီးများဖြစ်သော ဆင်ရိုင်းအုပ်များနှင့် ကျားများ အလွန်ပေါလှသော တောရိုင်းများဖြစ်သဖြင့် ယခုလိုအချိန်မျိုးမှာ ခရီးသွားလာရခြင်းမှာ များစွာအန္တရာယ်များလှပေသည်။

သို့သော်လည်း ရှေ့မှ သွားနေသူနှစ်ယောက်ကတော့ မည်သည့်တောကောင်ကိုမှ ကြောက်ရွံ့ဟန် မရှိဘဲ မီးအိမ်တစ်လုံးဖြင့် တစိုက်စိုက်ဖြင့် သွားနေကြသည်။

တစ်နေရာရောက်သောအခါ. . နောက်သို့ တစ်ချက်လှည့်ကြည့်ကြသဖြင့် နောက်မှ လိုက်လာသူနှစ်ယောက်လည်း သစ်ပင်များနောက်မှာ ကွယ်နေကြရသည်။ နောက်တော့မှ ရှေ့သို့ ဆက်လျှောက်သွားကြသည်။ နောက်မှ နှစ်ယောက်တလည်း လိုက်မြဲဆက်လိုက်သွားကြပြန်သည်။

တစ်နေရာရောက်သောအခါ တောနက်အတွင်းမှ လူသံသူသံအချို့ ကြားရသည်။

ငမိုးနှင့် ရွှေလှတို့မှာ နေရာအတော်များများ ရောက်ရှိ





ပြီး တောကျွမ်းသူများဖြစ်ကြသော်လည်း တောနက်လှသောကြောင့် ယခု မည်သည့်နေရာသို့ ရောက်နေသည်ကိုပင် မသိကြတော့ပေ။

သို့သော် အနောက်ရိုးမ သစ်တောအတွင်းမှာ သစ်ထုတ်လုပ်ရေးလုပ်ငန်းမှ စခန်းချနေထိုင်ကြသည့် အလုပ်သမားစခန်းများ ရှိကြပေရာ ယခုလည်း အသံကြားရသောနေရာမှာ ထိုစခန်းမျိုးပင်ဖြစ်မည်ဟု ခပ်ပေ့ါပေ့ါနှင့်ပင် တွေးလိုက်မိကြသည်။

အတန်ကြာသောအခါ မီးရောင်များ လင်းနေသော တဲစုအချို့ကို လှမ်းမြင်ရသည်။

ရှေ့မှ သွားနေသော နှစ်ယောက်က ထိုရွာတန်းအတွင်းသို့ ဝင်သွားကြလေသည်။

"သူတို့နေတဲ့ရွာက ငါတို့နေတဲ့ ကမ်းခြေနဲ့ သိပ်မဝေးလှပါဘူး၊ ဒီလောက်ဆိုရင်တော့ မှတ်မိပါပြီ ပြန်ကြစို့ရဲ့"

"ဒီအချိန်ကြီးမှာ မီးမပါ ဘာမပါနဲ့ တောထဲက ဖြတ်ပြန်လို့ ဖြစ်ပါမလား"

"မပြန်ရင် ဘယ်လိုလုပ်မလဲ"

"ရွာနဲ့ မနီးမဝေးမှာပဲ နေပြီး မိုးလင်းတော့မှ ထပြန်သွားရင် မကောင်းဘူးလား"

ငမိုးက အတန်ငယ် စဉ်းစားပြီး ခေါင်းညိတ်ပြသည်။

"အေး. . . ကောင်းသားပဲ၊ စိတ်ချရအောင် သစ်ပင်တစ်ပင်ပေါ် တက်နေကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုတိုင်ပင်ပြီး နှစ်ယောက်သား ခွဆုံကောင်းသော သစ်ပင်ကြီးတစ်ပင်ကို လိုက်ရှာကြသည်။

တစ်နေရာရောက်သောအခါ အကိုင်းအခက်နှင့် အရွက်များ အုပ်ဆိုင်းနေသော ညောင်လန်းပင်ကြီးတစ်ပင် တွေ့ကြရသည်။

အပင်ပေါ် မော့ကြည့်တော့လည်း မှောင်နေသဖြင့် ဘာမှ သဲသဲကွဲကွဲ မမြင်ရပေ။

ထိုအခိုက်မှာပင် သူတို့ပတ်ဝန်းကျင်မှ ကျားဟိန်းသံများ အဆက်မပြတ် ကြားလာရသည်။

"ဝေါင်း. . . ဝေါင်း. . . ဝေါင်း"

ကျားဟိန်းသံများမှာ တစ်နေရာတည်းမှ မဟုတ်ဘဲ နေရာအနှံ့အပြားမှ ကြားလာရခြင်းဖြစ်သည်။

ထို့ပြင် မဝေးလှပေ။

သူတို့သည် တောနှင့် မစိမ်းသူများဖြစ်ကြသဖြင့် ထိုအသံမျိုးမှာ ကျားများ တစ်ကောင်ချင်း အစာရှာထွက်လာခြင်း မဟုတ်ဘဲ အုပ်စုဖွဲ့ပြီး အစာရှာ ထွက်လာခြင်းဖြစ်ကြောင်း ရိပ်မိကြသည်။

ထိုအခြေအနေမျိုးမှာ များစွာအန္တရာယ်ကြီးလှသည်။ တစ်ကောင်ချင်း နှစ်ကောင်ချင်းက ရှောင်၍လွတ်နိုင်သေးသည်။

အုပ်စုလိုက် အစာရှာထွက်လာပြီဆိုလျှင်တော့ တစ်ကောင်မဟုတ်တစ်ကောင်နှင့် တွေ့ပြီး အသက်အန္တရာယ် တွေ့နိုင်လေသည်။





"ဝေါင်း. . . ဝေါင်း. . . ဝေါင်း"

ကျားဟိန်းသံများက တဖြည်းဖြည်း နီးလာလေပြီ။ ထိုအချိန်မှာပင် ညောင်လန်းပင်ပေါ်မှ အသံတစ်သံ ထွက်လာသည်။

"တောကောင်တွေ နီးလာပြီ. . . မြန်မြန်တက်ခဲ့ကြလေ"

ထိုအသံကြောင့် အပေါ်မော့ကြည့်လိုက်တော့လည်း အပင်ပေါ်မှာ မှောင်နေသောကြောင့် ဘာမှ မမြင်ရချေ။

သို့သော် စောစောက ကြားလိုက်ရသောအသံကြောင့် သစ်ပင်ပေါ်မှာ သူတို့ထက် အရင်ရောက်နေသော လူတစ်ယောက် ရှိနေသည်ကိုတော့ သိကြလေသည်။

ထို့ကြောင့် နှစ်ယောက်သား ညောင်လန်းပင်ပေါ်သို့ တက်ရန် ပြင်ကြသည်။

အပင်က အလုံးကြီးသည်ကတစ်ကြောင်း၊ အောက်၌ အကိုင်းအခက်များ မရှိသဖြင့် လွယ်လွယ်ကူကူတော့ တက်မရပေ။

ကျားဟိန်းသံများကလည်း နီးသထက် နီးလာသည်။

ထိုအခိုက်မှာပင် သစ်ပင်ပေါ်မှ လက်တစ်ဖက် ထွက်လာပြီး နှစ်ယောက်စလုံးကို ကုပ်မှ ကိုင်ကာ ဆွဲတင်သွားလေတော့သည်။

အဖြစ်အပျက်မှာ လျင်မြန်လှသောကြောင့် ငမိုးနှင့် ရွှေလှတို့နှစ်ယောက်တို့မှာ မည်သို့မည်ပုံ ညောင်လန်းပင်ပေါ်သို့ ရောက်သွားမှန်းပင် မသိလိုက်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ပေါ် ရောက်တော့မှ ကယ်တင်ပေးသူကို ကြည့်လိုက်တော့ သစ်ပင်ခွကြားမှာ ဆောင့်ကြောင့်ထိုင်နေသည်ကိုသာ မြင်ရပြီး မျက်နှာတော့ မမြင်ရပေ။

ထိုသူ အချိန်မီ ဆွဲတင်လိုက်၍သာ တော်ပေသည်။

မဟုတ်ပါက ယခုအချိန်လောက်ရှိက နှစ်ယောက်စလုံး အသက်ပျောက်နေလောက်ပြီ။

အဘယ်ကြောင့်ဆိုသော်. . .

နှစ်ယောက်သား သစ်ပင်ပေါ် ရောက်ပြီး မရှေးမနှောင်းမှာပင် ညောင်လန်းပင်အောက်သို့ တောကောင်များ အုပ်စုလိုက်ရောက်လာကြလေတော့သည်။

လေးငါးကောင်ထက်မနည်း ရှိလေသည်။

တောကောင်များက သူတို့ရောက်နေသော သစ်ပင်ပေါ်သို့ မော့ကြည့်ကာ တဂီးဂီး တဂဲဂဲဖြင့် မာန်ဖီနေကြသည်။

ငမိုးနှင့်ရွှေလှတို့နှစ်ယောက်မှာလည်း ထိုအခြေအနေကို မြင်မှ များစွာထိတ်လန့်ကြောက်ရွံ့မှုဖြစ်ကာ သစ်ပင်ပေါ်မှ ဆွဲတင်သူကိုပင် ကျေးဇူးတင်နေကြသေးသည်။

တောကောင်များက သစ်ပင်အောက်မှာပင် စတည်းချနေကြသဖြင့် ပြန်ဆင်းရန်မလွယ်တော့ပေ။

အပင်ပေါ်မှ လူနံ့ရဟန်ဖြင့်လည်း မကြာခဏ မော့ကြည့်နေကြသေးသည်။

သစ်ပင်ခွဆုံက အတော်မြင့်နေ၍သာ တော်ရော့သည်။ ထိုအခါမှ ရွှေလှက တစ်စုံတစ်ခုကို သတိရသွားလေသည်။ ဒီ





လောက်မြင့်သောသစ်ပင်ပေါ်မှ သူတို့နှစ်ယောက်စလုံးကို ဘယ်လိုဆွဲတင်သွားသလဲဆိုသောအတွေးပင်ဖြစ်သည်။

သူတို့ရောက်နေသောနေရာမှာ အောက်ခြေအထိ (၁၅)ပေခန့်မြင့်ရာ အပင်ပေါ်မှ လူက ဘယ်လိုဆွဲတင်သွားတာလဲ။

သို့ကြောင့် အထိတ်တလန့်ဖြင့် ခွဆုံပေါ်မှာ ဆောင့်ကြောင့်ထိုင်နေသည့် မည်းမည်းသဏ္ဍာန်ကို တစ်ချက်ကြည့်လိုက်လေသည်။

အမှောင်ရိပ် ဖုံးနေသဖြင့် မျက်နှာကို သဲသဲကွဲကွဲ မမြင်ရပေ။

သူကြည့်လိုက်သောအချိန်မှာ ထိုသူက 'ဟီး' ခနဲ တစ်ချက်ရယ်ပြရာ ကျယ်လှသောပါးစပ်ထဲမှ သွားနှင့်အစွယ်များကို တွေ့လိုက်ရသည်။

သူတို့အတွက် ပြေးစရာ မရှိတော့ပါချေ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

# ကျောက်ညီနောင်သို့ ခရီးကြုံ လိုက်လာသူ

တစ်ပတ်ခန့်ကြာသောအခါ နီမောင် ရွာသို့ ပြန်ရောက်လာသည်။

အချုပ်ခန်းထဲမှာ (၁၅)ရက်ခန့် နေခဲ့ရပြီး ဘာမှ စွဲချက်တင်စရာ မရှိသောကြောင့် ပြန်လွှတ်ပေးလိုက်ကြခြင်းဖြစ်သည်။

သူသည် ရွာသို့ ပြန်ရောက်သည်နှင့် အလုပ်ဆင်းရန် ပြင်ဆင်ရလေသည်။

ဒီတစ်ခါမှာတော့ ပိုက်အဟောင်းနှင့် မဟုတ်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရွှေဒင်္ဂါးတစ်ပြား ရောင်းရသောငွေဖြင့် ဝယ်ယူထားသော ပိုက်အသစ်နှင့် ဖြစ်သောကြောင့် တက်ကြွလျက်ရှိသည်။

သူတို့မိသားစုမှာ ဆင်းရဲချို့တဲ့သောကြောင့် ပိုက်အသစ် မဝယ်နိုင်ကြပေ။

အခြားသူများထံမှ ပိုက်အဟောင်းများကို ဈေးသက်သက်သာသာဖြင့် ဝယ်ယူပြီး ဖာထေးအသုံးပြုရလေသည်။

ပိုက်အဟောင်းများဖြစ်သောကြောင့် တစ်ခါသွားချလျှင် ပေါက်ပြဲလာပြီး ဖာထေးရပြန်သည်။

ပိုက်တစ်ခုလုံး မူလချည်သားထက် ဖာထေးသော ချည်သားများက ပိုများနေလေသည်။

ထို့ပြင် ပိုက်ဟောင်းသားများမှာ ဆွေးမြေ့စပြုနေပြီ ဖြစ်သောကြောင့် အတော်အသင့်ကြီးသော ငါးတိုးသည်နှင့် ပေါက်ပြဲထွက်သွားတတ်ပေရာ ငါးကြီးငါးကောင်းများ မရတော့သည်မှာလည်း ကြာပြီဖြစ်၏။

ယခုတော့ မမျှော်လင့်ဘဲ ပိုက်ဟောင်းက စုတ်ပြဲသွားပြီး နောက်ပိုက်အသစ်တစ်စုံ ရခဲ့ချေပြီ။

ထို့ကြောင့် စိတ်ထဲမှာ ပျော်ရွှင်တက်ကြွနေခြင်းဖြစ်ပေသည်။

အလုပ်သွားရန်အတွက် ပိုက်များကို လှေသို့ သယ်ချနေစဉ် စောထီးနှင့်ငမဲအောင်တို့ ရောက်လာကြသည်။

"မင်းပြန်ရောက်လာပြီ သတင်းကြားကတည်းက ငါတို့ လာချင်နေတာ၊ အချုပ်ထဲမှာ အတော်ဒုက္ခရောက်ခဲ့သလား"





"ဒီလိုပါပဲကွာ . . အကူအညီပေးတဲ့သူတွေနဲ့တော့ တွေ့ခဲ့ပါတယ်"

"မင်းက စိတ်ကောင်းရှိတဲ့သူပဲ ဒီလိုပဲ တွေ့မှာပေါ့၊ မတရား လုပ်တဲ့လူတွေကတော့ တစ်နေ့ကျရင် ဘေးအန္တရာယ်နဲ့ တွေ့ကြမှာပဲ"

ငမဲအောင်က မကျေမနပ် ပြောနေသည်။

"ပြောမနေပါနဲ့ကွာ . . . တစ်နေ့ကျတော့ အဖြေတစ်ခု ပေါ်လာမှာပေါ့၊ ဒါထက် နီမောင် . . . မင်းရလာတဲ့ ရွှေဒင်္ဂါးတစ်ပြားကြောင့် အခုလိုဒုက္ခမျိုးတွေနဲ့ ကြုံရတာကွ၊ ဒါထက် မင်းကျန်တဲ့ နှစ်ပြားရော ရှိသေးတယ် မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"သေသေချာချာ သိမ်းထားဟေ့၊ အခု သူကြီးအိမ်မှာ ရောက်နေတဲ့လူတွေက မင်းဆီက ရွှေဒင်္ဂါးတစ်ပြား ရပြီးကတည်းက စိတ်ဝင်စားနေကြပုံရတယ်"

"တခြားအရောင်းအဝယ်ကိစ္စတွေကြောင့် ဖြစ်မှာပေါ့ကွာ"

"ငါတော့ အဲဒီလို မထင်ဘူး၊ တစ်ခုခု အကြံအစည်ရှိလို့ လာနေကြတာလို့ ထင်တယ်၊ ဘာပဲဖြစ်ဖြစ် နောက်ထပ် သူတို့နဲ့ မပတ်သက်မိဖို့တော့ သတိထားဟေ့"

ဟု ဝိုင်းဝန်းသတိပေးကြလေသည်။

ထို့နောက် သုံးယောက်သာ ညနေပိုင်းအချိန်တွင် လှေကိုယ်စီဖြင့် ပင်လယ်ပြင် ထွက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ နေဝင်ခါနီးအချိန် ဖြစ်သောကြောင့် ပင်လယ်ရေပြင်ပေါ်မှာ ဆည်းဆာရောင်များ တောက်ပလျက်ရှိနေသည်။

ပင်လယ်ရေမျက်နှာပြင်ပေါ်မှာတော့ ညဦးပိုင်းအချိန် ငါးဖမ်းထွက်လာသော လှေငယ်များကို နေရာအနှံ့အပြား တွေ့မြင်ရသည်။

ကတ္တူလှေကြီးများဖြင့် ငါးဖမ်းထွက်သူများက ကမ်းဝေးနေရာ ရောက်သည်အထိ သွားရောက်၍ ငါးဖမ်းကြသော်လည်း နီမောင်တို့လို လှေငယ်ကလေးများဖြင့် ငါးဖမ်းသူများကတော့ ကမ်းနှင့် နီးသောနေရာများမှာသာ ဖမ်းကြလေသည်။

၎င်းတို့အနေနှင့် သဲဖြူကျွန်း၊ လိပ်ကျွန်းတို့လောက်အထိသာ သွားလာဝံ့ကြလေသည်။

အနောက်ဘက် ပင်လယ်ရေပြင်ပေါ်မှာ ထိုကျွန်းများလောက်သာ ကမ်းခြေနှင့် နီးပြီး အခြားနေရာများကတော့ ကမ်းခြေနှင့် ဝေးသောကြောင့် ကတ္တူလှေများဖြင့် သွားမှ ရောက်နိုင်သောနေရာဖြစ်သည်။

နီမောင်မှာ လိပ်ကျွန်းတစ်ဝိုက်သို့ ရောက်အောင် သွားပြီး ပိုက်ချလေသည်။

ထိုနေရာမှ လှမ်းကြည့်လျှင် ကမ်းခြေသို့ မြင်နိုင်လေသည်။

ညဦးပိုင်းအချိန်လည်းဖြစ်၊ ရေကျချိန်လည်း ဖြစ်သောကြောင့် လိပ်ကျွန်းကမ်းခြေတစ်ဝိုက်မှာ သောင်ပြင်အတော်များများ ပေါ်နေလေသည်။





ထိုသောင်ပြင်နေရာအနှံ့မှာတော့ လိပ်မျိုးစုံတို့ကို တွေ့မြင်ရသည်။

အချို့လိပ်များမှာ ညအချိန် သဲသောင်ပြင်ပေါ်မှ ဥချရန်အတွက် လာကြခြင်းဖြစ်သည်။

ရှေးအခါက ပင်လယ်ကမ်းခြေ သဲသောင်များပေါ်၌ လိပ်များမှာ ခရုများ ပေါသလို ပေါများစွာ ရှိကြသော်လည်း သည်သူမှ တကူးတက ဖမ်းဆီးယူငင်ခြင်း မပြုကြပေ။ လိပ်ဥလိုချင်မှသာ သွားရောက်တူးဖော်ယူကြပြီး လိပ်များကိုတော့ မဖမ်းကြပေ။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတွင် လိပ်ဥဝယ်ယူမှု များလာရာမှ လိပ်များပါ တဖြည်းဖြည်း နည်းပါးသွားခြင်းဖြစ်သည်။

ယခင်အချိန်က နေဝင်ချိန်တွင် သဲသောင်များပေါ်သို့ တရွေ့ရွေ့တက်လာသော လိပ်များမှာ နေရာအနှံ့ အများအပြားရှိပြီး သောင်ပြင်ပေါ်မှ ခရုခွံများ ကြဲချထားသည်နှင့်ပင် တူတော့သည်။

နီမောင်သည် ၎င်းပိုက်ချနေရာဖြစ်သော လိပ်ကျွန်းနှင့် မနီးမဝေးမှပင် ပိုက်ချလေသည်။

သူနှင့်အတူလာကြသော စောထီးနှင့်ငမဲအောင်တို့ကလည်း မနီးမဝေးသို့ သွားကာ ပိုက်ချနေကြသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ ပင်လယ်ဒီရေ ပြန်တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ရေထဦးရက်ဖြစ်သောကြောင့် ငါးပုစွန်ရှာရ
အရများသောအချိန်လည်းဖြစ်သည်။

ငါးကြီးငါးကောင်းများလည်း ရနိုင်လေသည်။

ယခင်က သူအသုံးပြုသည့်ပိုက်မှာ ဟောင်းနွမ်းနေပြီ
ဖြစ်သောကြောင့် ငါးကြီးငါးကောင်းများ ရရန် သိပ်မမျှော်လင့်ရ
သော်လည်း ယခုတော့ ပိုက်အသစ်နှင့် ချရသောကြောင့် စိတ်ထဲ
မှာ တက်ကြွနေလေသည်။

သူသည် ပိုက်ချပြီးသည်နှင့် အနားရသွားလေပြီ။ မိခင်
ထည့်ပေးလိုက်သည့် ထမင်းကိုဝမ်းပြည့်အောင် စားသောက်ပြီး
တစ်ရေးတစ်မောနားရန် ပြင်သည်။

ဦးစွာဝင်လာသောအတွေးက သူ့ကို ရွှေဒင်္ဂါးသုံးပြား
လာရောက်ပေးသွားသော အမျိုးသမီးအကြောင်းပင် ဖြစ်သည်။

"သူ ဘယ်နေရာက လာတာလဲ မသိဘူး၊ ရွှေဒင်္ဂါးတွေ
ကရော သူ ဘယ်က ယူလာတာလဲ မသိဘူး၊ ရွှေဒင်္ဂါးတစ်ပြားပဲ
ရောင်းရသေးတယ် အချုပ်ထဲ ရောက်သွားရတယ်၊ ကျန်တဲ့နှစ်
ပြားပါရောင်းရင် ထောင်ထဲများ သွားနေရမလား မသိဘူး"

ဟု တွေးမိပြီး တစ်ယောက်တည်း သဘောကျစွာ ပြုံး
လိုက်မိလေသည်။

"ဘာပဲဖြစ်ဖြစ်လေ. . . သူ့ကိုတော့ ကျေးဇူးတင်ရမှာ
ပဲ၊ အရင်က ငါ့မှာ ပိုက်ဟောင်းပဲရှိတယ် အခုတော့ ပိုက်သစ်နဲ့
ငါးဖမ်းလို့ရနေပြီ၊ ငါ သူနဲ့ နောက်တစ်ခါလောက် ပြန်တွေ့ရရင်
ကောင်းမှာပဲ"





ဟု တွေးရင်း မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။
မိမိကိုယ်ပေါ်သို့ ရေစက်များ ကျလာတော့မှ လန့်နိုးလာလေ
သည်။

ပထမတော့ အချိန်မဟုတ် မိုးရွာချလိုက်သည်ဟု ထင်
သဖြင့် အလန့်တကြားနှင့် နေရာမှ ထလိုက်သည်။ သည်တော့မှ
အခြေအနေကို သိသွားတော့သည်။

မိုးရွာချခြင်း မဟုတ်ပေ။

သူ့လှေဦးမှာ လူတစ်ယောက်ရှိနေပြီး သူ့ကို ရေဖြင့်
ပက်နှိုးလိုက်ခြင်းဖြစ်ပေလိမ့်မည်။

ပင်လယ်လေတိုက်နေသောကြောင့် ဆံပင်ရှည်များက
လေထဲ၌ တလူလူ လွင့်နေကြသည်။

ထိုဆံပင်ရှည်များကို မြင်တော့မှ သူ့ကို ရွှေဒင်္ဂါးသုံးပြား
ပေးသွားသည့် အမျိုးသမီးဖြစ်မှန်း သိရတော့သည်။

"ဟင်. . . ခင်ဗျားပါလား၊ ဘယ်ကနေဘယ်လို ရောက်
လာတာလဲဟင်"

"ရှင် အိပ်ပျော်နေတုန်း ရောက်လာတာပါ"

နီမောင်က ဇဝေဇဝါဖြင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်
တော့လည်း လှေတစ်စင်းတလေမှ မတွေ့ရပေ။

"ရှင် အချုပ်ထဲ ရောက်သွားတယ်လို့ သတင်းကြားမိ
တယ်"

"ဒီလိုပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ ကောင်းတာနဲ့ဆိုးတာက အမြဲတမ်း တွဲနေတတ်တယ်၊ ကျွန်မ အကူအညီပေးလို့ ရှင် ပိုက်သစ်တွေ ရသွားတယ်၊ ဒါပေမယ့် အချုပ်ထဲမှာတော့ သွားနေပေးရသေးတယ်"

"ကျွန်တော့်ကို အကူအညီပေးတဲ့အတွက်တော့ ကျေးဇူးအများကြီး တင်ပါတယ်၊ ခင်ဗျားပေးခဲ့တဲ့ ရွှေဒင်္ဂါးတစ်ပြားကို ရောင်းပြီး ပိုက်အသစ် ဝယ်တာတောင် ပိုက်ဆံတွေက အများကြီး ပိုနေသေးတယ်၊ ဒီတော့ ကျန်တဲ့နှစ်ပြားကို ကျွန်တော်ပြန်ပေးပါရစေ"

ထိုစကားကြားသောအခါ နဒီက ပြုံးလိုက်သည်။

"ရှင်က သိပ်ပြီးရိုးသားတာပဲကိုး၊ ပိုတော့လည်း သိမ်းထားပေါ့ရှင်၊ နောက် အကြောင်းပေါ်လာတော့ အသုံးပြုလို့ရတာပေါ့၊ နောက်ပိုင်းမှာလည်း ရှင်နဲ့ ပတ်သက်ပြီး ကျွန်မတို့မောင်နှမက အကူအညီတွေ တောင်းစရာတွေ ရှိသေးတယ်"

"ပြောသာပြောပါ . . ကျွန်တော်တတ်နိုင်သမျှ အကူညီပေးပါ့မယ်"

"အခုတော့ မဟုတ်သေးပါဘူး၊ ကျွန်မတို့ အကူအညီတောင်းမယ့်ကိစ္စက ရှင်တစ်ယောက်တည်း လုပ်လို့မရနိုင်ဘူး၊ မကြာခင်မှာ ဒီနေရာကို သက်ဆိုင်ရာ ပဋ္ဌာန်းဆက် ရှိသူတွေ ရောက်လာကြလိမ့်မယ်၊ သူတို့ရောက်လာတဲ့အခါ သူတို့နဲ့ တွဲပြီး လုပ်ပေးရမယ်"

"ဘာတွေလုပ်ပေးရမှာလဲဟင်"

"မကြာခင်တော့ သိရမှာပေါ့"





"ဒါထက် ခင်ဗျားတို့က ဘယ်မှာနေတာလဲဟင်"

"ရှင်တို့နဲ့ မဝေးလှပါဘူး၊ ရှင့်ကိုတော့ ကျွန်မတို့နေရာ တစ်ခေါက်ခေါ်ပြပါ့မယ်"

နီမောင်က ခေါင်းညိတ်ပြလိုက်လေသည်။

"ဟော . . ရှင့်ပိုက်ထဲမှာ ငါးကြီးတစ်ကောင် မိနေပြီ၊ အမြန်ဆွဲတင်လိုက်ဦး၊ တော်ကြာ ပြန်လွတ်သွားဦးမယ်"

သူမ ပြောနေစဉ်မှာပင် ပိုက်တစ်ခုလုံး သိမ့်သိမ့်တုန်သွားလေတော့သည်။

"ဝုန်း . . ဝုန်း"

ငါးမိနေသဖြင့် ရေလှိုင်းခတ်သံများ ပေါ်လာသည်။

နီမောင်က ဝမ်းသာအားရ နေရာမှ ထပြီး ပိုက်ဆွဲတင်ရန် ကြိုးစားလေသည်။

ပိုက်အသစ်ဖြစ်သောကြောင့် ပေါက်ပြဲပြီး ပြန်လွတ်သွားမှာ မစိုးရိမ်ရပေ။ သို့သော်လည်း တစ်ကြိမ်မှာတော့ ငါးက ဆောင့်ရုန်းလိုက်ရာ အရှိန်လွန်ပြီး လူပါ ရေထဲ ကျသွားလေတော့သည်။

ထိုသို့ရောက်သွားစဉ် သူ့ကိုယ်မှာ ပိုက်သားများနှင့် ငြိသွားတော့သည်။

ရေအောက်တွင် ခြေလက်တို့ကို ပိုက်သားဖြင့် ငြိပါက ရုတ်တရက် ဖယ်ပစ်၍မရနိုင်ပေ။

တစ်ဖက်က ဖြေနေစဉ် နောက်ထပ်ပိုက်သားများက လှုပ်ရှားနေသော ကျန်တစ်ဖက်ကိုပါ လာရောက်ရစ်ပတ်လေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရေအောက်၌ ချသောပိုက်များမှာ ရေလှိုင်းလှုပ်သည့် နေရာသို့ လိုက်လံပတ်သည့်သဘောမျိုး ရှိသည်။

(ချည်သားပိုက်များ မဆိုထားနှင့်၊ ယခု ပေါ်ပြီး အသုံးပြု နေကြသည့် နိုင်လွန်ပိုက်များဆိုလျှင် ပေါ့ပါးလှသဖြင့် မနီးမဝေး မှ လှုပ်ရှားကူးခတ်သွားလျှင်ပင် လိုက်လံရစ်ပတ်လေ့ရှိကြသည်)

နီမောင်မှာ ခြေနှင့်လက်တို့ကို ပိုက်သားများက ရစ်ပတ် မိသွားသည်။

ထိုထက် အခြေအနေ ဆိုးနေသည်က ပိုက်ထဲမှာ ငါး ကြီးတစ်ကောင်ကပါ မိနေရာ ထိုငါးကြီးက ရုန်းကန်နေသော ကြောင့် ပိုက်သားများ ပိုမိုရှုပ်ထွေးလာသည်။ ပိုမိုရစ်ပတ်လာ သည်။

ရေပေါ် ပြန်တက်ဖို့ မလွယ်အောင် အခက်တွေ့နေ တော့သည်။ ထိုအခိုက်မှာ သူရှိရာသို့ ကူးလာသော လူတစ် ယောက်၏ပုံရိပ်ကို မြင်ရလေသည်။

ထိုလူမှာ အမျိုးသားတစ်ယောက်ဖြစ်သည်။

သူက အနီးရောက်လာသည်နှင့် နီမောင်နောက်စေ့ကို တစ်စုံတစ်ခုဖြင့် ရိုက်ချလိုက်ရာ သတိမေ့သွားတော့သည်။

နီမောင် သတိမေ့သွားသောအခါမှ နီမောင်နှင့် ငါးကြီး မိနေသော ပိုက်တစ်ဖုံလုံးကို လက်တစ်ဖက်တည်းဖြင့် မ,ယူပြီး လှေပေါ် တင်ပေးလိုက်သည်။ သူသည် နက်လှသော ပင်လယ် ရေအောက်မှာ ကူးခတ်နေခြင်းမျိုး မဟုတ်ဘဲ မြေပြင်ပေါ်မှာ





မတ်တတ်ရပ်နေသကဲ့သို့ ရပ်နေခြင်းဖြစ်သည်။

နီမောင်နှင့်ငါးမှာ လှေပေါ် ရောက်သောအခါ ငြိမ်သက် နေတော့သည်။

နီမောင်ကလည်း သတိမရသေး၊ ငါးကလည်း မလှုပ်နိုင် တော့ပေ။

ထိုအခါမှ လှေဦးမှ ထိုင်နေသော အမျိုးသမီးကို လှမ်း ပြောလိုက်သည်။

"သူ့ကို သတိပြန်ရအောင် လုပ်ပေးလိုက်"

ထိုသို့ပြောပြီး ရေအောက်သို့ တဖြည်းဖြည်းနှင့် ပြန်မြုပ် သွားလေတော့သည်။

၎င်းရေထဲ ပြန်မြုပ်သွားမှ မိန်းကလေးက နေရာမှ ထ လာပြီး နီမောင်ကိုယ်ပေါ်မှာ ပတ်နေသော ပိုက်များကို အရင် ဖယ်ရှားပေးသည်။

ထို့နောက် ပါးစပ်ချင်း တေ့ပြီး လေမှုတ်သွင်းပေးကာ နဖူးပြင်ကို လက်ဖြင့် တစ်ချက်သပ်ပေးလိုက်သောအခါမှ တ ဖြည်းဖြည်းနှင့် မျက်စိပြန်ပွင့်လာသည်။

သတိပြန်ရလာသည်။

"သတိရပြီလား"

နီမောင်က နေရာမှ ထပြီး အခြေအနေကို ကြည့်သည်။ ပိုက်ရောငါးပါ လှေပေါ် ရောက်နေရုံမက သူပါ လှေပေါ် ပြန် ရောက်နေသည်ကို တွေ့ရသောကြောင့် အံ့ဩသွားလေသည်။

ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ရှာကြည့်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း လှေပေါ်မှာ သူနှင့်နဒီဆိုသော အမျိုးသမီးမှလွဲပြီး အခြားမတွေ့ရသဖြင့် အံ့ဩသွားလေသည်။

"သူ. . သူ ဘယ်ရောက်သွားပြီလဲ"

"ဘယ်သူ့ကို ပြောတာလဲ"

"ကျွန်တော့်ကို လာကယ်ပေးသွားတဲ့လူကို ပြောတာပါ"

"အော်. . . ကျွန်မအစ်ကို့ကို ပြောတာထင်တယ်၊ သူ ပြန်သွားပြီလေ"

စိတ်ထဲမှာ အံ့ဩသွားသော်လည်း ဆက်မေးရန် မလို တော့ပေ။ အဘယ်ကြောင့်ဆိုသော်. . .

ထိုကဲ့သို့ ထူးဆန်းအံ့ဩဖွယ်ကောင်းသော အဖြစ်အပျက်များကို ယခုတလော ဆက်တိုက်ကြုံတွေ့နေရသောကြောင့်ပင်ဖြစ်၏။

"ကျွန်တော့်ကို သတိပြန်ရအောင် ခင်ဗျားလုပ်ပေးထားတာ ထင်ပါရဲ့. . . ကျေးဇူးတင်ပါတယ်ဗျာ"

"ဒီလောက်ကျေးဇူးတင်စရာ မလိုပါဘူး၊ ကျွန်မ ဒုက္ခရောက်နေတုန်းကလည်း ရှင်က အကူအညီ ပေးခဲ့တာပဲ၊ ရှင် အခု ပြန်တော့မှာ မဟုတ်လား"

"ဟုတ်တယ်. . . ရေပြည့်ကာနီးပြီဆိုတော့ ပြန်တော့မယ်၊ ခင်ဗျားရော ဘယ်ပြန်မှာလဲ"

"ရှင့်လှေနဲ့ပဲ လိုက်ခဲ့မယ်လေ"

"ဘယ်နေရာကို ပို့ပေးရမှာလဲ"

"ကျောက်ညီနောင်နားမှာပဲ ဆင်းမှာပါ"





နီမောင်က ဆက်မေးချင်သေးသော်လည်း ဆက်မမေး ဖြစ်တော့ပေ။

အဘယ်ကြောင့်ဆိုပါက သူမေးလျှင်လည်း အမှန်ကို ပြောပြမည် မထင်သောကြောင့်ပင် ဖြစ်သည်။

သူက ရေတက်ရေစီးကြောင်းနှင့်အတူ ကမ်းခြေဘက် သို့ ပြန်လှော်လာသည်။

တိတ်ဆိတ်နေသောအချိန်ဖြစ်သောကြောင့် ကမ်းခြေ ဘက်မှ လှိုင်းတက်သံ၊ လှိုင်းပုတ်သံများကိုပင် ခပ်သဲ့သဲ့ ကြားရ လေသည်။

ပင်လယ်လေက တိုက်ခိုက်နေသောကြောင့် လှေဦးပေါ် ၌ ထိုင်နေသည့် အမျိုးသမီးဦးခေါင်းမှ ဆံပင်တို့မှာ လေထဲ၌ တလူလူ လွင့်နေကြသည်။

ကျောက်ညီနောင် ရှိသောနေရာမှာ နီမောင်တို့ နေ သော ကျောက်ပြာသာဒ်ရွာနှင့် မဝေးလှပေ။

ထိုနေရာမှာ ချွန်းအငူဖြစ်ပြီး ကျောက်တုံးကျောက် ဆောင်များ ထူထပ်သောနေရာလည်းဖြစ်သည်။

ကမ်းခြေတွင် ကျောက်ဆောင်ကြီးများ ရှိသကဲ့သို့ ကမ်း ပေါ်မှာလည်း ကျောက်တောင်ကြီးများ ရှိသည်။

ကျောက်ညီနောင်ဟု အမည်တွင်ရခြင်းမှာ ချွန်းအငူစွန်း ရေစပ်တွင် ညီနောင်သဖွယ် ယှဉ်လျက်သား ရှိနေသော ကျောက်ဆောင်ကြီးနှစ်ခု ရှိနေသောကြောင့်ပင် ဖြစ်ပေသည်။

ထိုနေရာသည် ရေနဂါးသိုက် ရှိပြီး နယ်မြေကြမ်းသော



www.burmeseclassic.com

www.burmeseclassic.com



နေရာတစ်ခုဖြစ်သဖြင့် အကြောင်းမရှိဘဲ မသွားလာဝံ့သည့် နေရာတစ်ခုလည်းဖြစ်ပေသည်။

ကမ်းခြေသို့ ရောက်သောအခါ နီမောင်က ကျောက်တုံးကျောက်ဆောင်များ လွတ်ကင်းသောနေရာတွင် လှေရပ်ပေးလိုက်ရာ နဒီက သူ့ကို နှုတ်ဆက်ပြီးနောက် လှေပေါ်မှ ဆင်းသွားလေသည်။

ကျောက်တုံးကြီးများအနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားသောအခါမှ လှေပြန်ထွက်ခဲ့လေသည်။

လောကနေရာအနှံ့အပြားတွင် သာမန်လူတို့ ဉာဏ်တစ်ထွာတစ်မိုက်ဖြင့် လိုက်မမီနိုင်သည့် အကြောင်းအရာများစွာတို့ ရှိနေကြလေသည်။







## အခန်း(၈)

# အတိတ်တဘောင်နှင့် အယူတော်မင်္ဂလာ

တစ်နေ့သ၌ ကျောက်ပြာသဒ်ရွာသို့ ဆက်သွယ်ထားသော တောင်ရိုးလမ်းအတိုင်း ဖိုးသူတော်ကြီးတစ်ဦး လျှောက်လာလေသည်။ ၎င်းသည် ထမ်းပိုးတစ်ချောင်းတွင် တောင်းနှစ်လုံး ချိတ်ဆွဲကာ ထမ်းလာပြီး ဘေးမှာလည်း လွယ်အိတ်ကြီးတစ်လုံးကို လွယ်ထားလေသည်။

၎င်းလွယ်အိတ်ကြီးမှာ ဖောင်းကားနေပြီး ၎င်းအတွက် သွားလေရာပါသော ခရီးဆောင်အိတ်ကြီးသဖွယ် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် လက်ထဲမှာ ကိုင်ထားသော ကြေးစည်ကို တ
နောင်နောင် တဝေဝေ ထုရင်း ပါးစပ်မှလည်း တဘောင်လိုလို
လင်္ကာလိုလို စာများကို အဆက်မပြတ် ရွတ်ဆိုလာလေသည်။

"မောင်နှမကမ်းခြေ သင်ရှာဖွေ
ရွှေငွေရတနာ ရလတ္တံ့၊
လောဘကြီးလျှင် ကြမ္မာငင်
ရေပြင် လက်ပစ်ကူးရလတ္တံ့၊
တရားရှိသူ စိတ်ထားဖြူ
ထိုက်သူနှင့်ပင် တွေ့ရလတ္တံ့"

"နောင်ဝေဝေ. . . နောင်ဝေဝေ. ."

BURMESE CLASSIC .com

တောလမ်းခရီးမှာ တွေ့ကြသူများကတော့ သူတို့အရပ်
သို့ ထူးထူးခြားခြား ဖိုးသူတော်ကြီး ရောက်လာသည်ကို တွေ့မြင်
ရသဖြင့် အံ့ဩနေကြသည်။

အချို့ကလည်း ဘာသာတရားကို အလေးထားသော
တောမှာနေကြသူတို့အတိုင်း လက်အုပ်ချီလျက် အရိုအသေ ပေး
သွားကြလေသည်။

ဖိုးသူတော်ကြီးမှာ ကြေးစည်ထုလိုက် ရွတ်ဆိုလိုက်ဖြင့်
လျှောက်လာရာ တောင်ရိုးတစ်ခုပေါ်မှာရှိသော ထန်းသမား
တာတေနေသောတဲသို့ ရောက်လာလေသည်။

ထိုအချိန်က နေ့လယ်ပိုင်းအချိန်လည်းဖြစ် နေပူပြင်း
သည့်အချိန်လည်းဖြစ်သောကြောင့် ထန်းရည်လာသောက်သူ
များ မလာကြသေးပေ။





ထိုနေရာရောက်သောအခါ ဖိုးသူတော်ကြီးက ဝင်လာ
ပြီး အရိပ်ရသော ကွပ်ပျစ်တစ်ခုမှာ ဝင်ထိုင်လေသည်။

ပြီးနောက် ကိုယ်ပေါ်မှရုံထားသော အဝတ်စဖြင့် မျက်
နှာပေါ်မှ ချွေးစက်များကို သုတ်ပစ်နေသည်။

"နေကလည်း ပူလိုက်တာ"

ထိုသို့ ရေရွတ်လိုက်သောအခါ အနားရောက်လာသော
ထန်းတက်သမားတာတေက ပြောလိုက်သည်။

"နွေရာသီမှာ နေပူတာ ဘာများဆန်းသလဲ ဦးသူတော်
ရယ်"

"ခရီးလမ်းကလည်း ဝေးလိုက်တာ"

"သံသရာခရီးက ဒီထက်တောင် ပိုပြီးရှည်သေးတယ်"

"မောလိုက်တာ. . ရေတစ်ခွက်လောက်များ ရမလား"

"ထန်းရည်ပဲ ရှိတယ်. . . သောက်မလား"

"ဖိုးသူတော်က ထန်းရည်မသောက်ဘူး၊ ရေပဲသောက်
ချင်တယ်"

တာတေ ရေအိုးစင်မှ ရေတစ်ခွက် ခပ်ပေးရင်း မေး
သည်။

"ဘယ်က လာတာလဲ"

"ဖိုးသူတော်ဆိုတာ ခြေဦးတည့်ရာ လျှောက်သွားနေရ
တာဆိုတော့ ဘယ်နေရာက လာမှန်းတောင် မသိတော့ပါဘူး၊
ခင်းပြောသလို သံသရာခရီးတစ်နေရာကပဲ ဖြစ်မှာပေါ့"

တာတေ သဘောကျစွာ ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို သွားမှာလဲ"

"ရွာရှိတဲ့နေရာသွားပြီး အလုပ်ခံရမှာပေါ့"

"ရှေ့မှာ တွေ့တဲ့ရွာတွေက တံငါအလုပ်နဲ့ အသက်မွေးကြတာ များတယ်၊ ဆွမ်းဆန်ရဖို့ မလွယ်လှဘူး"

"ဆွမ်းဆန်မရလည်း အရေးမကြီးပါဘူး၊ ခတွေ့ချင်တဲ့လူတွေနဲ့တွေ့ပြီး လုပ်စရာရှိတာတွေ လုပ်ရရင် တော်ပါပြီ၊ ဒါထက် မင်းနာမည်ဘယ်သူလဲ"

"ထန်းတက်သမား တာတေ"

"စနေနံတွေချည်းပါလား. . ထန်းတက်တာနဲ့ တာတေဆိုတဲ့နာမည်က ကက်ကင်းမိနေပေမယ့် မင်းကတော့ ထန်းတက်တဲ့အလုပ်နဲ့ မကြီးပွားတာ သေချာတယ်"

ဖိုးသူတော်ကြီးက ရေခွက်ထဲမှ ရေကို ကုန်စင်အောင်သောက်ပြီး ခွက်ကိုပြန်ပေးရင်း ပြောလိုက်သည်။

"ကက်ကင်းဆိုတာ ဘာလဲဗျ"

"နေ့နံချင်းထပ်တာကို ပြောတာ၊ 'ထန်းတက်' ဆိုတဲ့ စနေနံနှစ်လုံးနဲ့ 'တာတေ' ဆိုတဲ့ စနေနံနှစ်လုံး ထပ်နေတာကို ကက်ကင်းမိတာလို့ ခေါ်တယ်"

"ကက်ကင်းမိတော့ ဘာဖြစ်သလဲ"

"ကက်ကင်းမိတော့ ချမ်းသာတာပေါ့၊ ဒါပေမယ့် မင်းကတော့ ဘယ်နည်းနဲ့မှ မချမ်းသာနိုင်ဘူး"

"ဘာကြောင့်လဲ"

"မင်းနေတဲ့နေရာက ပဋိရူပကျတဲ့ အရပ်မျိုးမှ မဟုတ်





တာ. . . ဘယ်ချမ်းသာနိုင်ပါ့မလဲ"

"ပဋိရူပအရပ်ဆိုတာ ဘာကိုပြောတာလဲ"

"ကိုယ်နဲ့ သင့်တော်တဲ့နေရာကို ပဋိရူပအရပ်လို့ ခေါ်တယ်၊

မင်း အလုပ်လုပ်နေတဲ့နေရာမှာ ထန်းပင်က (၁၅)ပင်လောက်ပဲ ရှိတယ်၊ ဒီထန်းပင်လောက်နဲ့ ဘယ်လိုမှ မချမ်းသာနိုင်ဘူး၊

နောက်ပြီး မှီခိုအားထားနေရတဲ့ လူတွေကလည်း တံငါအလုပ်နဲ့ အသက်မွေးနေကြတာဆိုတော့ တစ်နေ့ရှာရတာ တစ်နေ့စားတာနဲ့ ကုန်မှာစိုးတော့ ထန်းရည်ဖိုးတောင် အနိုင်နိုင်ပေးကြရမှာ၊ တစ်ရွာလုံးမှာရှိတဲ့ ပိုက်ဆံတွေစုရင်တောင် လူတစ်ယောက် ချမ်းသာနိုင်လောက်အောင် ပြည့်မှာမဟုတ်ဘူး၊

ဒါကြောင့် ဒီနေရာမျိုးဟာ ပဋိရူပကျတဲ့အရပ်မျိုး မဖြစ်နိုင်ဘူး၊ ဒီတော့ မင်းလည်း ဘယ်နည်းနဲ့မှ မချမ်းသာနိုင်တာ အသေအချာပဲ"

ဟု ပြောရာ တာတေမှာ များစွာသဘောကျသွားလေသည်။

"မှန်တယ်. . . မှန်တယ်၊ ဒီရွာက လူတွေက သောက်ရင် ကြွေးမှတ်နေရတာနဲ့ ပိုက်ဆံလက်ငင်းရတယ်ပဲ မရှိဘူး၊ ဒီကြားထဲ ငါးခြောက်ငါးခြမ်း လာပေးတဲ့လူက ရှိသေးတယ်၊ ဒါထက် ဦးသူတော်ပြောသလို နာမည်နဲ့လုပ်ငန်း ကက်ကင်းကျလို့ ချမ်းသာတဲ့လူမျိုးကော ရှိသေးလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပေါ့. . . အများကြီး ရှိတာပေါ့၊ တရားဓမ္မ ရှာဖွေသူတွေရော စီးပွါးရှာဖွေသူတွေထဲမှ ကက်ကင်းခါတ်ကြောင့် အောင်မြင်တဲ့သူတွေ ကြီးပွားတဲ့သူတွေ အများကြီး ရှိတယ်"

"ဘယ်သူတွေလဲ. . . ပြောပြပါဦး"

တာတေ စိတ်ဝင်စားစွာ မေးလိုက်လေသည်။

"ဘာသာရေးလောကမှာလည်း ကက်ကင်းခါတ်ကို အလေးထားတဲ့ပုဂ္ဂိုလ်တွေ ရှိကြတယ်၊ မြန်မာနိုင်ငံမှာ လူသိများ ထင်ရှားတဲ့ ဆရာတော်ကြီးတွေထဲမှာ မုံရွာနယ်ဘက်မှာ သမ္ဗုဒ္ဓေစေတီတော်ကြီး တည်ထားခဲ့တဲ့ မိုးညှင်းဆရာတော်ကြီးဆိုတာ ရှိတယ်. . . ကြားဖူးလား"

တာတေက ခေါင်းခါပြသည်။

"ဆရာတော်ကြီးမှာ မူလဘွဲ့အမည် ရှိပေမယ့် မိုးညှင်း သမ္ဗုဒ္ဓေစေတီတော်ကြီးကို တည်ခဲ့လို့ မိုးညှင်းဆရာတော်ကြီးလို့ပဲ လူသိများခဲ့တယ်၊ ဆရာတော်လောင်းလျာဟာ အဲဒီနေရာမှာ တစ်ပါးတည်း တရားအားထုတ်နေတဲ့အခါ နတ်တွေ ရောက်လာပြီး အရှင်ဘုရားရဲ့သာသနာပြုလုပ်ငန်းတွေ အောင်မြင်ချင်ရင် ညောင်ပင်စိုက်ပြီး အဓိဋ္ဌာန်ပြုပါလို့ လာလျှောက်ကြတယ်"

"ဘယ်လိုကြောင့်လဲ"

"မိုးညှင်းနဲ့ ညောင်ပင်ဆိုတာ ကြာသပတေး-အင်္ဂါ၊ အင်္ဂါ-ကြာသပတေး ကက်ကင်းခါတ်ဖြစ်တယ်၊

ဒါကြောင့် ဆရာတော်ကြီးရဲ့ သာသနာပြုလုပ်ငန်းတွေ တစ်နေ့တခြား အောင်မြင်လာပြီး မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်





ကြီးပါ တည်နိုင်ခဲ့တယ်"

"ဆက်ပြောပါဦး"

"မုံရွာနယ်ဘက်မှာပဲ ထင်ရှားတဲ့ ဆရာတော်ကြီးတစ်ပါး ရှိသေးတယ်. . လယ်တီဆရာတော်ကြီးပဲ၊ လယ်တီဆရာတော်ကြီးဆိုရင် သွားလေရာ တောင်ဝှေးဆောင်လေ့ရှိတယ်၊ လယ်တီနဲ့ တောင်ဝှေးက ဗုဒ္ဓဟူးနဲ့စနေ၊ မိတ်ခါတ်. . ကက်ကင်းခါတ်ဖြစ်တယ်၊

ဒါကြောင့် လယ်တီဆရာတော်ကြီးရဲ့ ဂုဏ်သတင်းဟာ ထင်ရှားကျော်ကြားလာခဲ့တာဖြစ်တယ်"

"ဆရာတော်ကြီးတွေရဲ့ပါရမီနဲ့ ကျင့်ကြံအားထုတ်မှုတွေလည်း ပါမှာပေါ့"

တာတေက စကားကို ကပ်ပြောသည်။

"အေးလေ. . . ဒါကတော့ ပါရမှာပေါ့၊ ကက်ကင်းခါတ်မိနေရုံ ရှိနေရုံနဲ့တော့ ဘယ်ပြီးပါ့မလဲ၊ ကိုယ်တိုင်ကြိုးစားအားထုတ်မှုကတော့ ပါရတာပေါ့"

"ဟုတ်ပါပြီ. . . ဆက်ပြောပါဦး"

တာတေက ပြောသော်လည်း ဖိုးသူတော်ကြီးက ဆက်မပြောဘဲ အထုပ်ထဲမှ ကွမ်းယာတစ်ယာ ယူစားနေသည်။ တစ်ချက်နှစ်ချက် ဝါးပြီးမှ ဆက်ပြောသည်။

"ဝေဘူဆရာတော်ကြီးဆိုရင် ခရီးသွားလေရာ ပဝါတစ်ထည် ဆောင်သွားလေ့ရှိတယ်၊ အဲဒီလိုပဲ အခြားထင်ရှားတဲ့ ဆရာတော်ကြီးတွေဆိုရင်လည်း သူတို့နဲ့ သက်ဆိုင်တဲ့ မိတ်ခါတ်၊



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကက်ကင်းမာတ်တွေကို ပြုလုပ်ထားလေ့ရှိတယ်"

"ဒါဖြင့် လူတွေမှာရော တက်ကင်းခါတ်ကြောင့် ချမ်းသာတဲ့လူတွေ ရှိသလား"

"အများကြီး ရှိတာပေါ့၊ ဥပမာ ကျားပျံမကောက် ဆိုတဲ့နာမည်ဟာ ကက်ကင်းတဝက် ယူထားတာပဲ၊ ဒါကြောင့် ဆေးလိပ်လုပ်ငန်းနဲ့ ကြီးပွားချမ်းသာခဲ့တယ်၊ အဲဒီလိုပဲ ကက်ကင်းမာတ်ယူထားတဲ့ လုပ်ငန်းတွေအများကြီး ရှိကြတယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတာပေါ့ကွာ၊ စောစောက မင်းပြောသလိုပေါ့. . ကိုယ့်ရဲ့ကြိုးစားအားထုတ်မှုလည်း ကောင်းရတယ်၊ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ စေတနာထားရတယ်. . ဂရုစိုက်ရတာလည်း ပါရတာပေါ့၊ ဒါလည်း အရေးကြီးတာပဲ"

"ဘယ်လိုအရေးကြီးတာလဲ"

"တချို့က မအောင်မြင်ခင်မှာသာ လုပ်ငန်းအပေါ်မှာ အာရုံစိုက်ပေမယ့် အောင်မြင်လာတဲ့အခါ အာရုံစိုက်မှု လျော့သွားတတ်တယ်၊ ထမင်းဆိုင် ဖွင့်ကာစမှာ လူကြိုက်များအောင် ကိုယ်တိုင်ချက်ပေမယ့် တကယ်အောင်မြင်လာတဲ့အခါ ကိုယ်တိုင်မချက်တော့ဘဲ အစေအပါးတွေကို ချက်ခိုင်းတယ်"

"ဟုတ်တယ်ဗျ"

"မြို့မှာ ရောင်းတဲ့ လက်ဖက်ရည်ဆိုင်တွေဆိုရင်လည်း ဖွင့်ကာစမှာ လူကြိုက်များအောင် ဂရုတစိုက်နဲ့ ကိုယ်တိုင်ဖျော်ပေးတယ်၊ လူများလာတော့ မဖျော်ပေးတော့ဘဲ တပည့်တွေနဲ့ လွှဲထားတယ်၊ တပည့်ဆိုတာ အလုပ်သမားပဲ. . မှာတာတခြား





လုပ်တာတခြား ဖြစ်တော့ ဘယ်သူမှ မလာတော့ဘဲ အရင်းပြုတ်တဲ့လူတွေ အများကြီးရှိတယ်"

"ဟုတ်ပါ့ဗျာ. . ."

"ဒါကြောင့် လက်ဖက်ရည်ဆိုင်ပဲဖြစ်ဖြစ် ထမင်းဆိုင်ပဲဖြစ်ဖြစ် အစားအသောက်ဆိုင်တွေမှာ စားပွဲထိုးနဲ့ ပစ်ထားလို့ အလုပ်သမားတွေနဲ့ မျက်နှာလွှဲထားလို့ ဆိုင်ပြုတ်ရတာတွေ အများကြီး ရှိတယ်၊ လူတွေမှာ လျှာတစ်ချောင်းတော့ ပါကြတယ်၊ အစားအသောက်တွေကို ကိုယ်တိုင် မလုပ်တတ် မချက်တတ်ပေမယ့် လျှာနဲ့ အရသာခံပြီး ကောင်းမကောင်းတော့ လူတိုင်းသိကြတယ်၊ လျှာအရသာခံတတ်သလို. . ကောင်းတယ် မကောင်းဘူးလည်း ပြောတတ်တယ်၊

ကောင်းရင်လည်း အဲဒီလျှာကြောင့် သတင်းပြန့်သွားသလို မကောင်းရင်လည်း အဲဒီလျှာကြောင့်ပဲ နာမည်ပျက်ပြီး အရင်းပြုတ်တာပဲ"

"မှန်ပါ့ဗျာ. . ."

"ဒီတော့ အစားအသောက်ပဲ ရောင်းရောင်း၊ အလုပ်လုပ်တဲ့နေရာမှာပဲဖြစ်ဖြစ်၊ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ စေတနာတွေ ထည့်လုပ်ရင် ဘယ်တော့မှ အကျိုးမယုတ်ဘူး၊ ကိုယ်လုပ်တဲ့အလုပ် ကိုးကျပ်သားမှာ စေတနာတစ်ကျပ်သားလောက် ထည့်လိုက်ရင် တစ်နေ့တခြား ကြီးပွားချမ်းသာလာမှာပဲ"

"ဦးသူတော်ကြီး ပြောတာ နားထောင်ပြီး ကျုပ်တော့ ချမ်းသာချင်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ ထန်းတက်တာနဲ့ တာတေဆိုတဲ့နာမည်က ကက်ကင်းမိနေတယ်၊ နေရာဒေသလည်း မကောင်းဘူး၊ လုပ်တဲ့အလုပ်ကလည်း မကောင်းတော့ တစ်သက်လုံး ကြီးပွားမှာ မဟုတ်ဘူး"

ထိုသို့ပြောလိုက်သော်လည်း တာတေ စိတ်မဆိုးသည့်အပြင် တဟားဟားနှင့်ပင် သဘောကျစွာ ရယ်မောနေသည်။ ပြီးနောက် ဗုင်းတဲမှာ ရှိသော အစားအသောက်များကိုပင် သဒ္ဓါတရား ထက်သန်စွာဖြင့် ချကျွေးလေသည်။ ဖိုးသူတော်ကြီးကလည်း မောပန်းလာသောကြောင့် ချကျွေးသော အစားအသောက်များကို တစ်ခုပြီးတစ်ခု စားသောက်လေသည်။

"ဒါထက် ဦးသူတော်ရဲ့အမည်က ဘယ်သူလဲဗျ"

"ငါ့နာမည်က ဦးကံရာဇာလို့ ခေါ်တယ်"

"စောစောက ဦးသူတော် ရွတ်လာတဲ့စာတွေက ဘာစာတွေလဲဗျ"

"တဘောင်စာတွေပေါ့ကွ"

"ငါတို့ လူ့လောကမှာ၊ အတိတ်၊ နိမိတ်၊ စနည်း၊ ဘဝေါ၊ တဘောင် ဆိုတဲ့ အတိတ်နိမိတ် ကောင်းတဲ့ ပညာတွေ ရှိတယ်၊ မြတ်စွာဘုရား အလောင်းတော် ပဋိသန္ဓေ ရှိတဲ့အခါမှာ ပညာရှိပုဏ္ဏားတွေကို အဟောခိုင်းတဲ့အခါ နက္ခတ်တာရာတွေရဲ့အလိုအရ စကြဝတေးမင်းဖြစ်မယ်လို့ ဟောကြတယ်"

"ဟုတ်ပါပြီ . . . ပြောပါဦး"

"ကောဏ္ဍည ပုဏ္ဏားတစ်ဦးတည်းကသာ အတိတ်နိ





မိတ်တွေကိုကြည့်ပြီး လက်ညှိုးတစ်ချောင်း ထောင်ပြီးတော့ ဘုံသုံးပါးမှာ ဘုရားစင်စစ် ကေန်ဖြစ်မယ်လို့ ဟောပြီး . . မိဂဒါဝုန်တောကနေ သွားစောင့်နေခဲ့တယ်၊

သူပြောတဲ့အတိုင်း သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်လာတော့ တရားဦး နာခွင့်ရတယ်"

"အတော်ဆန်းကြယ်တာပဲ"

"ဒါအပြင် ဘုရားအလောင်းဟာ ဘုရားရှင် မဖြစ်ခင်မှာ ထူးခြားတဲ့ အိပ်မက်တွေမက်ခဲ့တယ်၊

ပထမအိပ်မက်က ဟိမဝန္တာကို ခေါင်းအုံးပြီး ကမ္ဘာမြေကြီးပေါ်မှာ လျောင်းစက်တာကို မြင်တယ်၊

ဒုတိယအချက်က ချက်တော်မှ သစ်ပင်ပေါက်ပြီး မြင့်တက်သွားတာကို မြင်တယ်၊

တတိယက လူများစွာတို့ရဲ့ရှိခိုးခြင်း ခံရတယ်လို့ မြင်တယ်၊

စတုတ္ထက အရပ်လေးမျက်နှာက ပျံဝဲလာတဲ့ငှက်တွေက ရင်ခွင်ထဲကို ရောက်လာတယ်လို့ မြင်တယ်၊

ပဉ္စမက ကျင်ကြီးကျင်ငယ်တွေ ပေကျံနေတဲ့မြေပေါ်မှာ လျှောက်သွားပေမယ့် ခြေထောက်ကို မထိဘူးဆိုတဲ့ အတိတ်နိမိတ်တွေ တွေ့ရတယ်"

"အံ့ဩစရာပါပဲဗျာ"

"ဒါထက် အံ့ဩစရာကောင်းတာတွေ အများကြီးရှိသေးတယ်၊ ငါတို့ မြန်မာရာဇဝင်လောကမှာ အတိတ်နိမိတ် ကျွေက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပညာ ထူးချွန်တဲ့လူတွေ ရှိခဲ့ဖူးတယ်၊ အဲဒီမှာ အယူတော်မင်္ဂလာနဲ့ အတိတ်နိမိတ်ကောက်တဲ့ပညာ ထူးချွန်တဲ့လူတစ်ယောက်အကြောင်းကို ငါပြောပြမယ်”

ဖိုးသူတော်ကြီး တဲအတွင်းမှာ အမောပြေ နားနေရင်းနှင့် အောက်ပါအကြောင်းအရာအချို့ကို ပြောပြလေသည်။

အတိတ်၊ နိမိတ်၊ စနည်း၊ ဘဝေါနှင့် တဘောင်ပညာများနှင့် ပတ်သက်လျှင် အယူတော်မင်္ဂလာ ဦးနိုးအကြောင်းမှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပေသည်။

မောင်နိုးလောင်းလျာ ပဋိသန္ဓေယူခါနီးအချိန် မိခင်မမင်းလှသည် ဥပုသ်သီလ ဆောက်တည်ပြီးနောက် ဥပုသ်ဇရပ်ပေါ်၌ ခေတ္တမျှ လဲလျောင်းစဉ် အိပ်ပျော်သွားပြီး ထူးဆန်းသော အိပ်မက် မြင်မက်လေသည်။

ဝတ်ဖြူစင်ကြယ် စလွယ်ကိုးဆင့် ဝတ်ဆင်ထားသော ပုဏ္ဏားတစ်ယောက်သည် လက်တစ်ဖက်တွင် လက်ယာရစ်ခရုသင်းကို ကိုင်ဆောင်ပြီး ကျန်လက်တစ်ဖက်တွင် သပြေ၊ မြေစာမြက်များ ကိုင်ဆောင်လျက် ဇရပ်ပေါ်တွင် အိပ်ပျော်နေသော မမင်းလှအနီးသို့ ရောက်လာကာ. . .

“ဒါယကာမကြီး. . . ကျွန်ုပ် ဒီမှာ တစ်ညမျှ တည်းခိုပါရစေ”

ထိုအခါ မမင်းလှက. . .

“ဆရာပုဏ္ဏား အဖော်လည်းမပါ၊ တစ်ပါးတည်း ဘယ်ခရီးကလာလို့ ဘယ်ကိုကြွမှာလဲ”





“ကျွန်ုပ်ကား ဂေါတမဗုဒ္ဓ ပွင့်ထွန်းရာ မဇ္ဈိမဒေသက လာခဲ့ပါတယ်၊ ဗြာဟ္မဏလူမျိုး ကောဏ္ဍညအနွယ် မင်းတိုင်ပင်ပုရောဟိတ်မျိုး ဖြစ်ပါတယ်၊ ယခု လာရခြင်းမှာ တစ်ဆယ့်ကိုးနှစ်သားအရွယ်သို့အရောက်တွင် နန်းတက်မည့် မင်းလက်ထက်၌ ရာထူးဌာနန္တရ ပေးမည်ဟု မင်းက ဆင့်ခေါ်သောကြောင့် လာရခြင်းဖြစ်ပါတယ်”

မမင်းလှသည် အံ့သြစွာဖြင့်. . .

“ယခု ဆရာပုဏ္ဏား အသက်ဘယ်လောက်ရှိပြီလဲ”

ဟု မေးရာ. . .

“ကျွန်ုပ်အသက်က ပလ္လင်သခင်ကို ဖွားမြင်သည့်နေ့မှစ၍ ရေတွက်သော် ပလ္လင်ပေါ်ထွက်သည့်နေ့ထိရှိသော နှစ်အရေအတွက်ဟာ ကျွန်ုပ်တို့၏အသက်ဖြစ်ပါတယ်”

မမင်းလှသည် မျိုးကောင်းဆွေကြီးသမီးပီပီ ပညာဗဟုသုတ ပြည့်ဝသူဖြစ်၍ ပုဏ္ဏား၏စကားကို ဆင်ခြင်စဉ်းစားသည်မှာ. . .

ဂေါတမ ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသားသည် မယ်တော်မာယာ၏ဝမ်းကြာတိုက်မှ ဖွားသန့်စင်ပြီး သက်တော်(၂၉) နှစ်တွင် ထီးနန်းရိပ်ငြိမ် မင်းစည်းစိမ်ကို စွန့်လွှတ်ကာ တောထွက်တော်မူ၍ ခြောက်နှစ်တို့ ကာလပတ်လုံး လူသာမန်တို့ ပြုနိုင်ခဲသော ဆင်းရဲပင်ပန်းကြမ်းတမ်းသည့် ဒုက္ကရစရိယာ အကျင့်ကို ဖြည့်ကျင့်ပြီးလျှင် နောက်ဆုံး သဗ္ဗညုတဉာဏ်ရှင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားအဖြစ် ရောက်တော်မူသည့်နေ့မှာပင် အပရာဇိတပလ္လင် ပေါ်ထွန်းလာခဲ့ပေသည်။ အပရာဇိတ ပလ္လင်သခင် ဘုရားရှင်သည် ဘုရားအဖြစ် ရောက်လတ်သောအခါ သက်တော်(၃၅)နှစ် ရှိပေပြီ။

မမင်းလှသည် ထိုသို့စဉ်းစားပြီးနောက်. . .

"ဆရာပုဏ္ဏား အသက်(၃၅)နှစ် မဟုတ်လား"

ထိုအခါ ပုဏ္ဏားက ကြည်နူးဝမ်းမြောက်စွာနှင့်. . .

"မှန်ပါတယ်"

ဟု ဝန်ခံလေသည်။

ထိုအခါ မမင်းလှက. . .

"ဆရာပုဏ္ဏား အသက်(၃၅)နှစ်ရှိပြီဆိုရင် ပထမ ဆရာပုဏ္ဏား ပြောထားတဲ့ (၁၉)နှစ်မှာ နန်းတက်မယ့်ဘုရင်က ရာထူးပေးမယ်၊ လာရောက်ခစားရန် ဆင့်ခေါ်လို့ လာရသည်ဟု ဆိုခြင်းမှာ ရှေ့နောက်စကားမညီ ဖြစ်နေပါတယ်၊ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ သိပါရစေ"

ပုဏ္ဏားသည် မမင်းလှ၏အမေးစကားကို မဖြေကြားတော့ဘဲ. . .

"အနာဂတေ ဇာနိဿတိ

အနာဂတေ ဇာနိဿတိ

အနာဂတေ ဇာနိဿတိ"

ဟု အောင်မြင်ခန့်ညားသောအသံနှင့် သုံးကြိမ်သုံးခါ ကြွေးကြော်ပြီးလျှင် လက်ယာရစ် ခရုသင်းဖြင့် မမင်းလှ၏လက်





ယာနံပါးကို ဖွင့်လှစ်၍ ဝမ်းကြာတိုက်အတွင်း ဝင်သွားလေရာ မမင်းလှမှာ ကြောက်ရွံ့ထိတ်လန့်ခြင်းကြီးစွာဖြစ်ပြီး ယောင်ယမ်းအော်ဟစ်ကာ အိပ်ရာမှ လန့်နိုးလေသည်။

မမင်းလှ၏ ထူးဆန်းသောအိပ်မက်သည် တစ်ခဏချင်းပင် ဘုန်းကြီးကျောင်း ဥပုသ်ဇရပ်မှတစ်ဆင့် တစ်ရွာလုံးသို့ ပျံ့နှံ့သွားသည်။

ထူးဆန်းသောအိပ်မက်ကြောင့် စိုးရိမ်သောက ရောက်နေကြသော မမင်းလှနှင့် မိဘဆွေမျိုးများအား ကြခတ်ရွာကျောင်းဆရာတော်က မိန့်ဆိုသည်မှာ. . .

"အိပ်မက်ကြောင့် စိတ်ပင်ပန်းဆင်းရဲ မဖြစ်ကြပါနဲ့၊ အိပ်မက်က ကောင်းသောအတိတ်နိမိတ် ဖြစ်ပါတယ်"

"သမြေ၊ မြေစာ မင်္ဂလာအောင်ပန်းကို ကိုင်ဆောင်ထားသော ပုဏ္ဏားကို မြင်မက်သောကြောင့် မိမိထက် ကြီးကဲမြင့်မြတ်သူက ချီးမြှင့်မြောက်စားခံရမယ်၊

ပုဏ္ဏားက ခရုသင်းနှင့် ဖွင့်၍ ဝမ်းဗိုက်တွင်း ဝင်သည်ဟု မြင်မက်ခြင်းကြောင့် မင်းဆရာဖြစ်မည့်သူငယ် သန္ဓေယူမယ်၊

အိပ်မက်ထဲမှပုဏ္ဏားသည် လက်ညှိုးတစ်ချောင်း ထောင်၍ ဘုရားစင်စစ် ဧကန်ဖြစ်မည်ဟု ဟောဆိုခဲ့သော ပုဏ္ဏားမျိုးနွယ်ဟု ဆိုခြင်းကြောင့် အတိတ်၊ နိမိတ်၊ အယူတော် မင်္ဂလာအားဟောဆိုနိုင်သော သတို့သားကို ဖွားမြင်လိမ့်မယ်၊

ပုဏ္ဏားအသက် (၃၅)နှစ်ဖြစ်ပါလျက် 'ငါ၏အသက်(၁၉)နှစ်တွင် နန်းတက်သော မင်းလက်ထက်၌ သူကောင်းပြုခြင်း



www.burmeseclassic.com

www.burmeseclassic.com



ခံရမည်'ဆိုသဖြင့် သူငယ်(၁၉)နှစ်အရွယ်အရောက်တွင် ကောင်းကျိုးပေးလိမ့်မယ်၊

'အနာဂတေ ဇာနိဿတိ' လို့ ပုဏ္ဏားရွတ်ဆိုသွားတဲ့ ပါဠိစကားအဓိပ္ပါယ်က အနာဂတေ-အနာဂတ်ကာလမှာ ဇာနိဿတိ-သိကြရမယ်လို့ ဆိုလိုပါတယ်၊

နိမ့်သောင်-နောင်မှသိရမယ်လို့ ဆိုလိုတာပေါ့၊ ဘုန်းကြီးအိပ်မက် နိမိတ်ဖတ်တာ မှန်မမှန် အချိန်ယူပြီး စောင့်ကြည့်ကြတာပေါ့၊

အိပ်မက်အလိုအတိုင်းဆို အမှန်ကောင်းကျိုးပေးမယ့် သူငယ်ဖြစ်လို့ ‌ ကိုယ်ဝန်လွယ်နေရစဉ်အခိုက် သန္ဓေသားကို ကောင်းစွာထိန်းသိမ်းပါ။ ဥပုသ်သီလ အမြဲမပြတ် ဆောက်တည်ပါ။ ကုသိုလ်ကောင်းမှုတစ်ခုခု မိမိတတ်နိုင်သလောက် နေ့စဉ်ပြုပါ။ အင်္ဂုလိမာလပရိတ် အိပ်ရာဝင်တိုင်း ရွတ်ပွားပူဇော်ပါ။ မင်္ဂလာရှိသော သတို့သား ဖွားမြင်ပါလိမ့်မယ်"

ဆရာတော်၏မိန့်ဆိုစကား ကြားကြရသည်နှင့် မမင်းလှနှင့် ခင်ပွန်းကိုရွှေညိုတို့မှာ စိုးရိမ်သောက မြူမျှ မရှိတော့ဘဲ ဝမ်းမြောက်ကြည်နူး ဖြစ်သွားကြတော့၏။ ကိုယ်ဝန်ကို ကောင်းစွာစောင့်ရှောက်ကြသည်။

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ကိုးသွန့်ကျေးရွာအုပ်စု ကြခတ်ရွာ သားအဖ ဦးရွှေညိုနှင့် အသည်ဝန်ကြီး (မင်းကြီးမဟာမင်းလှကျော်ထင်)၏နှမဖြစ်သူ အမိ ဒေါ်မင်းလှတို့မှ (၁၁၂၄)ခု၊ နယုန်လပြည့်ကျော်(၉)ရက် (၁၅-၆-၁၇၆၂) အင်္ဂါနေ့ မွန်းလွဲ(၁)





နာရီကျော်တွင် သားယောကျ်ားလေးကို ဖွားသန့်စင်သည်။

နာမည်ပေးရမည့်အရွယ်သို့ ရောက်သော် မိမိတို့ ကိုးကွယ်သော ဆရာဘုန်းကြီးမှ သူငယ်၏ မွေးလ၊ ခုနှစ်၊ နေ့ရက်၊ နာရီကို မေးမြန်းစိစစ်ပြီး အင်္ဂါသားပင်ဖြစ်သော်လည်း နေ့နံကိုလိုက်၍ နာမည်မမှည့်ဘဲ ပဋိသန္ဓေယူစဉ် မိခင်အိပ်မက်ရာမှ လန့်နိုးသည်ကို ထောက်၍ သူငယ်အား နိုးကြားတက်ကြွမှုဖြစ်နေစေရန်နှင့် "နာမည်ကို အဆန်း၊ နေရပ်ကို အပြန်၊ အမည်သေစေ၊ လူရှင်စေ" ဟူသည့် နာမည်ပေးနည်းများနှင့်လျော်စွာ အထွန်းဖွားဖြစ်သော သူငယ်အား 'မောင်နိုး' ဟု အမည်ပေးလေသည်။

မောင်နိုးကား မဟာဘုတ်ဇာတာခွင်အရ 'အထွန်း' ဖွားဖြစ်၍ မှည့်ခေါ်ထားသော နေ့နံ 'စနေ'မှာ 'မရဏ' ကျလေသည်။

မောင်နိုး ခုနစ်နှစ်သားအရွယ်ရောက်လျှင် ဘုံသာတုလွတ် ဆရာတော်ထံတွင် ပညာသင်ရန် အပ်နှံသည်။

အသက်(၁၄)နှစ်သားအရွယ်တွင် သဒ္ဒါ၊ သင်္ချိုဟ်၊ အင်္ဂဝိဇ္ဇာ၊ ဗေဒင်နှင့် ဓာတ်ရိုက်ဓါတ်ဆင်ပညာများကို သင်ယူတတ်မြောက်သည်။

အသက်(၁၅)နှစ်အရွယ်၌ ကိုရင်ဝတ်သည်။

ဘွဲ့အမည်ကား 'ရှင်ဇာဂရောဘာသ' ဖြစ်သည်။

ကြခတ်ရွာကျောင်းဆရာတော် မှည့်သော 'မောင်နိုး' ဟူသောအမည်ကို ထောက်ဆ၍ နိုးကြားတတ်ကြွခြင်း အဓိပ္ပါယ်ဆောင်သော 'ဇာဂရောဘာသ'ဟု ဘွဲ့အမည်ပေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် ကလေးအရွယ် ငယ်စဉ်ကပင် အတိတ်နိမိတ် ဖတ် အယူတော်မင်္ဂလာ အတတ်ပညာတွင် သူမတူအောင် ထူးချွန်သော မောင်နိုးအား. . . အင်းဝဘုရင် ဝမ်းဘဲအင်းစံမင်း (၁၀၃၄-၁၀၆၀)လက်ထက်တော်က 'စက္ကာဘိဃေသ' ဘွဲ့တံဆိပ်နာမ ရရှိသော အင်္ဂဝိဇ္ဇာ၊ ဗေဒဝိဇ္ဇာ သိုက်သွန်းကျမ်းဆရာ 'ဇာဂရုပုဏ္ဏား'နှင့် ဂုဏ်ရည်တူစေရန် အနီးစပ်ဆုံး နာမည်အဖြစ် 'ဇာဂရောဘာသ'ဟု အမည်တွင်စေခြင်း ဖြစ်ပေသည်။

ရှင်ဇာဂရောဘာသသည် အသက်(၁၇)နှစ်အရွယ်တွင် ကိုရင်လူထွက်၍ ဦးရီးတော် အသည်ဝန်ကြီးမင်းလှ ကျော်ထင်၏စီမံမှုဖြင့် မင်းမှုထမ်းအဖြစ် အမရပူရ မြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီးထံတွင် အမှုထမ်းခဲ့ရာ အသက်(၁၉)နှစ်အရွယ်တွင် 'နေမျိုးလေခပ့်ချီ' ဘွဲ့အမည်ရည်ဖြင့် အမှာတော်ရေး ခန့်ထားခြင်းခံရသည်။

(၁၁၈၁)ခု၊ ကဆုန်လပြည့်ကျော်(၈)ရက် ညဦးသန်းခေါင်ကျော်အချိန်၌. . .

"ကျုပ်မရှိတော့သည့် နောင်သောအခါ၌ အရှူး၊ ကလေးသူငယ်၊ အငြိမ်းစား၊ ဇာတ်သဘင်၊ အနုပညာရှင်တို့သည် သူ့ကိုယ်စား အတိတ်နိမိတ် ကောက်ယူနိုင်ရန် တဘောင်စကား နိမိတ်စကားများ ပြောဆိုကြလိမ့်မည်"

ဟု နောက်ဆုံးစကားပြောကြားရင်းဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။

ထိုနေရာရောက်သောအခါ ဖိုးသူတော်ကြီးက စကား





ကို အဆုံးသတ်လိုက်လေသည်။

တာတေက ရေနွေးကြမ်းတစ်ခွက်နဲ့ ထည့်ပေးသဖြင့် သောက်နေသည်။

"အင်း. . ဦးသူတော်ကြီးနဲ့တွေ့တာ အတော် ဗဟုသုတရတယ်ဗျို့၊ ကျုပ်တို့ တောမှာတော့ တစ်သက်လုံးနေလို့ တစ်ခါမှ မကြားဖူးတဲ့ အကြောင်းအရာတွေပါပဲ၊ ဒါထက် အဲဒီတဘောင်စကားတွေရဲ့အဓိပ္ပါယ်တွေကရော ဘာတွေလဲဗျ"

"အခုနေ ရှင်းပြရင် မင်းလည်း နားလည်မှာ မဟုတ်ပါဘူး တာတေရာ၊ ဒါထက် ရှေ့မှာ မြင်နေတာ ဘာရွာလဲကွယ့်"

"ကျောက်ပြာသာဒ်ရွာလို့ ခေါ်တယ်"

"ဟုတ်ပြီ. . . အဲဒီရွာမှာ ငါ့ရဲ့မိတ်ဆွေတစ်ယောက် ရှိတယ်"

"ဘယ်သူများလဲ"

"သူ့နာမည်က နီမောင်လို့ ခေါ်တယ်"

"အော်. . . သိပြီ၊ တလောက မသင်္ကာမှုနဲ့ ပုလိပ်အဖမ်းခံရတဲ့လူငယ်ပဲ၊ သူပြန်ရောက်နေပါပြီ. . ဒါထက် ဦးသူတော်ကြီးက သူနဲ့ ဘယ်လိုသိတာလဲ"

"အချုပ်ထဲမှာ သိကြတာပါ"

ထိုစကားကြောင့် တာတေမှာ အံ့သြသွားလေသည်။

"ဖိုးသူတော်လည်း အချုပ်ထဲ ရောက်တာပဲလား"

"ဖိုးသူတော်ပဲဖြစ်ဖြစ် လူပဲဖြစ်ဖြစ် ဖမ်းတဲ့လူက မတရားဖမ်းရင်တော့ ရောက်ရမှာပဲပေါ့၊ ကဲ. . . အမောလည်း ပြေပြီ၊


www.burmeseclassic.com

www.burmeseclassic.com



ငါသွားတော့မယ်ဟေ့”

ဟု ပြောဆိုနှုတ်ဆက်ပြီး ချထားသောထမ်းပိုးကို ပြန် ထမ်းပြီးနောက် ကြေးစည် တနောင်နောင် တဝေဝေ ထုလျက် ပါးစပ်မှလည်း တဘောင်စကားများ တတွတ်တွတ် ရွတ်ဆိုကာ ထွက်သွားလေတော့သည်။

ထိုအခါ တာတေက တိုးတိုးလေး ရေရွတ်လိုက်လေသည်။

“ဒီဦးသူတော်ကြီး ကြည့်ရတာ ထူးဆန်းတယ်၊ သက်ဆိုင်တဲ့လူတွေ ရောက်လာလိမ့်မယ်လို့ ပြောသွားတာ. . တစ်ယောက်တော့ ရောက်လာပြီ ထင်တယ်”

ဖိုးသူတော်ကြီးကတော့ အဝေးသို့ ရောက်သွားလေပြီ။







# အခန်း(၉)

# ဖိုးသူတော်ကြီးနှင့် မိတ်ဆွေများ

ဖိုးသူတော်ကြီး ရွာသို့ ရောက်လာသောကြောင့် နီမောင်တော့ သဘောကျနေလေသည်။

“ဦးသူတော်. . . ဒီလောက်ဝေးတဲ့ခရီးကို ဘယ်လို ရောက်လာတာလဲ”

“ငါက နေရာအနှံ့ လျှောက်သွားနေတဲ့သူပဲ၊ ဒီလောက် ခရီးကိုတော့ ဝေးတယ်မထင်မိပါဘူး၊ လမ်းမှာတွေ့တဲ့ ရွာတွေ ဝင်ပြီး အလှူခံရင်း မေးရင်းနဲ့ပဲ ရောက်လာတာပေါ့ကွာ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါ. . ဒါဖြင့် ကျွန်တော့်ဆီကို တမင်လာတာပေါ့နော်"

ဖိုးသူတော်ကြီးက ခေါင်းညိတ်ပြသည်။

"ဒီလောက်ဝေးလှတဲ့ ပင်လယ်ကမ်းခြေမှာရှိတဲ့ ရွာလေး ရွာကို ငါက အကြောင်းမရှိဘဲ အပင်ပန်းခံပြီးတော့ လာပါ့မလား ကွာ၊ မင်းနဲ့ တွေ့ချင်လို့ လာတာပေါ့"

ထိုသို့ပြောသောအခါ နီမောင်လည်း ဝမ်းသာသွားလေ သည်။

"ဦးသူတော်ကြီး ရောက်လာတာ ကျွန်တော်ဖြင့် သိပ် ဝမ်းသာတာပဲဗျာ၊ မဟုတ်ရင် ကျွန်တော်တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေတာ"

ဖိုးသူတော်ကြီးက ကွမ်းယာကို တမြုံ့မြုံ့ ဝါးရင်း တစ် ချက်ကြည့်လိုက်သည်။

"ပြောပါဦး. . . ဘာတွေများ အခက်အခဲတွေ ဖြစ်နေ လို့လဲ"

နီမောင်က သူကြုံတွေ့ရသော ထူးထူးဆန်းဆန်း အ ကြောင်းအရာများကို ဖိုးသူတော်ကြီးကို ပြောပြလိုက်သည်။

"အဲဒါတွေ ရိုးရိုးသားသားတွေမှ ဟုတ်ရဲ့လား မသိဘူး"

"မင်းကကော ဘယ်လိုထင်လို့လဲ"

"ကျွန်တော်မသိလို့ ဦးသူတော်ကြီးကို မေးတာပေါ့"

"မင်းကလည်း အတော်ရိုးအတာပဲကိုး၊ အရိပ်ပြတာ တောင် ဘာကောင်မှန်း မသိဘူးဆိုသလို ဖြစ်နေတယ်၊ တကယ် တော့ မင်းကြုံတွေ့နေရတာတွေက အကြောင်းတိုက်ဆိုင်လို့ ဖြစ်





နေတယ်လို့များ ထင်နေသလား"

နီမောင်က မျက်လုံးအပြူးသားဖြင့် ကြည့်နေလေသည်။

"မင်းနဲ့ တွေ့နေတဲ့သူတွေဟာ သာမန်လူတွေ မဟုတ် ဘူး၊ ပရလောကနဲ့ ဆက်နွယ်နေတဲ့သူတွေပဲ"

"ဟင်. . . ပရလောကသားဆိုတော့ သရဲတစ္ဆေတွေပဲ ပေါ့နော်"

"ပရလောကသားဆိုတိုင်း တစ္ဆေသရဲ မဟုတ်ပါဘူး၊ နတ်၊ ဘီလူး၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗနတ်၊ ဘုမ္မိယ သိုက်နန်းရှင် တွေ၊ ရုက္ခစိုး၊ ဘုမ္မစိုးတွေလည်း ပရလောကသားတွေပါပဲ၊ တစ် ခုတော့ ရှိတာပေါ့ကွာ. . ပရလောကမှာလည်း လူ့လောကမှာ လိုပဲ အမျိုးမျိုးအထွေထွေနဲ့ အဆင့်အတန်း ကွဲပြားမှုတွေတော့ ရှိကြတာပေါ့"

"ဘယ်လို အဆင့်အတန်း ကွဲတာလဲဟင်"

"လူတွေမှာ အဆင့်အတန်းမြင့်တဲ့လူတွေ ရှိသလို. . အောက်တန်းကျတဲ့လူတွေ ရှိတယ်၊ လူတော်လူကောင်းတွေ ရှိသ လို လူဆိုးလူမိုက်တွေ ရှိသလိုမျိုးပေါ့၊ ပရလောကမှာလည်း လူ တွေကို အကူအညီပေးတဲ့သူတွေ ရှိသလို အနှောင့်အယှက် ပေး တဲ့သူတွေလည်း အများကြီးရှိတာပေါ့၊ သရဲတစ္ဆေဘဝ ရောက် နေရပေမယ့် လူတွေကို ကူညီစောင့်ရှောက်ပေးတဲ့သူတွေ အ များကြီး ရှိကြပါတယ်"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ သက်သာမှု ရသွား လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ကျွန်တော်နဲ့တွေ့တဲ့ မောင်နှမကရော ဘယ်လိုအမျိုးအစားတွေလဲဟင်"

ဖိုးသူတော်ကြီးက အတန်ကြာအောင် စဉ်းစားပြီးမှ ပြောသည်

"မင်းကို ရွှေဒင်္ဂါးတွေ လာပေးသွားတယ်ဆိုတော့ သိုက်စောင့်တွေ ဖြစ်မှာပေါ့"

"သိုက်စောင့်ဆိုတာ ဘယ်လိုမျိုးလဲဟင်"

"အများကြီးရှိတာပေါ့၊ တစ်ကမ္ဘာလုံး နေရာအနှံ့အပြားမှာ သိုက်တွေ အများကြီး ရှိသလို သိုက်စောင့်တွေလည်း အများကြီး ရှိတယ်၊ ငါတို့မြန်မာနိုင်ငံမှာဆိုရင်လည်း နေရာအနှံ့အပြားမှာ ဥစ္စာသိုက်တွေ အများကြီး ရှိတယ်၊ ငမန်ကန် သိုက်ညွှန်းတစ်ခုထဲနဲ့တင် သိုက်ပေါင်း ကိုးသိန်းကိုးသောင်းကျော် ရှိတယ်"

"အများကြီးပါလား"

"ဒါတောင် ငါတို့ မသိသေးတာတွေ အများကြီး ကျန်သေးတယ်၊ အများအားဖြင့်တော့ ဥစ္စာသိုက်တွေချည်းပါပဲ၊ အများဆုံး ရှိတဲ့နေရာတွေကတော့ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွေမှာပဲ၊ ဘာကြောင့်လဲဆိုတော့ ရှေးတုန်းက မင်းနေပြည်တော်တွေ ရှိခဲ့တဲ့နေရာတွေမို့ပဲ"

"ကျွန်တော့်ကို အကူအညီလာပေးသွားတဲ့မောင်နှမက ဘယ်လိုအမျိုးအစားတွေ ဖြစ်မလဲဟင်"

"လူတွေကို ဒုက္ခပေးမယ့် အမျိုးအစားတော့ ဟုတ်ဟန်မတူဘူး၊ ရေထဲက လာတာဆိုတော့ နဂါးသိုက်နဲ့ အဆက်အနွယ်





ရှိတဲ့သူတွေ ဖြစ်မှာပေါ့၊ ဘာကြောင့်လဲဆိုတော့ အခု မင်းနေတဲ့နေရာက သာမန်နေရာမျိုး မဟုတ်ဘူး"

"ဘယ်လိုနေရာလဲဟင်"

"ဒီနေရာက မြန်မာနိုင်ငံရဲ့တောင်ဘက်စွန်း ရေဆုံးမြေဆုံးနေရာလို့ခေါ်တဲ့ နဂါးရာဇ်အငူနဲ့ ဆက်စပ်နေတဲ့နေရာပဲ၊ ရေဆုံးတယ်ဆိုတာ မြန်မာနိုင်ငံ မြောက်ဖျားစွန်းက စီးဆင်းလာတဲ့ ဧရာဝတီမြစ်ကြီး အဆုံးသတ်သွားလို့ပဲ၊ မြေဆုံးဆိုတာက အနောက်ရိုးမတောင်တန်းကြီးနဲ့ မြေသားနယ်နိမိတ်ဟာ အဲဒီမှာ အဆုံးသတ်သွားလို့ပဲကွ"

"နဂါးရာဇ်အငူဆိုတာ ဘာကြောင့်ခေါ်တာလဲဟင်"

"ရှေးနှစ်ပေါင်းများစွာက ဒီနေရာကို အဖ္လုတ္ထနာဂရအငူလို့ ခေါ်တယ်၊ ဘာကြောင့်လဲဆိုတော့ အဖ္လုတ္ထနာဂရ နဂါးမင်းကြီး ပျော်စံတဲ့နေရာဖြစ်ခဲ့လို့ပဲ၊

နာဂရ နဂါးမင်းကြီးဟာ သာမန်မဟုတ်ဘူး၊ တပုဿနဲ့ ဘလ္လိက ကုန်သည်ညီနောင် ပင့်ဆောင်လာတဲ့ မြတ်စွာဘုရားရဲ့ ဆံတော်ဓါတ်ကို ဦးစွာဖူးတွေ့ခွင့်ရပြီး မဟာမကုဋ္ဌရံသီလို့ခေါ်တဲ့ မော်တင်စွန်းစေတီတော်ကို တည်ခဲ့တဲ့ ဘုရားဒါယကာပဲ၊

ဒါကြောင့် ဒီနေရာမှာတစ်ဝိုက်တွေမှာ နဂါးနဲ့ဆက်သွယ်နေတဲ့သူတွေ နဂါးသိုက်တွေ ရှိနေတာ ဘယ်ဆန်းတော့မလဲ"

ဟု ရှင်းပြလေသည်။

ထို့နောက် ပါးစပ်တွင်းမှ ကွမ်းဖတ်များကို ထုတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နီမောင် ငှဲ့ပေးသော လက်ဖက်ရည်ကြမ်းတစ်ခွက်ကို သောက်နေသည်။

"ဦးသူတော် ရှင်းပြမှပဲ သိရတော့တယ်၊ သူတို့က ကျွန်တော့်ကို ဘာကြောင့် အကူအညီ လာပေးနေကြတာလဲဟင်"

"မင်းဆီက အကူအညီတစ်ခုခု လိုချင်လို့ပဲ ဖြစ်မှာပေါ့"

"ကျွန်တော့်ဆီက ဘာအကူအညီရမှာမို့လဲဗျာ"

"နတ်သိကြားတွေ၊ ပရလောကသားတွေက လူတွေကိုကြည့်တဲ့အခါမှာ ချောတာလှတာ ဆင်းရဲတာချမ်းသာတာကို ကြည့်တာမဟုတ်ဘူး၊ အဲဒါတွေကလည်း သူတို့အတွက် အသုံးမဝင်ဘူး. . အရေးမကြီးဘူး၊ လူတစ်ယောက်နဲ့ ဆက်သွယ်တော့မယ်ဆိုရင် အရင်ဆုံးကြည့်တာ သီလရှိမရှိပဲ၊ နောက်တစ်ချက်က ကိုယ်ကျင့်တရား ကောင်းမကောင်းနဲ့ စိတ်ထားဖြူစင်မှု ရှိမရှိပဲ ကြည့်တယ်"

"အော်. . . ဒီလိုလား"

"ရှေးအတိတ်ဘဝက ကုသိုလ်ကံ ပါလာလို့ ဒီဘဝမှာ ချမ်းသာနေကြပေမယ့် စိတ်ထားမကောင်းတဲ့သူဆိုရင် နတ်တွေ မဆိုထားနဲ့၊ ပရလောကသားတွေကတောင် အနားမကပ်ဘူး၊ အဲ. . . ဘဝပေး အကျိုးပေးတဲ့ကံ မကောင်းခဲ့လို့ ဒီလိုဘဝမှာ ဆင်းရဲနေပေမယ့်လည်း စိတ်ထားဖြူစင်ရင်တော့ နတ်တွေကလည်း စောင့်ရှောက်ပေးတယ်၊ ပရလောကသားတွေကလည်း အကူအညီပေးကြတယ်၊

ဒါကြောင့် သီလမစောင့်နိုင်ရင်တောင်မှ ကိုယ်ကျင့်





တရားကောင်းပြီး စိတ်ဖြူစင်ရင် မြင်အပ်မမြင်အပ် ပုဂ္ဂိုလ်တွေက ဝိုင်းဝန်းကူညီပေးကြလို့ တစ်ချိန်ကျရင် အဆင်ပြေလာနိုင်တယ် ကြီးပွားလာနိုင်တယ်ကွ"

နီမောင်စိတ်ထဲမှာ အားရှိသလို ခံစားလာမိလေသည်။

သို့ကြောင့် ဖိုးသူတော်ကြီးအား ရေနွေးကြမ်းများ တစ်ခွက်ပြီးတစ်ခွက် အဆက်မပြတ် ထည့်ပေးနေသည်။

"တော်ပါပြီကွာ. . . မင်းစေတနာကောင်းမှန်း အချုပ်ထဲမှာကတည်းက ငါသိပါတယ်၊ ဒီလောက်လည်း ထည့်ပေးမနေပါနဲ့. . အသက်ကြီးတော့ ဆီးမကြာခဏသွားရတယ်ကွ"

ဟု ပြောရာ နီမောင်က သဘောကျစွာ ရယ်လိုက်သည်။

"ဒါထက် သူတို့ပေးသွားတဲ့ ရွှေဒင်္ဂါးသုံးပြားက တစ်ပြားသုံးလိုက်ပြီဆိုတော့ နှစ်ပြားမင်းဆီမှာ ကျန်သေးတယ်မဟုတ်လား. . ငါ့ကိုပြပါဦး"

ဟုပြောသဖြင့် နီမောင်က လုံခြုံစွာ သိမ်းထားသော ရွှေဒင်္ဂါးနှစ်ပြားကို ယူလာပြီး ဖိုးသူတော်ကြီး လက်ထဲသို့ ထည့်ပေးလိုက်သည်။

ရွှေဒင်္ဂါးနှစ်ပြားမှာ ရှေးလက်ရာများဖြစ်ပြီး မွန်ဘာသာဖြင့် ရေးသားထားသည့်စာများ တွေ့ရသည်။

ထို့ပြင် တစ်ဖက်တစ်ချက်တွင် နေတံဆိပ်၊ လတံဆိပ်ပါပြီး ဘေးဘက်တွင် မိချောင်းနှစ်ကောင်က ခွေပတ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသူတော်ကြီးက ရွှေဒင်္ဂါးများကို ကြည့်ပြီး မှတ်ချက်ချသည်။

"ဒါ နှစ်ပေါင်းများစွာကတည်းက ရှိခဲ့တဲ့ ဒင်္ဂါးမျိုးတော့ မဟုတ်ဘူးကွ၊ ဒီဒင်္ဂါးတွေရဲ့သက်တမ်းက အလွန်ဆုံးရှိမှ နှစ်ပေါင်း တစ်ရာကျော် နှစ်ရာပဲ"

"အဲဒီမှာ အမှတ်အသားတွေ ပါသလား"

"ပါတယ်. . . အလယ်မှာရှိတဲ့ နေလ,တွေကတော့ မထူးခြားပါဘူး၊ ဒါပေမယ့် နံဘေးမှ ပတ်ထားတဲ့ မိချောင်းတွေကတော့ ရှေးက မွန်လူမျိုးတွေ အသုံးပြုလေ့ရှိခဲ့တဲ့ သင်္ကေတတစ်ခုပဲ"

"ဒီနေရာတစ်ဝိုက်တွေမှာ အရင်က မွန်လူမျိုးတွေ နေခဲ့တဲ့နေရာဟောင်းတွေ ရှိတယ်လို့တော့ ပြောသံကြားတယ်၊ နောက်ပြီး အခုအချိန်ထိ တောထဲမှာ သူတို့ရဲ့အဆက်အနွယ်တွေ ရှိနေကြသေးတယ်လို့တော့ ပြောကြတယ်"

"ဒီဒင်္ဂါးမျိုးတွေက ရှေးက သူတို့ အသုံးပြုခဲ့ကြတဲ့ ဒင်္ဂါးတွေဆိုတော့ မင်းပြောသလိုလည်း ဖြစ်ချင်ဖြစ်မှာပေါ့ကွာ၊ ရှေ့ဒါတွေကို သေသေချာချာ သိမ်းထားပေတော့၊ လောဘသားတွေ မြင်တွေ့သွားရင် ထပ်ပြီးဒုက္ခပေးတာ ခံရဦးမယ်"

ဟုပြောပြီး ပြန်ပေးရာ နီမောင်က အသေအချာ သိမ်းထားလိုက်လေသည်။

ဖိုးသူတော်ကြီး ရောက်လာသောအချိန်မှစပြီး နီမောင်မှာ ပင်လယ်ကိုပင် မထွက်တော့ပေ။





ဖိုးသူတော်ကြီးကတော့ နေ့လယ်ဘက်ဆိုရင် ရွာထဲထွက်ပြီး အလှူခံလေသည်။

ညနေပိုင်းအချိန်ဆိုလျှင် ပြန်ရောက်လာသည်။

သူရလာသောဆန်နှင့် အစားအသောက်အချို့ကို နီမောင်တို့အား ပေးသည်။

"နီမောင် မင်းအလုပ်မဆင်းဘူးလား"

"ဒီရက်တော့ မဆင်းသေးဘူး ဦးသူတော်"

"အေး. . မင်းအားနေရင် ငါတို့ တစ်နေ့လောက်တော့ တောထဲ လျှောက်ကြည့်ရအောင်"

"ဒီနေရာတွေက တောကြမ်းတယ် ဦးသူတော်"

"ဘယ်လိုကြမ်းတာလဲကွ"

"သားရဲတိရစ္ဆာန်တွေလည်း ပေါတယ်၊ နောက်ပြီး ဦးသူတော်ပြောတဲ့ ပရလောကသားဆိုတာတွေလည်း ရှိတယ်"

"မင်းတွေ့ရသလား"

"ကျွန်တော် မြို့ကအချုပ်ထဲ ရောက်နေတုန်း ရွာကသူကြီးစံနက်ကျော်အိမ်ကို မိန်းမတစ်ယောက်နဲ့ ယောက်ျားတစ်ယောက် ရောက်လာပြီး ရေနံဆီမီးအိမ်တစ်လုံးနဲ့ စားစရာတွေကို ငွေတစ်ကျပ်ပေးပြီး ဝယ်သွားတယ်လို့ ပြောတယ်"

"ပြောပါဦး"

"စံနက်ကျော်က သူ့လူနှစ်ယောက်ကို နောက်က လိုက်ကြည့်ခိုင်းတာ မိုးလင်းတဲ့အထိ ပြန်မရောက်လာတော့မှ နောက်မှာ လိုက်ရှာကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်တွေ့ရသလား"

"တွေ့တော့ တွေ့တယ်၊ ဒါပေမယ့် နှစ်ယောက်စလုံး အသက်မရှိတော့ဘူး၊ ညောင်လန်းပင်ကြီးတစ်ပင်အောက်မှာ ခွေခွေလေး သေနေတာ တွေ့ရတယ်၊

နောက်ပြီး သူတို့အလောင်းတွေနားမှာ သစ်ပင်မှာ ချိတ်ထားတဲ့ ရေနံဆီမီးအိမ်ကို ပြန်တွေ့ရတယ်"

"တောထဲကို ညအချိန်မတော် သွားမှတော့ သေတာ ဘာဆန်းသလဲ"

"ဒါ့အပြင် သူ့ကို ပေးထားတဲ့ ငွေတစ်ကျပ်ကိုလည်း ဘယ်သူမှ ကိုင်လို့မရဘူးတဲ့"

"ဘယ်လိုဖြစ်လို့လဲ"

"ထိခိုက်တာနဲ့ မခံမရပ်နိုင်အောင် ယားတာနဲ့ ဘယ်သူမှ မကိုင်ဝံ့ဘဲ တစ်နေရာမှာ ချထားရတယ်၊ အဲဒီလို ထားရင်းနဲ့ နောက်တော့ သူ့အလိုလို ပျောက်သွားတယ်လို့ ပြောတယ်"

"ငွေယားဖြစ်မှာပေါ့ . . ငါတို့အတွက်တော့ ဒါတွေ ကြောက်စရာမလိုပါဘူး၊ ပရလောကသားတွေက သူတို့နဲ့ အဆင်ပြေရင် အန္တရာယ်နဲ့ တွေ့ရင်တောင် ဝင်ပြီး အကူအညီပေးတတ်ကြပါတယ်"

ဟု ပြောရာ နီမောင်လည်း ဘာမှ ထပ်မပြောတော့ပေ။ ညနေပိုင်းအချိန်ရောက်သောအခါ သူတို့အိမ်သို့ လူနှစ်ယောက် ရောက်လာကြသည်။

နဒီနှင့် ၎င်း၏အစ်ကိုဖြစ်သူ နာဂတို့ပင်ဖြစ်သည်။ ၎င်း





တို့မှာ နီမောင်နှင့် တွေ့ဖူးမြင်ဖူးနေသဖြင့် မထူးဆန်းသော်လည်း ဦးသူတော်ကြီးကို မြင်သောအခါမှာလည်း ယခုမှပင် တွေ့ရသော်လည်း မိတ်ဟောင်းဆွေဟောင်းများသဖွယ် ရှိနေကြသည်။

နာဂဆိုသူက ဦးသူတော်ကို နှုတ်ဆက်ရင်း ပြောသည်။

"ဦးသူတော် ရောက်နေမှန်း သိလို့ အဘိုးက အခေါ်လွှတ်လိုက်တာပါ"

"ကောင်းပြီလေ . . လိုက်ခဲ့ပါ့မယ်၊ ကျုပ်တစ်ယောက်တည်းပဲ လိုက်ခဲ့ရမှာလား"

"သူ့ကိုပါ ခေါ်ခဲ့ရမှာ"

နီမောင်ကိုပါ လက်ညှိုးထိုးပြလေသည်။

ထိုအတွက်ကြောင့် နီမောင်မှာ ဝမ်းသာသွားလေသည်။

"ကျွန်တော်တို့နောက်ကသာ လိုက်ခဲ့ပါ"

ဒီတစ်ခါတော့ ဖိုးသူတော်ကြီးက ဘာမှမယူတော့ဘဲ အတိုင်း လိုက်ခဲ့လေသည်။

မောင်နှမနှစ်ယောက်က သူတို့ကို ကျောက်ညီနောင်ခြေနှင့် မနီးမဝေးမှာရှိသော တောင်တန်းတစ်နေရာသို့ ခေါ်သွားလေသည်။


အချိန်က မှောင်ရီသမ်းစပြုနေချေပြီ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

# မြနန်းသိင်္ဂီသို့ ရောက်သွားရခြင်း

နီမောင်တို့ ရောက်သွားသောနေရာမှာ ကျောက်ညီနှောင် ကမ်းခြေတစ်နေရာပင်ဖြစ်သည်။

ထိုနေရာမှာ လူသူနေထိုင်မှု မရှိဘဲ ကျောက်တုံးကျောက်ဆောင်များ ထူထပ်သောနေရာဖြစ်သည်။

ကျောက်ညီနှောင်ဟု အမည်တွင်ရခြင်းမှာ ကမ်းခြေ၌ရှိသော ကျောက်တုံးကြီးနှစ်တုံးမှာ ညီနှောင်သဖွယ် ယှဉ်လျက်ထား ရှိနေသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှသွားနေသော မောင်နှမနှစ်ယောက်က ထို ကျောက်တုံးကြီးနှစ်တုံးကြားသို့ ဝင်သွားသဖြင့် နီမောင်တို့လည်း လိုက်သွားကြသည်။

တစ်နေရာရောက်တော့ ကမ်းစပ်၌ ရပ်ထားသည့် လှေ တစ်စင်းကို တွေ့ရပြီး . အားလုံး ထိုလှေပေါ် သို့ တက်ကြလေ သည်။

ထို့နောက် နာဂဆိုသူပင် လှေကို အပြင်သို့ တွန်းထုတ် လာသည်။

ရေတက်ချိန်ဖြစ်သောကြောင့် ဒီလှိုင်းများက ပင်လယ် ကမ်းခြေသို့ တဝုန်းဝုန်းနှင့် လာရောက်ရိုက်ခတ်နေကြသည်။

သို့သော်လည်း ပင်လယ်ဒီလှိုင်းများက လှေကို လူးရှိုသာ လူးပြီး အန္တရာယ် မရှိလှပေ။

တစ်နေရာရောက်သောအခါမှ အန္တရာယ်နှင့် တွေ့ရ လေတော့သည်။

ကမ်းခြေနှင့် မနီးမဝေးနေရာမှာ ထူးထူးဆန်းဆန်း ဝဲက တော့ကြီး ဖြစ်ပေါ် လာလေသည်။

နီမောင်က ပင်လယ်အတွေ့အကြုံ ရှိသူဖြစ်သော ကြောင့် ကမ်းခြေနှင့် နီးသောနေရာတွင် သာမန်ဝဲကတော့ ဖြစ် မည်ဟုသာ ထင်လိုက်မိသည်။

သို့သော် သူထင်သလို မဟုတ်ပေ။

ကြည့်ရင်းနှင့်ပင် ဝဲကတော့က တဖြည်းဖြည်းကြီးလာပြီး ရေမဝဲကတော့ကြီး ဖြစ်လာတော့သည်။





စုပ်ဝဲကြီးသဖွယ် ဖြစ်လာသည်။

မျက်နှာပြင် အပေါက်ဝကျယ်လာပြီး တဝေါဝေါနှင့် အသံများ ကြားလာရသည်။

ထိုအခြေအနေကို ကြည့်ပြီး နီမောင်က စိုးရိမ်စွာ အော် ပြောလိုက်သည်။

"ရှေ့မှာ စုပ်ဝဲကြီး ရှိနေတယ်၊ လှေကို စုပ်ယူသွားလိမ့် မယ်"

သူပြောရုံမှ စကားမဆုံးခင် စုပ်ဝဲက တဖြည်းဖြည်းနှင့် ကျယ်လာပြီး လှေက ဝဲနယ်နိမိတ်အတွင်းသို့ ရောက်သွားလေ တော့သည်။

"ဝေါ . . . ဝေါ . . . ဝေါ"

လှေကလေးမှာ ကြီးမားသော ဝဲနယ်နိမိတ်အတွင်းသို့ ရောက်သွားပြီဖြစ်သောကြောင့် အဝီဝီလည်နေသည့် ပန်ကာနှင့် ငြိနေသော စက္ကူစွန်ကဲ့သို့ ချာလည်လည်နေတော့သည်။

ကြည့်ရင်းနှင့် စုပ်ဝဲကြီးက လူတွေရောလှေပါ စုပ်ယူ သွားလေတော့သည်။

နီမောင်တို့ နောက်ဆုံးမြင်လိုက်ရသည်ကတော့ တဝေါ ဝေါလည်နေသည့် ရေနံ့ရုံကြီးပင်ဖြစ်တော့သည်။

နောက်ဆုံးတော့ သတိလစ်သလို ဖြစ်သွားပြီးကာမှ မ မြင်ရတော့ပေ။

အချိန်မည်မျှကြာသွားသည် မသိပေ။

အခြေအနေ ငြိမ်သက်သွားတော့မှ မျက်လုံးဖွင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ ကျောက်နံရံများ ကာထားသော အခန်းတစ်ခန်းအတွင်းသို့ ရောက်နေကြလေပြီ။

သူတို့ရောက်သွားပြီး မကြာခင်မှာပင် အခန်းတစ်ခုအတွင်းမှ အဘိုးကြီးတစ်ဦး ထွက်လာသည်။

အသက်အရွယ် ဘယ်လောက်ရှိမှန်း မသိရသော်လည်း ဆံပင်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကတော့ ဖြူဖွေးနေလေသည်။

ထိုအဘိုးကြီးကို မြင်တော့ နာဂနှင့်နဒီတို့က ဦးခေါင်းညွှတ်ကာ အရိုအသေ ပေးလိုက်ကြသည်။

“ဧည့်သည်တွေ ရောက်လာကြပြီလား၊ ကျုပ်တို့ရဲ့မြနန်းသိင်္ဂီ နန်းဆောင်က ကြိုဆိုပါတယ်၊ ဒီအထဲမှာတော့ ဘေးအန္တရာယ်ကင်းစွာနဲ့ နေနိုင်ကြပါတယ်၊ အတွင်းဆောင်ကို ကြွပါ”

ဟု ခေါ်သွားလေသည်။

နီမောင်တို့နှစ်ယောက်လည်း နောက်မှ လိုက်သွားကြရပြန်သည်။

အတွင်းအခန်းရောက်သောအခါ အခန်းတစ်ခုလုံး အလင်းရောင်များ ရနေပြီး အစိမ်းနုရောင်များ သမ်းနေလေသည်။ ထို့ပြင် အခန်းထဲမှာရှိသော အသုံးအဆောင်ပစ္စည်းမှာလည်း ရွှေရောင်ငွေရောင်များ တောက်ပလျက်ရှိသည်။

အားလုံးမှာ ရှေးခေတ်နန်းတွင်း၌ အသုံးပြုသော အသုံးအဆောင်ပစ္စည်းမျိုးဖြစ်သည်။

ထို့ပြင် အခန်းတွင်းမှာ သွားလာလှုပ်ရှားနေသည့်





ယောက်ျားမိန်းမများမှာလည်း ရှေးခေတ်အဝတ်အစားများနှင့်ဖြစ်သောကြောင့် အငြိမ့်ပွဲ၊ ဇာတ်ပွဲတစ်ခု ကြည့်နေရသကဲ့သို့ရှိလေသည်။

၎င်းတို့ ရောက်နေသောအခန်းမှ မနီးမဝေးနေရာတွင် အခြားခန်းမဆောင်တစ်ခု ရှိပြီး ထိုခန်းမဆောင်အတွင်းမှာတော့ ရွှေဟလပ်ပေါ်မှာ တင်ထားသော အလုံးကြီးတစ်လုံး ရှိသည်။

သပိတ်လုံးအရွယ်ခန့်ရှိပြီး အစိမ်းရောင်များ ဖြာထွက်နေလေသည်။

ထိုနေရာမှ ဖြာထွက်လာသော အစိမ်းရောင် အလင်းတန်းများက သူတို့ကိုယ်ပေါ်သို့ပင် လာရောက်စွန်းနေသည်။ အခန်းအလယ်မှာ ချထားသော ထိုင်စရာနေရာများမှာ ထိုင်ပြီးသောအခါ အစေအပါးများက အစားအသောက်များ လာချပေးသည်။ ထွေထွေထူးထူးတော့ မဟုတ်ပေ။

ရွှေခွက်တွင်းမှာ ထည့်ထားသော အဖြူရောင်အရည်များပင်ဖြစ်သည်။

နို့ရည်နှင့် တူလေသည်။

“သောက်ကြပါ. . . ဒါ ‘နဂါးနို့ရည်’ လို့ ခေါ်ပါတယ်၊ ဒီနို့ရည်ကို သောက်ရင် ရောဂါကင်းပြီး အသက်ရှည်စေပါတယ်”

ထိုအခါ ဖိုးသူတော်ကြီးက တစ်ခွက်သောက်သည်။

နီမောင်ကတော့ ‘နဂါးနို့ရည်’ ဆိုသောကြောင့်. . . မသောက်ဝံ့ဘဲ ရှိနေသည်။

“မကြောက်ပါနဲ့. . . သိဒ္ဓိရှိတဲ့ ဆေးရည်အဖြစ်သောက်



www.burmeseclassic.com

www.burmeseclassic.com



ရင် အန္တရာယ်ကင်းစေပါတယ်”

ဟု အဘိုးအိုက ပြောသဖြင့် တွေတွေထူးထူး စဉ်းစားမ နေတော့ဘဲ ရွှေဖလားကို ယူပြီး မော့သောက်လိုက်သည်။

သူ့တစ်သက်တာမှာ တစ်ခါမှ မကြုံဖူးသောအရသာမျိုး ဖြစ်ပြီး တစ်ကိုယ်လုံး တစ်မျိုးဖြစ်သွားလေသည်။

“မိတ်ဆွေကြီး . . ဒီနေရာရောက်လာတာ ဘယ်လိုအ ကြောင်းကိစ္စ ရှိလို့ပါလဲ”

“ပဋ္ဌာန်းဆက်ရှိသူတွေအတွက် အကူအညီပေးရ အောင် ရောက်လာခြင်းဖြစ်ပါတယ်၊ ကျုပ်က တဘောင်စကား ချွတ်ပြီးတော့ ပဋ္ဌာန်းဆက်ရှိသူတွေကို လိုက်လံရှာဖွေနေခြင်း ဖြစ်ပါတယ်”

“တွေ့ခဲ့ပြီလား”

“တွေ့သင့်သလောက် တွေ့ခဲ့ပြီးပါပြီ၊ ဘယ်လို အကူအ ညီပေးရမလဲဆိုတာသာ ပြောပြပါ”

ထိုအခါ အဘိုးအိုက ပြောပြသည်။

“ကျုပ်နာမည်က ဦးဒီပါလို့ ခေါ်ပါတယ်၊ မြနန်းသိဒ္ဓိ နန်းဆောင်ကို တာဝန်ယူ စောင့်ရှောက်ပေးနေရတဲ့သူ ဖြစ်ပါ တယ်၊ ဒီမောင်နှမနှစ်ယောက်ကတော့ ကျုပ်ကို အကူအညီပေး နေကြသူတွေဖြစ်ပါတယ်၊ မောင်ဖြစ်သူက နာဂလို့ ခေါ်ပြီး နှမ ဖြစ်သူက နဒီလို့ ခေါ်ပါတယ်”

မောင်နှမနှစ်ယောက်က ခေါင်းညိတ်ပြကြသည်။

“ကျုပ်လိုချင်တဲ့အကူအညီက မိတ်ဆွေကြီးတို့ အကူအ





ညီပေးရင် ရပါတယ်၊ တခြားတော့ မဟုတ်ပါဘူး၊ ကျောက်ညီ နောင် ရှိတဲ့နေရာရဲ့အပေါ်ဘက်မှာရှိတဲ့ ကျောက်စွန်းက တခြား မဟုတ်ပါဘူး၊ ဇေယျသေန နဂါးမင်းကြီး ဆံတော်နှစ်ဆူဝှက်ခဲ့တဲ့ နေရာထူးနေရာမြတ် ဖြစ်ပါတယ်”

ထိုစကားကြားသောအခါ ထိုနေရာမှာ အနေကြာခဲ့ပြီ ဖြစ်သော နီမောင်တို့ပင် မသိသေးသောကြောင့် အံ့သြနေလေ သည်။

“အလောင်းစည်သူမင်းကြီး ဒီနေရာရောက်ခဲ့တော့ ဖောင်တော်ဦးစေတီ၊ ဖောင်တော်ဆိပ်စေတီ တည်ခဲ့တုန်းက ဒီနေရာမှာ ဆံတော်ဝှက် စေတီတစ်ဆူ တည်ခဲ့သေးတယ်”

“အခုတော့ မရှိတော့ဘူးနော်”

“ဟုတ်တယ် . . နှစ်ပရိစ္ဆေရကြာတော့ လေဒဏ်မိုးဒဏ် တွေကြောင့် ပြိုကျပျက်စီးသွားတာ ကြာပြီ၊ ကျုပ်လိုချင်တဲ့ အကူ အညီကတော့ တခြားမဟုတ်ပါဘူး၊ ဒီကျောက်တောင်စွန်းပေါ် မှာ စေတီတစ်ဆူ တည်ပေးစေချင်တာပါပဲ”

“ဆောင်ရွက်ပေးပါ့မယ်”

ထိုအခါ ဦးဒီပါက ဆက်ပြောပြသည်။

“မိတ်ဆွေကြီးတွေ သိအောင် ပြောပြပါ့မယ်၊ နဂါးရာဇ် အင်းစွန်းကနေပြီး မြောက်ပိုင်းဘက်တစ်လျှောက် အနောက် ဘက်ကမ်းခြေတွေဟာ နောင်တစ်ချိန်မှာ တောတွေအားလုံး ပျက်သုဉ်းသွားပြီး လူတွေစည်ကားတဲ့ မြို့ရွာတွေ ဖြစ်လာပါလိမ့် မယ်”



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို နားထောင်ရသည်မှာ အံ့သြစရာပင်ဖြစ်၏။ မယုံနိုင်စရာလည်းဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်. . .

ယခုရောက်ရှိနေသော အချိန်ကာလမှ အတိတ်ကာလနှစ်ပေါင်းတစ်ရာခန့်ကဆိုလျှင် ထိုနေရာတစ်ကြောမှာ တောတောင်ထူထပ်သောနေရာများဖြစ်ပြီး လူနေထိုင်ခြင်း မရှိသေးပေ။

ပင်လယ်ပြင်မှာ ထွက်ပြီး အလုပ်လုပ်သူများ ခေတ္တစခန်းချ နေထိုင်သော နေရာအချို့သာရှိသည်။

မိုးရာသီ လေမိုးခိုသောနေရာများမှာလောက်သာ လူအချို့ ရှိလေသည်။

ယခုအချိန်ကဲ့သို့ မြို့ရွာများ ဖြစ်လာမည့်ကိစ္စမှာ အိပ်မက်ပင် မမက်ဝံ့သောကိစ္စမျိုးဖြစ်သည်။

"အဲဒီအချိန်ရောက်ရင် ဒီနေရာကမ်းခြေတစ်လျှောက်မှာ မြို့ရွာတွေ ဖြစ်လာမှာ အသေအချာပဲ၊ သူတို့ မရောက်ခင်မှာ ဒီနေရာမှာ ဘုရားတစ်ဆူ တည်ထားရမယ်၊ ပြီးရင် သူတို့မောင်နှမ ရုပ်တုတွေကို ပြုလုပ်ပေးပါ"

"ဘယ်အတွက်ကြောင့်ပါလဲ"

"သူတို့အတွက် နေရာပေးထားတော့ ဘုရားကိုလည်း စောင့်ရှောက်ပေးလို့ရတယ်၊ နောက်တစ်ခုက သူတို့မောင်နှမနှစ်ယောက်အတွက်လည်း နေရာရတာပေါ့၊ ဘုရားတည်ပြီးရင် အဲဒီနေရာကိုလည်း 'ကျောက်မောင်နှမကမ်းခြေ'လို့ အမည်ပြောင်း





ပေးပါ"

"ဘယ်လိုကြောင့်ပါလဲ"

"တစ်ချိန်ကျရင် မူလရှိတဲ့ 'ကျောက်ညီနောင်' ဆိုတဲ့အမည်ပျောက်ပြီး 'ကျောက်မောင်နှမကမ်းခြေ'. . 'ကျောက်မောင်နှမ ဘုရား' ဆိုပြီး အမည်တွင်လာဖို့ပါ"

"ကောင်းပါပြီ. . . လုပ်ပေးစေချင်တာတွေ လုပ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်. . . ဘုရားတည်ဖို့ ကုန်ကျစရိတ်တွေအားလုံး လိုသလောက်ပေးပါ့မယ်၊ နောက်ပြီး. . . သူတို့မောင်နှမ နှစ်ယောက်ကိုလည်း ဒီလိုဘဝမျိုးက ကျွတ်လွတ်ခွင့်ရအောင် ဘုရားတည်တဲ့နေရာမှာ ပါဝင်ကူညီပေးခွင့်ပြုပါ"

ဖိုးသူတော်ကြီးက မနီးမဝေးမှာ ရှိနေသည့် မောင်နှမနှစ်ယောက်ကို တစ်ချက်ကြည့်ပြီး ခေါင်းတစ်ချက်ညိတ်ပြလိုက်လေသည်။

နာဂနှင့် နဒီတို့မောင်နှမနှစ်ယောက်ကတော့ ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် လည်နေကြလေသည်။

နီမောင်ပင်လျှင် ထိုမြင်ကွင်းကို ကြည့်ပြီး ဝမ်းသာသွားမိလေသည်။

ထို့နောက်မှာတော့ ဦးဒီပါက သူတို့နှစ်ယောက်ကို အတွင်းခန်းတစ်နေရာသို့ ခေါ်သွားပြီး ပြသည်။

ထိုအခန်းမှာ အခန်းကျယ်ကြီးဖြစ်ပြီး အတွင်းမှာ ရွှေသေတ္တာ၊ ငွေသေတ္တာကြီးများ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရွှေငွေရတနာတွေက ကျုပ်တို့ တာဝန်ယူစောင့်ရှောက်ပေးနေရတဲ့ပစ္စည်းတွေ ဖြစ်ပါတယ်၊ သာသနာပြုလုပ်ငန်းတွေ. . ဘုရားနဲ့ သက်ဆိုင်တဲ့ကိစ္စတွေဆိုရင် အသုံးပြုခွင့်ရှိပါတယ်၊ မိတ်ဆွေကြီးတို့ အလိုရှိသလောက် ယူသွားဖို့ ခွင့်ပြုပါတယ်"

ဟု ပြောပြီး ဦးဒိပါက ရွှေသေတ္တာတစ်လုံးကို အဖုံးဖွင့်ပေးလေသည်။

ထိုသေတ္တာအတွင်းမှာတော့ နီမောင်ရထားသော ရွှေဒင်္ဂါးသုံးပြားနှင့် ပုံပန်းသဏ္ဌာန်ဆင်တူသောရွှေဒင်္ဂါးများ အပြည့်ရှိနေသည်။

"ဘုရားတည်ဖို့ကိစ္စက အခု ဆောင်ရွက်ပေးစေချင်တာလား"

"ဟုတ်ပါတယ်. . . ဒီကိစ္စမျိုးက လူတိုင်းကို ခိုင်းလို့မရသလို လူတိုင်းလည်း လုပ်မပေးနိုင်ပါဘူး၊ ကျုပ်တို့နဲ့ ပဋ္ဌာန်းဆက်ရှိတဲ့လူမျိုး ဖြစ်ရတဲ့အပြင် စိတ်ထားဖြူစင်ပြီး လောဘကင်းတဲ့လူတွေမှ လုပ်ပေးနိုင်တဲ့ကိစ္စမျိုးပါ။ ဒါကြောင့် မိတ်ဆွေကြီးတို့နဲ့ အခုလို ကြုံကြိုက်တုန်း. . အမြန်သာ ဆောင်ရွက်ပေးစေချင်ပါတယ်"

"ကောင်းပါပြီ. . ဒီလိုဖြင့် ဆောင်ရွက်ပေးပါ့မယ်၊ ဘယ်နေ့ဘယ်ရက်မှာ ဆောင်ရွက်ပေးစေချင်ပါသလဲ"

"မကြာခင်မှာ နေ့ဘက်မှာ နေကြတ်တာနဲ့ ညဘက်မှာ လကြတ်တဲ့ကိစ္စ ကြုံပါလိမ့်မယ်၊ ဒီလိုကိစ္စမျိုးဟာ နှစ်ပေါင်းရာ





ထောင်ကြာတဲ့အချိန်ထိ ဖြစ်နိုင်ခဲတဲ့ကိစ္စမျိုးဖြစ်ပါတယ်၊ အဲဒီအချိန်ဟာ ရာဟုချိန် ဖြစ်ပါတယ်၊ အဲဒီအချိန်မှာ ဆောင်ရွက်ပေးစေချင်ပါတယ်"

"အခြားသူများက ရာဟုအချိန်ကို ကြောက်ရွံ့ကြတယ်၊ အဘိုးတို့က ဘာကြောင့် ရာဟုစီးတဲ့အချိန်ကို နှစ်သက်တာပါလဲ"

ထိုအခါ အဘိုးအိုက အောက်ပါအကြောင်းအရာမျိုးကို ပြောပြလေသည်။

ရာဟုဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့သည် အကောင်အထည်မရှိသော အရိပ်ဂြိုဟ်များဖြစ်သည်။

နက္ခတ္တဗေဒ(Astronomy)အရ ဆိုပါမူ နေကို ကမ္ဘာက ပတ်၍ ကမ္ဘာကိုလကပတ်ရာတွင် နေသွားလမ်းကြောင်းနှင့် လသွားလမ်းကြောင်းတို့ ဖြတ်ကျော်မိရာ အမှတ်နေရာနှစ်ခုဖြစ်ပြီး တောင်ဘက်အမှတ်ကို "ရာဟု" မြောက်ဘက်အမှတ်ကို "ကိတ်" ဟု ခေါ်ဆိုထားခြင်းဖြစ်သည်။

ဟိန္ဒူပုရာဏ်ကျမ်းများတွင်ကား ရာဟုဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့ ဖြစ်ပေါ်လာရခြင်းအကြောင်းကို ဤသို့ ဆိုထားပေသည်။

ဖန်ဆင်းရှင် ဗြဟ္မာကြီးသည် လောကကြီးနှင့်တကွ သက်ရှိသက်မဲ့များကို ဖန်ဆင်းခဲ့ပြီးနောက်. . လောကတစ်ခွင်တွင် ကောင်းအားများနှင့် ဆိုးအားများ အားပြိုင်ရင်ဆိုင်နေခဲ့ကြသည်။

ဟိန္ဒူဝေဒ ကျမ်းများအရ နတ်ကောင်းများ(ဒေဝများ)



www.burmeseclassic.com

www.burmeseclassic.com



နှင့် နတ်ဆိုးများ(အသူရာများ) အားပြိုင်၍ တိုက်ခိုက်နေခဲ့ကြသည်။

နတ်များ(ဒေဝတာများ)မှာ သဘာဝအရ လောကကြီးကို ကောင်းကျိုးပေးဆောင်ကြပြီး နတ်ဆိုးများ(အသူရာများ)မှာမူ လောကကြီးအတွက် မကောင်းကျိုး ပေးဆောင်ကြပေသည်။

ယင်းတို့ အချင်းချင်းတိုက်ပွဲများ အတောမသတ် ဖြစ်ပွားနေသောအခါ ဖန်ဆင်းရှင်ဗြဟ္မာကြီးက ကောင်းအားအုပ်စု (ဒေဝ)များကို မကောင်းအားအုပ်စု(အသူရာ)များအပေါ် အနိုင်ရစေခြင်းဖြင့်သာ အဆုံးသတ်စေလိုခဲ့သည်။

ထို့ကြောင့် ဗြဟ္မာမင်းကြီးက ကောင်းအားအုပ်စုဝင်များ (ဒေဝများ)အား မကောင်းသောအင်အားစုဝင်များ (အသူရာ)များပေါ် အနိုင်ရစေရန် ကူညီဖို့ ဆုံးဖြတ်ခဲ့လေသည်။

သမုဒ္ဒရာကြီးကို နို့ရည်များဖြင့် ပြွမ်းစေလျက် ထာဝရရှင်သန်နိုင်မည့် မသေဆေး ချက်စေခဲ့သည်။

ယင်းဆေးသည် ထာဝရရှင်သန်၍ မသေနိုင်တော့ဘဲ ခွန်အား၊ ကျွမ်းကျင်မှု၊ ဉာဏ်ပညာနှင့် အောင်မြင်ခြင်းတို့ကိုပါ ပေးဆောင်ပေမည်။

နောက်ဆုံးတွင် ကောင်းမြတ်သူတို့ အောင်ပွဲရရှိပေမည်။ ယင်းဆေးရည်(အမရိသ)ခေါ် မသေဆေး (Amritha)ကို ဒေဝများအား ဝေငှပေးစေသည်။

အသူရာတို့ထဲမှ တစ်ဦးသည် ဒေဝအယောင်ဆောင်၍ အမရိသဆေးရည်ကို ရယူခဲ့သည်။





ယင်းကို အလင်းရောင်ဂြိုဟ်များ ဖြစ်သော နေ(တနင်္ဂနွေဂြိုဟ်)နှင့် လ(တနင်္လာဂြိုဟ်)တို့က တွေ့မြင်သွားလေသည်။

ယင်းတို့က ထိုအသူရာအနေဖြင့် ဒေဝအယောင်ဆောင်မှုကို ဖော်ထုတ်ခဲ့ကြသည်။

ဗြဟ္မာမင်းကြီးက မကောင်းသော အင်အားစုဘက်မှ အသူရာတစ်ဦး ထာဝရအသက် ရရှိသွားမည်ကို မလိုလားရကား သူ၏ဓားဖြင့် ခုတ်ပိုင်းလိုက်သည်။

သို့သော် အမရိသ ဆေးရည်တစ်စက်မျှ မြည်းစမ်းလိုက်ရကား ထိုအသူရာမှာ ခေါင်းပြတ်၍ ခေါင်းနှင့်ကိုယ် တခြားစီဖြစ်သွားရသော်လည်း အသက်မသေဘဲ ကိုယ်နှင့်ခေါင်း ကွဲပြားစွာ ရှိနေခဲ့တော့သည်။

ယင်းကို မြွေနဂါးအား နှစ်ပိုင်းဖြတ်ခြင်းဟု ဆိုခြင်းဖြစ်ပြီး ခေါင်းပိုင်း(the head)မှာ ရာဟုဂြိုဟ်(Rahu)ဖြစ်ကာ ကိုယ်ပိုင်းမှာ ကိတ်ဂြိုဟ်(Kethu) ဖြစ်ရသည်။

မြွေနဂါး၏အမြီးဟုလည်း ခေါ်သည်။

ရာဟုနှင့် ကိတ်ဂြိုဟ်တို့သည် သူ့အား ဖော်ကောင်လုပ်၍ နှစ်ပိုင်းဖြတ်စေခဲ့သော နေနှင့်လတို့ကို မုန်းတီးလွန်းလှသဖြင့် အချိန်ကာလ အားလျော်စွာ အခွင့်ရလျှင်ရသလို ဖမ်းဆီးချုပ်နှောင်ခြင်း ပြုတတ်သောကြောင့် နေကြတ်ခြင်း လကြတ်ခြင်းတို့ ဖြစ်ရသည်။

နေနှင့်လတို့မှာ အမရိသဆေးရည်ကြောင့် မသေနိုင်ရကား ပြန်လည်လွတ်မြောက်ကာ မူလပကတိအတိုင်း တည်မြဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြသည်။

ရာဟုနှင့်ကိတ်ဂြိုဟ်တို့ကို ရှေးနက္ခတ်ဗေဒင် ကျမ်းများတွင် "စယဂြဟ" (chayagraha)အရိပ်ဂြိုဟ်များ (Shadawy Planets)ဟုလည်း ခေါ်ဝေါ်သုံးနှုန်းမှု ပြုပေသည်။

အနောက်တိုင်း နက္ခတ်ဗေဒပညာတွင်ကား ရာဟုဂြိုဟ်ကို နဂါးဦးခေါင်း (Dragon's head)ဟု ခေါ်ဆိုပြီး ကိတ်ဂြိုဟ်ကို နဂါးအမြီး(Dragon's Tail)ဟု ခေါ်ဆိုပါသည်။

ဟိန္ဒူဒဏ္ဍာရီလာ အမည်များနှင့် တူညီသည့်အမည်များ ဖြစ်ပေသည်။

ရာဟုကို "ကောပွတ်" (Cauput) ကိတ်ကို "ကောဒါ" (Cauda)ဟု အနောက်တိုင်း နက္ခတ်ပညာရှင်များက ခေါ်ကြသည်။

အနောက်တိုင်းမှ ရှေးပညာရှင်များ၏အယူအဆတွင် ရာဟုမှာ "ကောင်းကျိုး" (သောမ) ပေးဆောင်ပြီး ကိတ်မှာ "မကောင်းကျိုး" (ပါပ) ပေးဆောင်လေသည်။

ဟိန္ဒူရှေးပညာရှင်များကမူ ရာဟုကိတ်တို့ကို ပါပ (မကောင်းသော)သဘော ဆောင်သည်ဟု အခြေခံအားဖြင့် သတ်မှတ်ယူဆကြသော်လည်း ပူပြင်းသောဂြိုဟ်များ၏သဘာဝ အလျောက် ကောင်းအားဆောင်နိုင်ကြောင်းလည်း ယူဆမှုရှိပါသည်။

ထို့ပြင် ရာဟုနှင့် ကိတ်ဂြိုဟ်များသည် ယင်းတို့နှင့် ဖူးယှဉ်ရပ်တည်ခြင်း၊ ယင်းတို့၏ဂြိုဟ်မြင်ခံရခြင်း ကြုံရသည့်ဂြိုဟ်





များအတွက် ကိုယ်စားပြု၍ လွှမ်းမိုးစွာ လုပ်ဆောင်ကြသည်ဟု ယူဆချက် ရှိပေသည်။

ခေတ်အလိုအရ အထူးပါဝါ(Special Power) ရယူခြင်းမျိုး ဖြစ်ပါသည်။

"တကယ်တော့ ရာဟုဂြိုဟ်ဟာ ကျုပ်တို့နဂါးမျိုးနွယ်တွေသက်ဆိုင်တဲ့ အဓိကဂြိုဟ်လည်း ဖြစ်ပါတယ်၊ ဒါကြောင့် နေကြွတ်လကြွတ် ကြုံကြိုက်တဲ့ရာဟုအချိန်မှာပဲ ဘုရားတည်စေချင်ပါတယ်"

ထိုကဲ့သို့ ရှင်းပြတော့မှ ဖိုးသူတော်ကြီးနှင့် နီမောင်တို့နှစ်ယောက်မှာ များစွာသဘောပေါက်သွားကြလေတော့သည်။

"ကောင်းပါပြီ . . အဘိုးပြောတဲ့အချိန်မှာပဲ လုပ်ပေးပါ့မယ်"

ဟုပြောပြီး ဦးဒီပါပေးသော ရွှေဒင်္ဂါးငွေဒင်္ဂါးများ ထည့်ထားသောအထုပ်ကို လက်ခံယူပြီး မြနန်းသိင်္ဂီကျောက်ဆောင်အတွင်းမှ ပြန်ကြရန် ပြင်လေသည်။

သူတို့နှင့်အတူ နာဂနှင့် နဒီတို့မောင်နှမနှစ်ယောက်သည်း တစ်ပါတည်း ပါလာလေသည်။

ထိုသို့ ပါလာသောကြောင့် နီမောင်ကတော့ စိတ်ထဲမှ ကြိတ်ပြီးဝမ်းသာနေမိလေသည်။





www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၁၁)

# နဂါးကို မြင်တွေ့ရသောသူ

နီမောင်က နဒီတို့မောင်နှမနှစ်ယောက်ကို ၎င်းတို့အိမ်သို့ ခေါ်လာပြီး နေရာချပေးထားသည်။

သူတို့နှစ်ယောက်စလုံးကို သာမန်အဝတ်အစားများ ပေးထားပြီး ရပ်ဝေးမှ ရောက်လာသော သူတို့၏ဆွေမျိုးသားချင်းများဖြစ်သည်ဟု ပတ်ဝန်းကျင်ကို သတင်းလွှင့်ထားလေသည်။

ထိုရက်အတွင်းမှာပင် ဖိုးသူတော်ကြီးက ဘုရားတည်



www.burmeseclassic.com

www.burmeseclassic.com



ရန်အတွက် စတင်ဆောင်ရွက်နေပြီဖြစ်သောကြောင့် နီမောင်တို့လည်း မအားကြရပေ။

ထိုရက်အတွင်းမှာတော့ စောထီးနှင့် ငမဲအောင်တို့ကိုခေါ်ထားရသည်။

သူတို့နှစ်ယောက်ကလည်း ၎င်းတို့အလုပ်များကို ထားပြီး လာရောက်အကူအညီပေးကြလေသည်။

"နီမောင်. . . အခု မင်းတို့အိမ် ရောက်နေတဲ့ မောင်နှမနှစ်ယောက်က မင်းကို ရွှေဒင်္ဂါး လာပေးသွားတဲ့သူတွေ မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြသည်။

"သူတို့က လူယောင်ဆောင်ထားတဲ့နဂါးတွေ မဟုတ်ဘူးလား"

"မင်းကို ဘယ်သူပြောလို့လဲ"

"လူကြီးတွေ ပြောသံကြားဖူးတာပဲ၊ ဒီနေရာမှာ နဂါးသိုက်တွေ ရှိပြီး နဂါးတွေက လူယောင်ဆောင်ပြီး နေနိုင်ကြတယ်လို့ ပြောတယ်"

နီမောင်က ရယ်နေပြီး ဘာမှပြန်မပြောပေ။

"ရယ်မနေနဲ့ကွ. . . ငါတို့က တကယ်ပြောတာ၊ ဒါပေမယ့် နဂါးတွေက လူယောင်ဆောင်ထားပြီး အိပ်ပျော်သွားတဲ့အခါ မူလနဂါးကိုယ်ခန္ဓာကြီး ပြန်ပေါ်လာတယ်လို့လည်း ပြောသံကြားဖူးတယ်၊ တော်ကြာ နဂါးခန္ဓာကိုယ်ကြီးနဲ့ ပြည့်နေလို့ မင်းအိမ်လေး ပြိုကျသွားဦးမယ်"





"အဲဒါတွေက စိုးရိမ်စရာ မဟုတ်ပါဘူး၊ သူတို့တွေက နဂါးပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် အရေးမကြီးပါဘူး၊ လူတွေကို ဒုက္ခပေးနေကြတာမှ မဟုတ်တာ၊ ကုသိုလ်ကောင်းမှုလုပ်ဖို့ လာကြတာဆိုတော့ ဘာမှစိုးရိမ်စရာ မရှိပါဘူး"

"ဟုတ်တော့လည်း ဟုတ်ပါတယ်၊ တကယ်လို့ သူတို့နဂါးတွေ ဖြစ်ပြီး လူတွေကို ရန်မူချင်တယ်ဆိုရင် မျက်စောင်းတစ်ချက်ထိုးလိုက်တာနဲ့ ပြာကျကုန်မှာပါပဲ၊ ဒါထက် ဟိုအမျိုးသမီးနာမည်က ဘယ်သူလဲ"

"နဒီတဲ့"

"နဒီဆိုတော့ ရေမှာနေတဲ့သူဆိုတဲ့ အဓိပ္ပါယ်မျိုးပဲ၊ ဒါပေမယ့် ရုပ်ကတော့ အတော်ကလေး ချောတယ်နော်၊ သူ့ဆံပင်တွေကလည်း အရှည်ကြီးတွေပဲ၊ မင်း သူ့ကို သဘောမကျဘူးလား"

"မင်းတို့ပြောတော့ နဂါးတွေ ဖြစ်နိုင်တယ်ဆို၊ နဂါးတွေကို သဘောကျရင် အမျိုးခံရမှာပေါ့"

ထိုစကားကြောင့် ကျန်နှစ်ယောက်က ရယ်လိုက်ကြသည်။

"ဘီလူးပဲဖြစ်ဖြစ် နဂါးပဲဖြစ်ဖြစ် ဒါမှမဟုတ် ဥစ္စာစောင့်ပဲဖြစ်ဖြစ် သူတို့ကသာနှစ်သက်ရင် ဘယ်တော့မှ အန္တရာယ်မပေးကြဘူး၊ ဒီလောက်ချောတဲ့ မိန်းကလေးတစ်ယောက် ကိုယ့်အိမ်ပေါ် ရောက်နေတုန်း ရအောင်သာ ကြိုးစားထားလိုက်ပေါ့ဟ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တိုက်တွန်းကြသည်။

"ငါက သူနဲ့အဆင်ပြေပြီး နဂါးမယောက်ျားဖြစ်ရင်တော့ မင်းတို့နှစ်ယောက်ကို အရင်လာမျိုမှာဗျ"

နီမောင်က ထိုသို့ပြောနေစဉ် သူ့နောက်ဘက်မှာ နဒီ ရောက်နေသည်ကို မသိရှာပေ။

စောထီးနှင့် ငမဲအောင်တို့က သူမကို မြင်သောအခါ အားတုံ့အားနာဖြစ်ကာ ထိုနေရာမှ ထွက်သွားကြလေတော့သည်။

ထိုအခါမှ နီမောင်က နဒီကို မြင်သွားပြီး မိမိပြောနေသည့်စကားကို ကြားသွားလေသလားဟု အားနာနေလေသည်။

နဒီက သူနှင့် မနီးမဝေးမှာ ဝင်ထိုင်လိုက်သည်။

"အစ်ကိုတို့ ဘာတွေပြောနေကြတာလဲ"

"ဟို. . ဟို. . အလုပ်အကြောင်းလေးတွေ ပြော. . ပြောနေကြတာပါ"

နဒီက တစ်ချက်ပြုံးလိုက်သည်။

"အစ်ကိုတို့ ပြောတဲ့ အလုပ်ကိစ္စထဲမှာ နဂါးဆိုတာလည်း ပါတယ်နော်၊ နဂါးမယောက်ျားဆိုတာလည်း ကြားလိုက်မိတယ် ဘာတွေလဲဟင်"

ထိုကဲ့သို့ တဲ့တိုးကြီး မေးလာသောအခါ ဘယ်လိုပြန်ပြောရမှန်း မသိဘဲ မျက်နှာပူသွားလေသည်။

"ဟို. . ဟို. . ဘာမှမဟုတ်ပါဘူး၊ ပင်လယ်ထဲမှာ နဂါးတွေ ရှိတယ်ဆိုတာ ပြောနေတာပါ"





"အစ်ကို တစ်ခါမှ မမြင်ဖူးဘူး"

"မြင်ရင်ကော ကြောက်မှာလား"

"နဂါးဆိုတာ ကြောက်စရာပဲ၊ မြင်ရင်တော့ ကြောက်မိမှာပဲ. . ဒါပေမယ့် တကယ်ရော ရှိလို့လား"

နဒီက ခေါင်းညိတ်ပြသည်။

"ရှိပါတယ်. . . ပင်လယ်ရေအောက်မှာ နဂါးတွေ နေတဲ့နေရာ ရှိပါတယ်၊ အစ်ကိုကြည့်ချင်ရင် ကျွန်မ ခေါ်ပြပေးမယ်လေ"

ထိုစကားကြောင့် အံ့ဩသွားမိလေသည်။

"နဒီက နဂါးတွေကို ခေါ်လို့ရသလားဟင်"

"ကျွန်မတို့က မိတ်ဆွေတွေပဲ၊ ခေါ်ပြရင် ရပါတယ်"

"ကြုံကြိုက်ရင်တော့ ကြည့်ချင်ပါတယ်"

"ဒီလိုဆိုရင် ညအချိန်ရောက်ရင် အစ်ကိုနဲ့ကျွန်မနဲ့ ကျောက်ညီနောင်ကမ်းခြေကို သွားကြမယ်၊ အဲဒီနေရာမှာ နဂါးတွေ ရှိတယ်"

ဟု ပြောရာ နီမောင်မှာ များစွာစိတ်ဝင်စားမိလေသည်။

သို့ကြောင့် ညနေပိုင်းအချိန်ရောက်သောအခါ နှစ်ယောက်သား ကမ်းခြေဘက်သို့ ဆင်းလာကြလေတော့သည်။

နေဝင်ရီတရောအချိန်ဖြစ်သောကြောင့် ကမ်းခြေတစ်လျှောက်မှာ ဆည်းဆာရောင်များ သမ်းနေလေသည်။

နဒီက ဆံပင်ရှည်များကို တစ်ပတ်လျှိုထုံးထားသော်လည်း ကျောအထိရောက်နေသေးသော ဆံပင်ရှည်များက



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူတူ တလူလူ လွင့်နေကြသည်။

နေညိုချိန် တောက်ပသော ဆည်းဆာရောင်များက သူမ၏ပင်ကိုယ်အလှကို ပိုပြီးလှပအောင် ဖန်တီးထားသကဲ့သို့ ဖြစ်နေတော့သည်။

နီမောင်က သူနှင့် ဘေးချင်းယှဉ်လျှောက်လာသော နဒီကို မသိမသာ ငဲ့စောင်းကြည့်ရင်း စိတ်ထဲမှလည်း အမျိုးမျိုးတွေး နေမိသည်။

"နဒီဟာ ငါတို့ထင်ထားသလို သိုက်နန်းထဲက လာတဲ့သူ့ နဂါးက လူယောင်ဆောင်နေတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား မသိဘူး၊

သူ့ကြည့်ရတာလည်း ငါတို့လူတွေလိုပဲ ဘာမှ ထူးခြားမှု မရှိဘူး၊ နောက်ပြီး ငါမြင်ဖူး တွေ့ဖူးတဲ့သူတွေထဲမှာတော့ နဒီက အချောဆုံး အလှဆုံး မိန်းကလေးတစ်ယောက်ပဲ"

ဟု စိတ်ထဲမှာ တွေးနေမိသည်။

ထိုအခိုက်မှာပင် နဒီက ရုတ်တရက် မေးလိုက်လေသည်။

"အစ်ကို. . . ဘာတွေစဉ်းစားနေတာလဲ"

"ဟို. . ဟို. . ဘာမှ မစဉ်းစားပါဘူး"

"ကျွန်မအကြောင်းတွေကို တွေးနေတာ မဟုတ်လား"

"ဟင်. . . နဒီ ဘယ်လိုသိနေတာလဲဟင်"

"အစ်ကို့မျက်နှာအမူအရာ ကြည့်ရင် အကဲခတ်လို့ ရတာပဲ. . . ဟုတ်တယ်မဟုတ်လား"





"ဟုတ်တယ်. . . ဟုတ်ပါတယ်"

မငြင်းသာတော့သဖြင့် ဝန်ခံလိုက်ရသည်။

နဒီက သဘောကျစွာ တစ်ချက်ပြုံးရင်း ဘေးစောင်း အနေအထားမှ သူ့မျက်နှာကို တစ်ချက်ကြည့်သည်။

"ဘာတွေ တွေးနေတာလဲဟင်"

"တခြားတော့ မဟုတ်ပါဘူး၊ နဒီက အတော်လှတယ်ဆိုတာရယ်. . နောက်ပြီး နဒီတို့မောင်နှမရဲ့ဘဝအမှန်ကို တွေးကြည့်နေတာပါ"

"အစ်ကိုက ဘယ်လိုထင်လို့လဲဟင်"

"ထူးဆန်းတယ်လို့တော့ ထင်တာပဲ"

နီမောင်က သူ့စိတ်မှာ ရှိသည်ကို တိုတိုပဲ ပြောလိုက်သည်။

ထိုစကားကြောင့် နဒီ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဘဝတွေကတော့ အမျိုးမျိုး ရှိတာပေါ့ အစ်ကိုရယ်၊ ကျွန်မတို့မောင်နှမဘဝလည်း ဆန်းကြယ်လှတဲ့ဘဝတွေထဲက ဘဝတစ်ခုပါပဲ"

ဟု ပြောပြသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ ကျောက်ညီနောင် ကမ်းခြေနှင့် နီးသောနေရာသို့ ရောက်လာကြသည်။

"ကျွန်မတို့မောင်နှမ အစ်ကိုတို့နဲ့ လာနေတော့ အနေခြင့်



www.burmeseclassic.com

www.burmeseclassic.com



အယှက်များဖြစ်နေသလားဟင်"

"မဖြစ်ပါဘူး. . . ကျွန်တော့်စိတ်ထဲမှာ ပျော်နေသလိုပဲ"

"အစ်ကိုက ဘာကြောင့် ပျော်နေတာလဲ"

"အမှန်အတိုင်းပြောရရင် နဒီကို အမြဲတွေ့နေရလို့ ပျော်နေတာပါ"

ထိုကဲ့သို့ အမှန်အတိုင်း ပြောလိုက်သောကြောင့် သူမ မျက်နှာပေါ်မှာ ကျေနပ်မှု အပြုံးရိပ်ကလေးများ ယှက်သန်းသွားလေသည်။

ပင်လယ်ရေပြင်ပေါ်မှ ဖြတ်သန်းလာသော ရွှေအိုရောင် ဆည်းဆာရိပ်များက သူမ၏အပြုံးကို ပိုမိုလှပသွားစေသည်။

"ဒီစကားက တကယ်ပဲ ပြောတာလား"

"တကယ်ပြောတာပါ. . . နဒီကို စတွေ့ကတည်းက နောက်ပိုင်းမှာ အမြဲသတိရနေတာပါ။ အခုလို မမျှော်လင့်ဘဲ အတူတူနေခွင့်ရတော့ စိတ်ထဲမှာ ကျေနပ်ပြီး ပျော်နေမိတယ်"

"ဘုရားတည်ပြီးလို့ ကျွန်မတို့မောင်နှမ ပြန်သွားရင်ကော ဘယ်လိုလုပ်မှာလဲ"

"ဒီတော့လည်း သတိရပြီး ကျန်နေခဲ့ရုံပဲ ရှိမှာပေါ့"

"အစ်ကို ကျွန်မတို့နဲ့ တစ်ခါတည်း လိုက်ခဲ့ရင်လည်း ရပါတယ်"

"ညှို့သည်ဆိုတာ အချိန်အကြာကြီး နေလို့သင့်တာမှ မဟုတ်တာ"





"ဒီလိုဆိုရင်လည်း အမြဲနေလို့ရအောင် ညှို့သည်လို မနေဘဲ အိမ်ရှင်လိုပဲ နေပေါ့"

ထိုစကားကြောင့် နီမောင်က ဘေးတိုက်အနေအထား မျိုးဖြင့် မြင်နေရသော နဒီမျက်နှာကို တစ်ချက်ကြည့်လိုက်သည်။

သူမကတော့ ပကတိ တည်ငြိမ်သောအမူအရာမျိုးဖြင့် ပြောနေခြင်းဖြစ်လေသည်။

နီမောင်ထံမှ တော်တော်နှင့် စကားသံ ထွက်မလာသော အခါ နဒီက ဆက်မေးလေသည်။

"ဘယ်လိုလဲ. . . ကျွန်မပြောတဲ့စကား ကြားတာနဲ့ စိတ်ညစ်သွားပြီလား အစ်ကို"

"မညစ်ပါဘူး. . . တကယ်လို့သာ နဒီနဲ့ အမြဲအတူ နေခွင့်ရရင် ကျွန်တော်ပျော်နေမှာပါ။ ဘာကြောင့်လဲဆိုတာရော နဒီ သိတယ်မဟုတ်လား"

"မပြောဘဲနဲ့ ဘယ်လိုသိမှာလဲ"

"ပွင့်ပွင့်လင်းလင်း ပြောရရင် နဒီကို တွေ့စကတည်းက စိတ်ဝင်စားနေတာပါ။ အခုလိုအချိန်မျိုးမှာ ဒီလိုစကားမျိုး ပြောဘဲ့အတွက် အခွင့်အရေးယူတယ်လို့လည်း မထင်ပါနဲ့။ တကယ်လို့သာ နဒီကသာ ကျွန်တော့်မေတ္တာကို လက်ခံပေးမယ်ဆိုရင် ဘယ်လိုဘဝမျိုးနဲ့ပဲဖြစ်ဖြစ် နေနိုင်ပါတယ်"

"အစ်ကို တကယ်ပြောတာလား"

"တကယ်ပြောတာပါ။ နဒီ မယုံသေးဘူးဆိုရင် ဟော ဒီ ပင်လယ်ပြင်ကြီးကို သက်သေတည်ပြီး သစ္စာပြုဝံ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ် အစ်ကိုရယ်၊ အစ်ကို့အမူအရာကို ကြည့်ကတည်းက ရင်ထဲက ခံစားမှုတွေကို အကဲခတ်လို့ရပါတယ်၊ အမှန်ပြောရရင်တော့ ကျွန်မလည်း အစ်ကို့လိုပါပဲ၊ အစ်ကိုနဲ့ တွေ့ရပြီးတဲ့နောက်မှာ တစ်နေ့မှ မမေ့ပါဘူး"

"ဝမ်းသာလိုက်တာ နဒီရယ်၊ ဒါဖြင့် ကိုယ့်မေတ္တာကို နဒီ လက်ခံပေးပြီပေ့ါနော်"

သူမက အပြုံးကလေးဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ဆည်းဆာအရိပ်အယောင်များ စွန်းထင်နေသော ထိုအပြုံးမှာ ကမ္ဘာပေါ်မှာ အလှဆုံးအရာများထဲတွင် တစ်ခုအပါအဝင် ဖြစ်လောက်သည်ဟု စိတ်ထဲမှ ထင်လိုက်မိပေသည်။

ထို့နောက်မှာတော့ လမ်းလျှောက်နေရင်းမှ ရပ်ကာ လက်ကလေးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်ရာ နီမောင့်ရင်ခွင်ထဲသို့ တိုးဝင်လာလေတော့သည်။

ထိုအခိုက်အတန့်လေးမှာ သူတို့နှစ်ယောက်စလုံး အတွက် လောကကြီးကို ခေတ္တမေ့လျော့သွားစေသောအချိန်လည်း ဖြစ်ပေသည်။

နှစ်ယောက်သား အတန်ကြာအောင် ထိုနေရာတွင် ရပ်နေပြီးမှ ကျောက်ညီနောင်ကမ်းခြေ ရှိရာသို့ ဆက်လျှောက်လာခဲ့ကြသည်။

နေလုံးကြီးက ပင်လယ်ရေပြင်အောက်သို့ ဝင်ရောက်သွားပြီဖြစ်သောကြောင့် အလင်းရောင် ပျောက်သွားပြီး ဆည်းဆာရောင်များသာ ကျန်ခဲ့တော့သည်။





ပင်လယ်ရေမျက်နှာပြင်ပေါ်မှာ ဆည်းဆာရောင်များ ရှိနေသေးသော်လည်း ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ အမှောင်ရိပ်များ သမ်းစပြုလာချေပြီ။

ကျောက်ညီနောင် ကမ်းခြေတစ်ဝိုက်မှာတော့ အမှောင်ရိပ်များသမ်းနေပြီး ကျောက်ဆောင်ကျောက်တုံးများအား လှိုင်းပုတ်နေရာမှ ထွက်ပေါ်လာသည့်အသံများက ကျယ်လောင်စွာ ပေါ်ထွက်နေသည်။

ထိုနေရာရောက်တော့ နဒီက မေးသည်။

"အစ်ကို. . . ဘယ်လိုနဂါးမျိုး ကြည့်ချင်တာလဲ"

"ဟင်. . . နဂါးက ဘယ်နှစ်မျိုးလောက် ရှိတာလဲဟင်"

"အများကြီး ရှိတာပေ့ါ. . . ရေနေနဂါး၊ ကုန်းနေနဂါး၊ တောင်နေနဂါး. . သုံးမျိုးပေါင်းရင် တစ်ထောင်ကျော်လောက် ရှိတယ်"

"ဟင်. . . အများကြီးပါလား၊ ကိုယ်တို့က နဂါးဆိုရင် တစ်မျိုးပဲ ရှိတယ်လို့ ထင်တာ"

"အများကြီး ရှိတယ်. . . ဒီကမ်းခြေတစ်ဝိုက်မှာတော့ ပင်လယ်ကမ်းခြေနဲ့ ပင်လယ်ထဲမှာနေတဲ့ ရေနေနဂါးတွေကို တွေ့နိုင်ပါတယ်"

"အများကြီး မကြည့်ချင်ပါဘူး၊ မြင်ဖူးတယ်ဆိုရင် တော်ပြီ"

"ဒီလိုဆိုရင် ဟိုးကျောက်တုံးနောက်ကွယ်ကို သွားနေပါ၊ နဂါးတွေက လူမြင်မခံကြဘူး၊ အချို့နဂါးတွေက လူကိုမြင်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုံနဲ့ အဆိပ်သင့်စေနိုင်တယ်၊ ဒီတော့ ဟိုးကျောက်တုံး နောက်မှာ ကွယ်နေပြီး ကျောက်ညီနောင်ကမ်းခြေတည့်တည့် ပင်လယ်ပြင်ကိုသာ ကြည့်နေပါ။

ကျွန်မ ဟိုဘက်သွားပြီး နဂါးခေါ်တဲ့ ဂါထာမန္တန်တွေ ရွတ်လိုက်ဦးမယ်"

ဟု ပြောပြီး ထိုနေရာမှ ရေစပ်ဘက်သို့ ဆင်းသွားတော့သည်။ အတန်ကြာတော့ ကျောက်ဆောင်များနောက်ကွယ်၌ ပျောက်သွားလေသည်။

နီမောင်လည်း ပင်လယ်ကမ်းခြေနှင့် မနီးမဝေးမှာ ရှိသော ကျောက်တုံးကြီးတစ်လုံးအနောက်သို့ သွားကာ အလင်းရောင် ရှိနေသေးသော ပင်လယ်ဘက်သို့ လှမ်းကြည့်နေသည်။

ပင်လယ်ပြင်ပေါ်မှာ ဆည်းဆာရောင်များ ပျောက်သွားပြီး အမှောင်ရိပ်များ သမ်းနေပြီဖြစ်သော်လည်း အတန်အသင့် မြင်နိုင်သေးသည်။

သူသည် ကျောက်တုံးနောက်ဘက်မှ နဒီ ညွှန်ပြခဲ့သော နေရာတစ်ဝိုက်သို့ မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

အတန်ကြာသောအခါ ကျောက်ညီနောင်ကမ်းခြေနှင့် မနီးမဝေးရေပြင်ပေါ်မှာ ထူးထူးခြားခြား လှိုင်းတံပိုးများ ထကြွလာသည်ကို လှမ်းမြင်လိုက်ရသည်။

မရှေးမနှောင်းမှာပင် ထိုနေရာမှ ကြီးမားသော နဂါးဦးခေါင်းပိုင်းကြီး ရေပေါ်သို့ ထိုးထွက်လာသည်။

ထန်းလုံးပမာဏ ကြီးပြီး အစိမ်းပုပ်ရောင်မျိုးဖြစ်သည်။





ဦးခေါင်းပိုင်းမှာ အမောက်များပါပြီး မျက်လုံးနှစ်လုံး ဟသ်ာပြဒါး ကဲ့သို့ နီရဲနေသည်။

နီမောင်မှာ တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူးသေးသော နဂါးကြီးကို တွေ့မြင်ရသဖြင့် အသက်ရှူရန်ပင် မေ့နေသည့်အလား ပါးစပ်အဟောင်းသား ဖြစ်နေတော့သည်။

နဂါးကြီးက ရေမျက်နှာပြင်ပေါ်မှာ အတန်ကြာအောင် ပေါ်နေပြီးမှ တဖြည်းဖြည်းနှင့် ပြန်မြုပ်သွားလေသည်။ ၎င်းမြုပ်သွားပြီးနောက် ပင်လယ်ရေလှိုင်းများလည်း ပုံမှန်ဖြစ်သွားတော့သည်။

အတန်ကြာသောအခါ ကျောက်ညီနောင် ကမ်းခြေရှိ ကျောက်တုံးများကြားမှ ပြန်ထွက်လာသော နဒီကို လှမ်းမြင်ရလေသည်။





www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၁၂)

# သူဌေးကြီး
# ဦးဇမ္ဗူကျော်နှင့်
# လျှို့ဝှက်ရတနာများ

နောက်ပိုင်းရက်များမှာတော့ ဖိုးသူတော်ကြီးကပင် ဦးဆောင်ပြီး ဘုရားတည်ရန်ကိစ္စကို စတင်ဆောင်ရွက်ကြလေသည်။

နီမောင်၊ စောထီးနှင့် ငမဲအောင်၊ နာဂနှင့် နဒီတို့မောင်နှမအပြင် နီမောင်၏မိဘများဖြစ်သော ဦးဘရှိန်၊ ဒေါ်ကျင်မေတို့ပါ အားတက်သရော ကူညီလုပ်ကိုင်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသူတော်ကြီးက ၎င်းကို ဦးဒီပါ ပေးလိုက်သော ရွှေဒင်္ဂါးများကို လုံခြုံသောနေရာ၌ သိမ်းထားပြီး အလိုရှိသလောက်သာ ထုခွဲရောင်းချပြီး အသုံးပြုလေသည်။

၎င်းတို့သည် ရွှေဒင်္ဂါးများကို ကျောက်ပြာသာဒ်ရွာသို့ လာသော ကုန်သည်များကို မရောင်းပေ။

ယခင်က နီမောင်ရောင်းမိသဖြင့် ဒုက္ခရောက်ရသည်ကို သင်ခန်းစာယူ၍ ယခုတစ်ကြိမ်တော့ ဟိုင်းကြီးကျွန်းအထိ သွားရောက်ရောင်းချလေသည်။

အင်္ဂလိပ်များ အုပ်စိုးစဉ်ကာလကပင် ဟိုင်းကြီးကျွန်းမှာ အင်္ဂလိပ်ရေတပ်များ စခန်းချသောနေရာဖြစ်သည့်အပြင် ပင်လယ်လုပ်ငန်းလုပ်သူများ စုဝေးနေထိုင်ကြသဖြင့် စည်ကားသောနေရာတစ်ခုဖြစ်ခဲ့လေသည်။

ပုသိမ်မှ သင်္ဘောများ မကြာခဏ ရောက်လာသည်တာ တစ်ကြောင်း. . ပတ်ဝန်းကျင် အနီးတစ်ဝိုက်မှာ ရှိကြသည့် ခမောက်မော်၊ ဇီးချိုင်၊ ပြင်ခရိုင်၊ ငပုတော စသောနေရာများနှင့်လည်း အဆက်အသွယ် မပြတ်သဖြင့် စီးပွားရေးလုပ်ငန်းလုပ်သူတို့ လာရောက်နေထိုင်ကြသောကြောင့်လည်း မြို့ငယ်တစ်ခု စည်ကားနေခြင်းဖြစ်၏။

မြို့များနှင့် အဆက်အသွယ်ရှိသောကြောင့် လိုအပ်သောပစ္စည်း စုံလင်စွာ ရရှိနိုင်လေသည်။

နီမောင်တို့က ၎င်းတို့မှာရှိသော ရွှေဒင်္ဂါးများကို ဟိုင်းကြီးကျွန်း၌ ရှိသော ကုန်သည်များထံ သွားရောက်ရောင်းချရ





နှင့်ပင် လိုအပ်သောပစ္စည်းများကို တစ်ပါတည်း ဝယ်ယူလာကြလေသည်။

တစ်နေ့တော့ ဟိုင်းကြီးကျွန်းမှာ ရွှေဒင်္ဂါးများ ရောင်းချနေစဉ် လူတစ်ဦးနှင့် တွေ့လေသည်။

၎င်းအမည်မှာ ဦးဇန်ကောင်းဖြစ်ပြီး အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိသည်။

ဦးဇန်ကောင်းသည် ဟိုင်းကြီးကျွန်းတွင် အင်္ဂလိပ်ရတ်ထိုးနှင်း ဆေးဆရာလုပ်နေသူဖြစ်သည်။

ဦးဇန်ကောင်းနှင့် တွေ့သောအခါ သူက မေးသည်။

"မောင်ရင်. . . မင်းနာမည် ဘယ်သူလဲ"

"နီမောင်ပါ အဘ"

"ကျုပ်က ဆေးဆရာတစ်ယောက်ပဲ၊ ဒီမှာ ဆေးကုပေးနေတဲ့သူပေါ့"

"ဟုတ်ကဲ့"

"မင်းတို့ အရင်တစ်ပတ်လာပြီး ရွှေဒင်္ဂါးတွေ လာရောင်းတာတည်းက ငါသိလိုက်တယ်"

"ဟင်. . . အဘက ဘယ်လိုသိတာလဲ"

"မင်းတို့ ရောင်းသွားတဲ့ ရွှေဒင်္ဂါးတွေက အထူးအဆန်းတွေဆိုတော့ တစ်ယောက်စကား တစ်ယောက်ကြားပြီး သိနေကြတာပဲ၊ တချို့ကလည်း ရတနာသိုက်ထဲကလို့ ပြောကြတယ်၊ တချို့ကလည်း ဥစ္စာသိုက်ထဲက ယူလာတာလို့ ပြောနေကြတယ်"

"ဘယ်လိုကြောင့် အဲဒီလိုသိတာလဲ အဘ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ရွှေဒင်္ဂါးတွေက ရှေးခေတ်က ဟာတွေဆိုတော့ ဒီလိုပဲ ပြောကြမှာပေါ့။

ဒါက အရေးမကြီးဘူးကွ၊ မင်းတို့ ယူလာတဲ့ဒင်္ဂါးတွေဟာ ရေအောက်မှာရှိတဲ့ ရတနာသိုက်တစ်ခုထဲကဆိုပြီး မျက်နှာဖြူတွေကပါ စိတ်ဝင်စားနေကြတယ်"

ထိုစကားကြောင့် နီမောင်မှာ စိုးရိမ်စိတ် ဝင်သွားလေသည်။ အဖမ်းခံရမည်ကို ကြောက်၍မဟုတ်ပေ။

အနှောင့်အယှက်ပေးလာလျှင် ဘုရားတည်နေသော အလုပ်နှောင့်နှေးကြန့်ကြာမည် စိုးရိမ်သောကြောင့်ဖြစ်သည်။

"ငါမေးပါဦးမယ်. . . မင်းတို့ ဘာတွေလုပ်နေကြတာလဲ"

"ကျောက်ညီနောင်ဘက်မှာ ဘုရားတည်နေကြတာပါ"

"ဒီလိုဖြင့် ငါလည်း စိတ်ဝင်စားတယ်၊ လိုက်ပြီး အကူအညီပေးပါရစေ"

ဟု ပြောရာ နီမောင်ကလည်း ဦးဖန်ကောင်းကို တွေ့စကပင် ခင်မင်လေးစားမှု ရှိသောကြောင့် ခေါ်သွားရန် လက်ခံလိုက်လေသည်။

ဦးဖန်ကောင်းက ဆေးပစ္စည်းအချို့နှင့် အဂ္ဂိရတ်ပစ္စည်းအချို့ ထည့်ထားသော လွယ်အိတ်တစ်လုံး ယူပြီး နီမောင်တို့နှင့် လိုက်လာခဲ့လေသည်။

လမ်းရောက်တော့ ဦးဖန်ကောင်းက ထပ်ပြောသည်။

"ဒီကိစ္စမျိုးက လူများများသိလို့ မကောင်းဘူးကွ၊ သိတာ





နဲ့ လောဘတက်ကြတော့တာပဲ"

"ကျွန်တော်တို့လည်း ပထမ ရွာမှာရောင်းသေးတယ်၊ တစ်ခါပဲ ရောင်းတယ် တစ်ခါပဲ ပြဿနာတက်တာနဲ့ မရောင်းဝံ့တော့လို့ ဒီမှာ လာရောင်းတာပါ"

"ဒီမှာက မျက်နှာဖြူတွေရှိတော့ ပိုဆိုးတာပေါ့ကွာ၊ ကျန်တဲ့လူတွေကမှ ဘာသာရေးတွေဘာတွေ စဉ်းစားဦးမယ်၊ သူတို့ကတော့ ရဖို့ဆိုရင် ဘာမှစဉ်းစားတဲ့လူမျိုးတွေ မဟုတ်တော့ ပြီးကြောက်စရာကောင်းတာပေါ့ကွာ၊ သူတို့သာ သိသွားလို့ကတော့ တစ်နည်းနည်းနဲ့တော့ မင်းတို့နောက်ကို ခြေရာကောက်ပြီး လိုက်လာတော့မှာ အသေအချာပဲ"

နီမောင် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်တော်တို့ကတော့ ဘုရားအတွက် ရည်စူးထားတဲ့ ပစ္စည်းတွေဆိုတော့ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဘယ်သူ့လက်ထဲကိုမှ အရောက်မခံပါဘူး"

"ဒီလိုပဲ ဖြစ်ရမှာပေါ့ကွ၊ ငါလည်း တတ်နိုင်သလောက် အကူအညီပေးပါ့မယ်၊ ဘုရားတည်တဲ့ကိစ္စကရော အတော်ခရီးရောက်နေပြီလား"

"အခုမှ စရုံပဲ ရှိသေးတယ်"

"ဘယ်သူ ဦးဆောင်လုပ်နေတာလဲ"

"ဖိုးသူတော်ကြီးတစ်ယောက်က လုပ်ပေးနေတာပါ"

"သူလည်း သာမန်လာလုပ်နေတာတော့ ဟုတ်ဟန်မတူဘူး. . ပဋ္ဌာန်းဆက် ရှိတဲ့လူပဲဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မှတ်ချက်ချပြီး လွယ်အိတ်ထဲမှာ ပါလာသော ကွမ်းယာကို ဝါးနေလေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့က လှေကို ရှက်လှော်ပြီး ပြန်လာရာ ညနေပိုင်းအချိန်တွင် ကျောက်ညီနောင်စခန်းသို့ ပြန်ရောက်လာကြသည်။

ဦးဗန်ကောင်း ပါလာသည်ကို မြင်သောအခါ ဖိုးသူတော်ကြီးကလည်း ဝမ်းသာသွားလေသည်။

"ဒီလိုပဲ ပဋ္ဌာန်းဆက် ရှိသူတွေ စုကြရမှာပေါ့၊ ခင်ဗျား အခုလို ရောက်လာတာ ကျုပ်တို့အတွက် အကူအညီရတာပေါ့ ဗျာ"

ဟု ပြောလေသည်။

ဦးဗန်ကောင်းက ဟိုင်းကြီးကျွန်းမှ အခြေအနေများကို ပြောပြသောအခါ ဖိုးသူတော်ကြီးက ပြောသည်။

"ဘယ်နေရာမဆို ကောင်းတာလုပ်သူတွေအတွက် မကောင်းတဲ့ အနှောင့်အယှက်တွေကတော့ ရှိမှာပေါ့၊ ဆန့်ကျင်ဘက်တွေ အနှောင့်အယှက်တွေကို ကျော်လွှားနိုင်မှသာ အကယ့်အောင်မြင်မှု ဖြစ်မှာပေါ့ဗျာ. . . မဟုတ်ဘူးလား"

"ဟုတ်ပါတယ်. . . အနှောင့်အယှက်တွေ ရောက်လာတော့လည်း သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက သူတို့ဘာသာ ရှင်းသွားကြပါလိမ့်မယ်"

"မှန်တာပေါ့ဗျာ. . . သိပ်မှန်တဲ့စကားပေါ့"

ဟု နှစ်ယောက်သား အတိုင်အဖောက်ညီစွာဖြင့် စကား





သက်ဆုံကျနေကြတော့သည်။

နီမောင်တို့ ဘုရားတည်နေသောကိစ္စကို အချို့က စိတ်ဝင်စားသော်လည်း အချို့ကတော့ လာရောက်အကူအညီပေးကြလေသည်။

ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ကျောက်တုံးများကို ဖယ်ရှားခြင်း၊ မြေသားညှိခြင်း၊ အုတ်သဲကျောက်များ သယ်ယူပေးခြင်း စသောအလုပ်များကို ဝိုင်းဝန်းအကူအညီပေးကြလေသည်။

တချို့ကလည်း. . .

"ကျွန်တော်တို့ကဗျာ. . . အချိန်ပြည့် လာလုပ်ပေးချင်ပါတယ်၊ ဒါပေမယ့် တစ်နေ့လုပ်မှ တစ်နေ့စားရတာဆိုတော့ အလုပ်သွားရဦးမယ်"

ဟု ပြောရာ ဖိုးသူတော်ကြီးက. .

"မင်းတို့ တကယ် စေတနာနဲ့ လုပ်ပေးချင်တယ်ဆိုရင် စားဖို့အတွက်တော့ မပူပါနဲ့ မောင်ရာ၊ ငါကျွေးထားနိုင်ပါတယ်"

ဟု ပြောလေရာ အချို့လည်း အလုပ်မသွားကြတော့ဘဲ ဘုရားတည်သည့်နေရာမှာသာ အချိန်ပြည့် လာလုပ်ပေးကြလေသည်။

ဖိုးသူတော်ကြီးကလည်း ကတိပေးထားသည့်အတိုင်း ဆန်နှင့် စားနပ်ရိက္ခာများကို လုံလောက်အောင် ပေးလေသည်။

ထိုသို့ပေးသည်ကို တချို့က ဖိုးသူတော်ကြီးက စွမ်းသခြင်း သိဒ္ဓိတန်ခိုးဖြင့် ပေးသည်ဟု ထင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ မဟုတ်ပေ။

ရွှေဒင်္ဂါး ရောင်း၍ရသောငွေဖြင့် ဝယ်ယူထားသော စားသောက်စရာများကို ဝေငှပေးနေခြင်းသာဖြစ်ပေသည်။

တစ်နေ့တခြား ဝိုင်းဝန်းအကူအညီပေးသူ များလာသောကြောင့် ဘုရားတည်သောကိစ္စမှာ လျင်မြန်စွာ အကောင်အထည် ပေါ်လာလေသည်။

ဖိုးသူတော်ကြီးကလည်း လာရောက်လုပ်အားပေးသူများကို လိုလေသေးမရှိအောင် ချက်ပြုတ်ကျွေးမွေးလေရာ ထမင်းရည်ချောင်းစီး မောင်းတီးလှူသော အလှူပွဲကြီးတမျှ စည်ကားနေတော့သည်။

ကျေးလက်တောရွာများ၌ နေထိုင်ကြသူများမှာ ၎င်းတို့အတွက် နေ့ဖို့ညစာ စားစရာသာ ရမည်ဆိုပါက ဘာသာရေးကိစ္စများကို အားတက်သရော လုပ်ကိုင်ပေးလေ့ ရှိသည့်အတိုင်း ယခုလည်း ဖိုးသူတော်ကြီးက စားသောက်စရာများ ပေးထားသဖြင့် တက်ကြွစွာ လာရောက်လုပ်ကိုင်ပေးကြလေရာ ယခင်လူသူကင်းမဲ့နေသော ကျောက်ညီနောင် ကမ်းခြေတစ်ဝိုက်မှာ များစွာ စည်ကားနေတော့သည်။

တစ်နေ့တွင် ထိုနေရာသို့ သူကြီးစံနက်ကျော်နှင့် တပည့်များ ရောက်လာကြသည်။

"ခင်ဗျားတို့ လူစုလူဝေးနဲ့ ဘာလုပ်နေကြတာလဲ"

"ဘုရားတည်နေတာလေ"

"ဘယ်သူ့ခွင့်ပြုချက်နဲ့ တည်တာလဲ"





"ဘုရားတည်တာပဲ . . ဘယ်သူ့ခွင့်ပြုချက် ယူရဦးမှာလဲ"

"မြန်မာနိုင်ငံက သခင်ကြီးတွေ အုပ်ချုပ်နေတာဆိုတော့ သူတို့ကို ခွင့်တောင်းရမှာပေါ့"

"မြန်မာနိုင်ငံက သူတို့ပိုင်တဲ့နေရာမှ မဟုတ်တာ၊ သူတို့က မတရားသိမ်းပြီး အတင်းအဓမ္မ လာနေကြတာပဲ၊ ဘာကြောင့် သူတို့ဆီက ခွင့်တောင်းရမှာလဲ၊ အိမ်ရှင်က ဧည့်သည်ဆီမှာ ခွင့်တောင်းစရာ လိုသေးလို့လား"

ဟု ဖိုးသူတော်ကြီးက ပြောလိုက်သောအခါ စံနက်ကျော်မှာ မျက်နှာပျက်သွားလေသည်။

"ဒါထက် ဒီဘုရားတည်တာ ဘယ်ကပိုက်ဆံတွေ ရလို့တည်နေတာလဲ"

"ပုသိမ်မှာရှိတဲ့ ပို့ဆောင်ရေးလုပ်ငန်းပိုင်ရှင် ဦးဇမ္ဗူကျော်က လှူသလောက်ပေးပြီး တည်ခိုင်းတာပဲ၊ ပုသိမ်မြို့ပေါ်မှာ ဦးဇမ္ဗူကျော်ဆိုရင် တစ်မြို့လုံး မသိသူ မရှိဘူး၊ မျက်နှာဖြူအရာရှိတွေနဲ့လည်း အားလုံးဝင်ဆန့်တယ်၊ မကြာခင် သူ ဒီကိုရောက်လာလိမ့်မယ်"

ထိုကဲ့သို့ပြောလိုက်သောအခါ စံနက်ကျော်လည်း ဘာမှဆက်မပြောဝံ့တော့ဘဲ ပြန်သွားလေတော့သည်။

သူတို့ပြန်သွားတော့မှ ဦးဗန်ကောင်းက မေးသည်။

"ခင်ဗျားပြောတဲ့ သူဌေးကြီး ဦးဇမ္ဗူကျော်ဆိုတာ တကယ်ရော ရှိရဲ့လားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပေါ့ဗျ"

"သူဘယ်မှာနေတာလဲ"

"ပေါင်းဝသုသာန်က ဇရပ်ပေါ်မှာ နေတယ်"

"ဟင်. . . သူဌေးကြီးက ဇရပ်ပေါ်မှာ နေသလား၊ နေပါဦး. . . ပို့ဆောင်ရေးလုပ်ငန်းဆိုတာ ဘာလုပ်တာလဲ"

"သေတဲ့လူတွေကို တမလွန် ပို့ပေးတဲ့အလုပ်လေ"

"ဟင်. . . ခင်ဗျားဟာက သူဌေးကြီး ဦးဇမ္ဗူကျော်ဆိုတာ သုဘရာဇာတစ်ယောက်ပဲ၊ အတော် တတ်နိုင်ပါလား"

ထိုစကားကြောင့် ဖိုးသူတော်ကြီးက သဘောကျစွာ ရယ်နေလေသည်။

"လောကမှာ ဟန်ကိုယ့်ဖို့ဆိုတဲ့စကားက အလကား ထားခဲ့တာ မဟုတ်တာ၊ ဦးဇမ္ဗူကျော်လို့ ပြောလိုက်တာနဲ့ သူကြီး ပြန်ခြေးသွားတာ မဟုတ်လား"

"ဟုတ်တော့. . ဟုတ်ပါတယ်. . . ဒါပေမယ့်. . ."

"စိတ်မပူပါနဲ့ ဦးဗန်ကောင်းရယ်၊ ကျုပ် လူလွှတ်ပြီး မှာလိုက်တာနဲ့ သူရောက်လာပါလိမ့်မယ်"

"ဒီလောက်ဝေးတဲ့ခရီးကို ချက်ချင်း ဘယ်လိုရောက်နိုင်ပါ့မလဲ"

"ဒါက လွယ်ပါတယ်ဗျာ၊ မြန်မြန်ရောက်အောင် သွားနိုင်တဲ့သူကိုပဲ လွှတ်ရမှာပေါ့"

"ဘယ်သူလဲ"

"ပရလောကသားတွေကိုပေါ့"





ထိုစကားကြားတော့မှ ဦးဗန်ကောင်းလည်း သဘောပေါက်သွားလေတော့သည်။

"ခင်ဗျားက ဆေးဆရာပဲ၊ ဒီကိစ္စမျိုးတွေ ကျွမ်းကျင်တယ် မဟုတ်လား"

ခေါင်းညိတ်ပြလိုက်သည်။

"ဒီလိုဆိုရင်တော့ ဒီတာဝန်ကို ခင်ဗျားသာ ယူပေတော့ဗျာ၊ ပေါင်းဝသုသာန်မှာရှိတဲ့ ပေတလူကို ဒီနေရာကို အမြန်လာခဲ့ဖို့ အကြောင်းကြားပေတော့ဗျို့"

ဟု တာဝန်ပေးလေသည်။

ဦးဗန်ကောင်းက နီမောင်ကို ပြောပြသောအခါ သူက နာဂကို ခေါ်လာသည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ ပြောပါ"

"ပေါင်းဝသုသာန်စောင့် ပေတလူကို ခေါ်ချင်တယ်၊ ခင်းဆောင်ရွက်ပေးပါ"

"စိတ်ချပါ. . . ချက်ချင်းခေါ်လာခဲ့ပါ့မယ်"

ဟု တာဝန်ယူပါသည်။

ထိုအခါ ဖိုးသူတော်ကြီးက ထပ်မှာသည်။

"သူနဲ့တွေ့ရင် ငါလွှတ်လိုက်တယ်လို့သာ ပြောပြပါ. . ချက်ချင်းလိုက်လာပါလိမ့်မယ်၊ သူနဲ့အတူနေတဲ့ သူခိုးရာဟုကိုပါ အစ်ပါတည်း ခေါ်လာခဲ့ဖို့ ပြောပါ"

"ကောင်းပါပြီ"

ဟု ပြောပြီး နာဂလည်း ပြန်ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်မှာ ဟိုင်းကြီးကျွန်းဘက်ကမ်းမှ ကတ္တူလှေတစ်စင်း ရောက်လာသည်။

ထိုကတ္တူပေါ်မှာ မျက်နှာဖြူအရာရှိ စမစ်ဆိုသူနှင့် စစ်သားအချို့ ပါလာသည်။

စစ်သားအတော်များများမှာ ကုလားလူမျိုးများ ဖြစ်ကြလေသည်။ စကားပြန်လုပ်သူလည်း ပါလာသည်။

၎င်းတို့ရောက်သည်ဟု သတင်းကြားသည်နှင့် သူကြီးစံနက်ကျော်တို့လည်း ပျာပျာသလဲ ဆင်းလာပြီး ကြိုဆိုရသည်။

စမစ်က ရောက်လာသည်နှင့် ဘုရားတည်နေသည့်အကြောင်းကို ဂရုမစိုက်ဘဲ သူယူလာသော ရွှေဒင်္ဂါးတစ်ပြားကို နမူနာပြပြီး ထိုအကြောင်းကိုသာ မေးနေတော့သည်။

ထိုရွှေဒင်္ဂါးမှာ ဟိုင်းကြီးကျွန်းတွင် နီမောင်တို့ အသုံးပြုခဲ့သော ရွှေဒင်္ဂါးပင်ဖြစ်သည်။

“ဒီရွှေဒင်္ဂါးကို မောင်မင်းတို့ ဘယ်က ရတာလဲ. . . မှန်မှန်ပြောပါ”

“ပုသိမ်က သူဌေးကြီးတစ်ယောက် လှူတာပါ”

“အခု သူဘယ်မှာလဲ”

“မကြာခင် ရောက်လာပါလိမ့်မယ်”

“သူ့ဆီမှာ ဒီလိုရွှေဒင်္ဂါးမျိုးတွေ အများကြီး ရှိသလား”

“မသိပါဘူး”

“မောင်မင်း မှန်မှန်ဖြေပါ”

“အမှန်အတိုင်း ပြောတာပဲ၊ မယုံကြည်ရင် သူရောက်





လာတော့ မေးကြည့်ပါ”

ဟု ပြောလေရာ မျက်နှာဖြူ အရာရှိမှာ မကျေမနပ်နှင့် ရှိနေတော့သည်။

ညနေပိုင်းအချိန်မှာတော့ ကမ်းခြေသို့ ကတ္တူလှေတစ်စင်း ဆိုက်ကပ်လာလေသည်။

ကတ္တူလှေပေါ်မှ ပိုးပဝါခေါင်းပေါင်းနှင့် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသော သူဌေးကြီး ဦးဇမ္ဗူကျော်ဆိုသူ ဆင်းလာသည်။ သူ့နောက်မှာတော့ တပည့်တစ်ယောက်လည်း ပါလာသည်။ ၎င်းတို့သည် မျက်နှာဖြူအရာရှိစမစ် ရှိသောနေရာသို့ လျှောက်လာလေသည်။

မျက်နှာဖြူအရာရှိက သူ့ကို ကြည့်နေလသည်။

“မောင်မင်း ဘယ်သူလဲ”

“ပို့ဆောင်ရေးလုပ်ငန်းပိုင်ရှင် သူဌေးကြီးဦးဇမ္ဗူကျော်ဆိုတာ ကျုပ်ပါပဲ”

“အိုး. . . တွေ့ရတာ အများကြီး ဝမ်းသာပါတယ်”

“ကျုပ်ကလည်း ဝမ်းသာပါတယ်၊ ကျုပ်လုပ်ငန်းနဲ့ ပတ်သက်ပြီး အကူအညီလိုရင်လည်း ပြောပါ၊ သွားချင်တဲ့နေရာကို အချိန်အခါမရွေး ပို့ပေးနိုင်ပါတယ်”

“ကောင်းတာပေါ့. . ကောင်းတာပေါ့၊ ဒါထက် ဒီဘုရားက ခင်ဗျားတည်ခိုင်းတာလား”

“ဟုတ်ပါတယ်. . . ဘုရားတည်ဖို့ စရိတ်တွေလည်း ကျုပ်ပဲ ပေးတာပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီရွှေဒင်္ဂါးတွေက ခင်ဗျားပစ္စည်းတွေလား"

"မှန်ပါတယ်"

"ဒါတွေ ဘယ်က ရတာလဲ"

"မိဘ ဘိုးဘွားတွေဆီက အမွေရတာပါ၊ ဒီလိုရွှေဒင်္ဂါးတွေ အမြောက်အမြား ရှိပါတယ်"

"ခင်ဗျားမှာ တကယ်ရှိတယ်ဆိုရင် ကျွန်ုပ်ကြည့်ချင်ပါတယ်. . . ပြပေးမလား"

"ပြပေးနိုင်ပါတယ်. . . ဒါပေမယ့် သက်ဆိုင်သူတွေထံမှာ ခွင့်တောင်းရဦးမှာဆိုတော့ အချိန်တော့ ပေးပါ"

"ကောင်းပါပြီ"

ဟု ပြောပြီး မျက်နှာဖြူအရာရှိလည်း ပြန်သွားလေတော့သည်။

မျက်နှာဖြူအရာရှိကိုယ်တိုင်က ဘုရားတည်ခြင်းကိစ္စကို ဘာမှပြောဆိုခြင်း မရှိတော့သောကြောင့် သူကြီးစံနက်ကျော်တို့လည်း မပြောသာတော့ပေ။

သို့သော်လည်း သူဌေးကြီး ဦးဇမ္ဗူကျော်ဆိုသူ ပြောသွားသောစကားကိုတော့ များစွာစိတ်ဝင်စားကြလေသည်။

သူတို့စိတ်ထဲမှာ ဦးဇမ္ဗူကျော် ပိုင်ဆိုင်သည်ဆိုသော ရွှေဒင်္ဂါးများကို တစ်နေရာ၌ ရှိနေလိမ့်မည်ဟု ထင်နေကြသည်။







# အခန်း(၁၇)

# ထန်းတက်သမားတာတေနှင့် ထူးဆန်းသောမြင်ကွင်း

တစ်နေ့သ၌ ဘုရားတည်သောနေရာသို့ သူကြီးစံနက်ကျော်၏တပည့်အချို့ ရောက်လာကြလေသည်။

"ကျုပ်တို့သူကြီးမင်းက သူဌေးကြီးဦးဇမ္ဗူကျော်ကို တွေ့ချင်လို့ ဖိတ်ခိုင်းလိုက်ပါတယ်"

ထိုစကားကြားသောအခါ ပေါင်းဝသုသာန်စောင့် ပေတလူဘဝမှ နေ့ချင်းညချင်း သူဌေးကြီးဘဝ ရောက်နေသော ဦးဇမ္ဗူကျော်မှာ တပည့်အဖြစ် ခေါ်လာသော သူခိုးရာဟုဒ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီး လိုက်သွားလေသည်။

သူကြီးအိမ်သို့ ရောက်သောအခါ အစားအသောက်မျိုးစုံတို့အပြင် အရက်၊ ထန်းရည်တို့နှင့်ပါ ဧည့်ခံလေသည်။

"ကျုပ်က ဘုရားဒါယကာဆိုတော့ အရက်သေစာတော့ မသောက်ပါရစေနဲ့"

"ကောင်းပါပြီ . . သူဌေးမင်း နှစ်သက်ရာကိုသာ သုံးဆောင်ပါခင်ဗျာ၊ ကျုပ်တို့လို တောထဲမှာ နေသူတွေကတော့ သူဌေးမင်းတို့လို ပုဂ္ဂိုလ်မျိုးတွေနဲ့ အသိအကျွမ်းဖြစ်ခွင့်ရတာကိုပဲ အများကြီး ဝမ်းသာနေတာပါ"

"ဒါပေါ့လေ . . . လူတွေဆိုတာ သံသရာတစ်လျှောက်လုံးမှာ ဆွေမျိုးမတော်စပ်ခဲ့ဖူးတာ ရှိမှမရှိခဲ့ကြတာ . . ဒီတော့ တစ်ဦးနဲ့တစ်ဦး ပဋ္ဌာန်းဆက်တွေ ရှိနေကြတာပေါ့၊ ဒါကြောင့်လည်း ခရီးဘယ်လောက်ပဲ ဝေးနေနေ အကြောင်းတိုက်ဆိုင်လာတော့လည်း တွေ့ဆုံကြရတာပေါ့"

ဟု တည်ငြိမ်သောလေသံဖြင့် ပြောပြရာ စံနက်ကျော်တို့မှာ များစွာအထင်ကြီးသွားကြလေသည်။

"မှန်ပါတယ်ခင်ဗျား . . . သူဌေးမင်းလို ပုဂ္ဂိုလ်မျိုးနဲ့ အခုလို တွေ့ခွင့်ရတာကိုပဲ အများကြီး ဝမ်းသာနေတာပါ၊ ကျုပ်တို့အနေနဲ့ သူဌေးမင်း မရောက်လာခင်ကတည်းက သူဌေးမင်းအကြောင်းတွေကို ကြားပြီး သိတန်သလောက် သိထားပြီးပါပြီ"

"ဘာတွေများလဲ သူကြီးမင်းရဲ့"

"အော် . . . တခြားတော့ မဟုတ်ပါဘူး၊ ပုသိမ်မြို့ပေါ်မှာ မြို့မျက်နှာဖုံး စာရင်းဝင် သူဌေးကြီးဖြစ်တယ်ဆိုတာရယ်၊ လူတွေအပေါ်မှာ ဘယ်လောက်သြဇာညောင်းတယ်ဆိုတာတွေပါ"

"အင်း . . ပုပ်လို့ပေါ် ဟုတ်လို့ကျော်ဆိုတဲ့စကား တယ်လည်း မှန်ပေတာပဲကိုး၊ မြို့ပေါ်မှာရှိတဲ့လူတွေကတော့ ကျုပ်ဆီရောက်လာတာနဲ့ ကျုပ်ပြောသမျှလုပ်၊ ကျုပ်စေခိုင်းတဲ့အတိုင်း နာခံကြရတယ်ဗျ၊

ကျုပ်က မြေကြီးထဲမှာ နေဆိုရင်တောင် နေကြရမယ့်သူတွေချည်းပဲ"

"ဒီလောက် သြဇာအာဏာကြီးတဲ့ ပုဂ္ဂိုလ်မျိုးနဲ့ အခုမှတွေ့ခွင့်ရတာ နာသဗျာ၊ ဒါထက် မျက်နှာဖြူအရာရှိတွေနဲ့လည်း အတော်ကလေး ထဲထဲဝင်ဝင် ရှိတယ်လို့ သတင်းကြားရပါတယ်၊ ကျုပ်ကိုလည်း လူရင်းတစ်ယောက်လို သဘောထားပြီး ကူညီပေးပါဦး၊ သူကြီးရာထူးကနေ ဒီထက်သြဇာအာဏာရှိတဲ့ ရာထူးမျိုးရအောင် ကူညီမစပေးပါ"

"စိတ်မပူပါနဲ့ . . . မျက်နှာဖြူအရာရှိတွေဆိုတာ ကျုပ်တစ်ခွန်းပြောတာနဲ့ ပြီးနိုင်ပါတယ်"

ဟု ပြောလိုက်ရာ စံနက်ကျော်လည်း များစွာဝမ်းမြောက်ဝမ်းသာဖြစ်သွားမိသည်။

"ဒါထက် သူဌေးမင်းကို ကြုံကြိုက်လို့ မေးရဦးမယ်၊ ဒီရွာက နီမောင်နဲ့ ဘယ်လိုများ သိနေကြတာလဲ"

"ပုသိမ်မြို့ဂိတ်မှာ သူ အချုပ်ခံရတော့ လူတစ်ယောက်







www.burmeseclassic.com

www.burmeseclassic.com



အတွက်သွားရင်း သူနဲ့ တွေ့တယ်၊ မြင်မြင်ချင်း သနားတာနဲ့ အကူအညီပေးလိုက်တာပါ"

စံနက်ကျော်လည်း ထိုကြောင်းကို ဆက်မမေးတော့ဘဲ အခြားအကြောင်းကို မေးပြန်လေသည်။

ဦးဇမ္ဗူကျော်နှင့် တပည့်ဖြစ်သူ ရာဟုတို့ကတော့ ၎င်းတို့ အတွက် ပြင်ဆင်ပေးထားသော အစားအသောက်များကို မြိန်ရှက်စွာ စားသောက်ရင်း မေးသမျှကို ဒိုင်ခံအဖြေပေးနေသည်။

"ဒါထက် တခြားနေရာတွေမှာလည်း တည်ရင်းရပါရက်နဲ့ ဒီလောက်ဝေးလံလှတဲ့ ပင်လယ်ကမ်းခြေလိုနေရာမျိုးမှာမှ ရွေးပြီး ဘာကြောင့် ဘုရားတည်ရတာပါလဲခင်ဗျား"

"ဒါကတော့ ကိုယ်နဲ့ ပဋ္ဌာန်းဆက် ရှိတဲ့နေရာမှာ လာပြီး လုပ်ရတာပေါ့ဗျာ၊ ကျုပ်က ဘယ်အလုပ်မျိုးမဆို အာရုံခံပြီးမှ အလုပ်လုပ်တာဗျ၊ သူကြီးမင်းနဲ့ ပတ်သက်ပြီး ကျုပ်အာရုံမှာ ပေါ်တာတွေလည်း ရှိသေးတယ်"

"ဘာတွေများလဲ. . . ပြောပြပါ သူဌေးမင်း"

"မကြာသေးခင်က ထူးဆန်းတဲ့ ရွှေဒင်္ဂါးတစ်ပြား ရမှာ တယ် မဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ်. . . ဒါပေမယ့် ကုန်သည်တွေ ယူသွားပါပြီ"

"ဒါ့အပြင် နောက်ထပ် အလားတူ ငွေဒင်္ဂါးတစ်ပြား လည်း ရသေးတယ်မဟုတ်လား၊ အဲဒီငွေဒင်္ဂါးကတော့ အတော် ကြိုပ်မွှေသွားတာပဲ ယောကျ်ားတစ်ယောက် မိန်းမတစ်ယောက်





ပေးသွားခဲ့တာလေ"

ထိုစကားကြားသောအခါ စံနက်ကျော်သာမက အနားမှာ ရှိနေသောသူများပင် မျက်လုံးပြူးသွားပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"ဟုတ်. . ဟုတ်ပါတယ် သူဌေးမင်း၊ ဘယ်လိုများ သိနေတာပါလဲ"

"ဒီလိုပဲ သိရတာပေါ့လေ၊ ဒါ့အပြင် ငွေဒင်္ဂါး ရောက်လာပြီး သူကြီးမင်းရဲ့တပည့်နှစ်ယောက်ပါ အသက်ဆုံးပါးခဲ့ရတယ် မဟုတ်လား"

"အမှန်ပါပဲ သူဌေးမင်းရယ်၊ သူတို့ ဘယ်လိုသေကြရတယ်ဆိုတာတောင် မသိခဲ့ရပါဘူး၊ သူတို့ ဘယ်လိုသေရတယ်ဆိုတာများ သူဌေးမင်း သိသလားဟင်"

"သိသင့်သလောက်တော့ သိပါတယ်၊ ပရလောကသားတွေ လက်ချက်ပါပဲ"

"သူဌေးမင်းက ဒီကိစ္စတွေကို ဘယ်လိုများ သိနေတာလဲဟင်"

"ကျုပ်က ဘာသာရေး လုပ်နေတဲ့လူဆိုတော့ ပရလောကသားတွေနဲ့ အဆက်အသွယ်ပြုလို့ရပါတယ်၊

နောက်ပြီး စာပေကျမ်းဂန်တွေကိုလည်း နှံ့စပ်မှုရှိတော့ မာဂဓ ဘာသာစကားတွေကိုလည်း နားလည်သင့်သလောက် နားလည်ပါတယ်"

"မာဂဓ စကားဆိုတာ ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"တိရစ္ဆာန်တွေ ပြောတဲ့စကားပါ"

"အံ့သြစရာပဲ. . . သူဌေးမင်းက ပိုက်ဆံချမ်းသာရုံတင် မကဘူး ပညာကလည်းပြည့်စုံပေတာကိုး၊ သူဌေးမင်းလိုလူမျိုးနဲ့ အခုလို သိကျွမ်းခွင့်ရတာ ဝမ်းသာစရာပါပဲ၊ ကျုပ်အတွက်လည်း မေ့မထားပါနဲ့နော်"

"စိတ်မပူပါနဲ့. . . ပဋ္ဌာန်းဆက် ရှိသူတွေပဲ ကြုံကြိုက် တုန်း အကူအညီပေးခဲ့ရမှာပေါ့၊ မျက်နှာဖြူအရာရှိတွေက ကျွန် တစ်ခွန်းပြောတာနဲ့ ကိစ္စအားလုံး အဆင်ပြေနိုင်ပါတယ်"

ဟု ပြောရာ စံနက်ကျော်လည်း များစွာအားရှိသွားလေ တော့သည်။

နောက်တစ်ရက်မှာတော့ ထန်းတက်သမား တာတေ နေသော ထန်းတဲသို့ ရာဟုတစ်ယောက် ရောက်လာသည်။

တာတေက ရာဟုကို သူဌေးနှင့်အတူပါလာသော တ ပည့်ဖြစ်သောကြောင့် သိနေလေသည်။

မနေ့က သူကြီးအိမ်သို့ ထန်းရည်လာပို့ပေးရင်းနှင့် ဦး ဇမ္ဗူကျော် ပြောသွားသောစကားများကိုလည်း ကြားသွားလေ သည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ငါ့နာမည်က ရာဟုလို့ ခေါ်တယ်၊ သူဌေးကြီး ဦးဇမ္ဗူ ကျော် တပည့်ပေါ့. . မင်းနာမည်ကရော ဘယ်သူလဲ"

"ငါ့နာမည် တာတေလို့ ခေါ်တယ်"

"ဒီရွာမှာ တခြားလူတွေနဲ့ မိတ်ဆွေမဖြစ်ချင် ရှိရမယ်





မင်းနဲ့တော့ မိတ်ဆွေဖွဲ့ထားရမယ်"

"ဘာဖြစ်လို့လဲကွ"

"ငါက ထန်းရည်သိပ်ကြိုက်တယ်ကွ၊ အခုတောင် သူ ဌေးမသိအောင် လစ်ထွက်လာခဲ့ရတာ၊ ငါ့ကို ထန်းရည်တစ်အိုး လောက်ပေးကွာ. . မြည်းစရာရော ဘာရှိသလဲ"

တာတေက ထန်းရည်တစ်အိုးနှင့် ချေသားကြော်များ ချပေးလိုက်ရာ ရာဟုလည်း မြိန်ရှက်စွာ စားသောက်လေတော့ သည်။ သူ့ဒိုးဘဝမှာ ထန်းရေကောင်းကောင်း မသောက်ခဲ့ရသမျှ ယခုမှ စိတ်တိုင်းကျ သောက်ရခြင်းဖြစ်ပေတော့သည်။ အတန် ကြာတော့ တာတေ မေးသည်။

"မနေ့က သူကြီးအိမ်မှာ မင်းရဲ့သူဌေး ပြောသွားတာ တစ်စွန်းတစ်စ ကြားလိုက်ရတယ်၊ သူက ပရလောကသားတွေနဲ့ ဆက်သွယ်နိုင်တယ်၊ တိရစ္ဆာန်တွေ ပြောတဲ့စကား ကြားတယ်ဆို တာ အမှန်ပဲလား"

"အမှန်ပေါ့ကွ"

"မင်းရော တိရစ္ဆာန်တွေစကား မတတ်ဘူးလား"

"နည်းနည်းပါးပါးတော့ သင်ထားရတာပေါ့"

"ဘာတွေ တတ်သလဲဟင်၊ ငါ့ကို ပြောပြပါလား"

တာတေက အားတက်သရော မေးသည်။

"တောထဲမှာနေတဲ့ တိရစ္ဆာန် ပြောတာတော့ နားမလည် သေးပါဘူး၊ လူတွေနဲ့အတူနေတဲ့ တိရစ္ဆာန်တွေစကားလောက်ပဲ သိသေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



“မင်းသိသလောက်ပဲ ပြောစမ်းပါဦး”

“မင်းမွေးထားတဲ့ကြက်ကို အစာကျွေးတော့မယ်ဆိုရင် ဘယ်လိုခေါ်သလဲ”

“တီ တီ တီ တီ လို့ ခေါ်တာပေါ့”

“အမှန်တော့ အသံထွက်အမှန်က. . တီ. . တီ. . တီ မဟုတ်ဘူး”

“ဒါဖြင့် ဘာလဲ”

“တံ. . တံ. . တံ. . လို့ ခေါ်မှ မှန်တယ်၊ တံ. . တံ က နေ. . တီ. . တီ. . တို့ တစ်. . တစ်. . တို့ ဖြစ်သွားတာ၊ တံ. . တံ. . တံ. . ဆိုတာ ကြက်ကို မြန်မြန်လာစားစေချင်လို့ အဖျား ဆွတ် ခေါ်လိုက်တာ၊

အပြည့်အစုံက တံ. . တံ. . တန္ထုလံ. . တန္ထုလံလို့ ခေါ်မှ ပြည့်စုံတာ၊ တန္ထုလံဆိုတာ မာဂဓဘာသာနဲ့ ဆန်ကိုခေါ်တာ၊ အမိပ္ပါယ်က ကြက်ကို ဆန်ကျွေးမယ် လာပါလာပါလို့ ခေါ်တာပဲ၊

တံ. . တံ. . ပဲ ခေါ်ခေါ်၊ တီ. . တီ. . ပဲ ခေါ်ခေါ် ကြက်က သူ့ကို ဆန်ကျွေးဖို့ ခေါ်နေမှန်းသိလို့ ကြားရာအရပ်တဲ့ ပြေးလာတော့တာပဲ”

ရာဟုက ထန်းရည်တစ်ခွက် မော့သောက်လိုက်သည်။

“တံ. . တံ. . လို့ခေါ်ရင် မင်းနားလည်ပါ့မလား”

“ဘယ်နားလည်ပါ့မလဲ”

“ဒါကြောင့် ကြက်လောက်မှ နားမလည်ဘူးလို့ ပြော





တာပေါ့”

တာတေမှာ ဘာမှ ပြန်မပြောသာသဖြင့် အောင့်သက်သက် ဖြစ်သွားလေသည်။

“ဆက်ပြောပါဦး”

“ငါတို့ဆီမှာတော့ တောင်းတဲ့သူတွေက အစ်ကိုကြီးတို့ အစ်မကြီးတို့ ဆန်လေးများရှိရင် တစ်ဆုပ်လောက် စွန့်ကြဲတော်မူကြပါလို့ တောင်းတယ်၊ အိန္ဒိယရောက်တော့ မာဂဓဘာသာနဲ့ပဲ တောင်းတယ်”

“ဘယ်လို တောင်းတာလဲ”

“ဘဂနီ မံမံ အဟံ တန္ထုလံဒေထ၊ အဟံ အကျွန်ုပ်၏ ဘဂနီ ချစ်နှမ၊ တန္ထုလံ ဆန်ကို ကျွန်ုပ်အား ဒေထ ပေးသနားပါလော့လို့ တောင်းကြတယ်၊ ဒါကြောင့် တန္ထုလံဆိုတာ ဆန်ကို ပြောမှန်း ကြက်ကသိနေတာ”

“ပြောပါဦး”

“မင်းမွေးထားတဲ့ကြောင်ကို အစာကျွေးကာနီးရင် ဘယ်လိုခေါ်သလဲ”

“မြီမြီ မြီမြီလို့ပဲ ခေါ်တာပေါ့၊ အားလုံးလည်း ဒီလိုပဲ ခေါ်နေကြတာပဲ”

“မြီမြီလို့ ခေါ်တာက မြီမြီ မြစ်မြစ်ဆိုတဲ့ မစ္ဆ စမ္ဆ ဆိုတဲ့ သဒ္ဒါပဲ၊ မစ္ဆဆိုတာ ငါးလို့ အဓိပ္ပါယ်ပေးတယ်၊ မြီမြီလို့ ခေါ်တာနဲ့ မစ္ဆ၊ မစ္ဆ. . ငါးပေးတော့မယ်လို့ ကြောင်က နားလည်တယ်၊ ဒါကြောင့် ညောင်ညောင်လို့ အော်ပြီး ပြေးလာတာပဲ၊ ညောင်.



www.burmeseclassic.com

www.burmeseclassic.com



ညောင်. . ဆိုတာ ပေးပါကျွေးပါလို့ အဓိပ္ပါယ်ရတယ်"

ရာဟုက ထန်းရည်တစ်ခွက် မော့်သောက်လိုက်ပြန်သည်။

"မြီမြီလို့ ခေါ်ရင် မင်းနားလည်ပါ့မလား"

"ဘယ်နားလည်ပါ့မလဲ"

"ဒါကြောင့် ကြောင်လောက်မှ နားမလည်ဘူးလို့ ပြောတာပေါ့"

တာတေမှာ ဘာမှပြန်မပြောသာသဖြင့် အောင့်သက်သက် ဖြစ်သွားမိပြန်သည်။

"ဆက်ပြောပါဦး"

"မင်းအိမ်မှာ မွေးထားတဲ့ခွေးတွေကို အစာကျွေးကာနီးတော့ မင်းဘယ်လိုခေါ်သလဲ"

"အို့အို့လို့ပဲ ခေါ်တာပေါ့။ လူတိုင်းလည်း ဒီလိုပဲ ခေါ်နေကြတာပဲ"

"အေး. . . ဟုတ်တယ်၊ လူကို လက်တို့ . ခွေးကို အို့လို့ခေါ်ကြတယ်၊ အမှန်တော့ အော့ကနေ အို့ဖြစ်သွားတာ၊ အော့အော့ဆိုတာ ဩဩ ဩထန ဩထန၊ ထမင်းထမင်းလို့ အဓိပ္ပါယ်ထွက်တယ်၊ အို့အို့ပဲ ခေါ်ခေါ်. . အော့အော့ပဲခေါ်ခေါ်. . ဒါမှမဟုတ် မာဂဓဘာသာနဲ့ ဩထန ဩထနလို့ပဲခေါ်ခေါ်. . ခွေးကသူ့ကို ထမင်းကျွေးတော့မယ်ဆိုတာသိလို့ ချက်ချင်းပြေးလာတာ၊ တကယ်လို့ မင်းကို ဩထန ဩထနလို့ ခေါ်ရင် သိပ့ါမလား နားလည်ပါ့မလား"





"ဘယ်နားလည်ပါ့မလဲ"

"ဒါကြောင့် မင်း ခွေးလောက်မှ နားမလည်ဘူးလို့ ပြောတာပေါ့ကွာ"

ထိုသို့ပြောပြီး ထန်းရေတစ်ခွက် မော့သောက်လိုက်ပြန်လေသည်။

ဒီတစ်ခါတော့ တာတေက အောင့်သက်သက်ဖြစ်သွားသော်လည်း စိတ်မဆိုးတော့ဘဲ ရယ်နေသည်။

"မင်းနဲ့တွေ့မှပဲ ကြက်တွေ၊ ကြောင်တွေ၊ ခွေးတွေလောက်မှ အသုံးမကျမှန်း သိရပေတော့တယ်၊ ဒါပေမယ့် ငါ့အတွက် ဗဟုသုတတွေ ရတာပေါ့ကွာ"

ဟု ပြောလေသည်။

ရာဟုကလည်း ယခင်က မသောက်ခဲ့ရသမျှ အတိုးချ၍ သောက်နေသည့်အလား ထန်းရည်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေရာ ထန်းရည်အိုးထဲမှာ ပြောင်သွားတော့မှ လက်ထဲမှ ခွက်ကို ချလိုက်တော့သည်။

"ဒါထက် မင်းတို့ ဒီကို ဘာလာလုပ်ကြတာလဲ"

"ငါ့သူဌေးနဲ့ လိုက်လာတာ၊ ဘုရားတည်ဖို့ကိစ္စလို့ ပြောတာပဲ"

"အခု ကမ်းခြေမှာ တည်နေတဲ့ဘုရားက မင်းတို့သူဌေးတည်တာလား"

"အဲဒါတော့ ငါလည်း သေသေချာချာ မသိပါဘူး၊ တစ်ရွာလုံးကတော့ ဝိုင်းကူနေကြတာပဲ၊ မင်းရော ဘုရားတည်တဲ့နေ



www.burmeseclassic.com

www.burmeseclassic.com



ရာ လာပြီး မကူဘူးလား"

"ကူချင်တာပေါ့ကွာ. . . ဒီဘုရားက ငါတို့ဘုရားပဲ"

"ဟင်. . . မင်းတို့ဘုရား ဟုတ်လား"

"အော်. . . ဒီလိုပါ၊ ငါတို့ရွာမှာတည်တော့ ငါတို့ဘုရားပဲ ဖြစ်တာပေါ့"

တာတေက စကားကို ပြန်လျှော့ချလိုက်သည်။

"ဒါ့ထက် မင်း စောစောက ပြောတဲ့ထဲမှာ 'ကူချင်တာပေါ့'လို့ ပါတယ်၊ ဘာကြောင့် မလာတာလဲ. . . သူများတွေလည်း ဒီလိုပဲ လာကူနေကြတာပဲ"

"ငါတို့က လုပ်ချင်ပေမယ့် သူတို့ခိုင်းမှလုပ်လို့ရတာကွ"

"ဟင်. . . ဘယ်သူတွေကလဲ"

"ဘုရားနဲ့ သက်ဆိုင်သူတွေပေါ့ကွာ၊ ငါတို့က မင်းတို့လို လုပ်ချင်တိုင်း ဝင်လုပ်ပေးလို့ မရဘူး"

ထိုစကားကြားသောအခါ ရာဟုမှာ ဇဝေဇဝါ ဖြစ်သွားမိလေသည်။

"တာတေ. . . မင်းပြောတဲ့စကားတွေကို နားထောင်ရတာ မျက်စိလည်သွားသလိုပဲ"

"မင်း နောက်တော့ သိရမှာပါ"

"ငါ့ကို နည်းနည်းတော့ ပြောပြပါကွာ"

ထိုသို့မေးသဖြင့် တာတေက သက်ပြင်းချလိုက်လေသည်။ ယခုအချိန်မှာ မွန်းလွဲပိုင်းအချိန်ဖြစ်သောကြောင့် ထန်းတောအတွင်းမှာ လူရှင်းနေသည်။ သူတို့နှစ်ယောက်မှလွဲပြီး အ





ခြားသူများ မရှိကြပေ။

"ငါက ဒီနေရာမှာ တာဝန်တစ်ခုနဲ့ နေရတာပါ"

"ဟင်. . . ဘယ်လိုတာဝန်လဲ"

"ရန်သူတွေကို စောင့်ကြည့်ပေးရတဲ့တာဝန်ပေါ့"

"ဘယ်သူတွေအတွက်လဲဟင်"

"အခု တည်နေတဲ့ဘုရားဒါယကာတွေအတွက်ပေါ့၊ မင်းတို့ရောက်လာကတည်းက ရန်သူတွေ မဟုတ်ဘူး ငါတို့ကို ကူညီပေးမယ့်သူတွေဆိုတာ ငါသိပါတယ်"

ထိုစကားကြောင့် မျက်လုံးပြူးသွားလေသည်။

"ဒါ့အပြင် မင်းက သူခိုးတစ်ယောက်ဖြစ်တယ်ဆိုတာရော သူဌေးအယောင်ဆောင်လာတဲ့လူက သုသာန်စောင့်တစ်ယောက်ဆိုတာပါ ငါတို့ သိပါတယ်"

"ဟင်. . ."

ထိုအခါမှ ရာဟုမှာ မလုံမလဲဖြစ်သွားတော့သည်။

"ဘာမှမစိုးရိမ်ပါနဲ့ကွာ. . . ငါတို့ သိလည်း အရေးမကြီးပါဘူး၊ ကျန်တဲ့သူတွေ မရိပ်မိဖို့ပဲ အရေးကြီးပါတယ်"

"ဒါဖြင့် ငါရောက်လာကတည်းက သူခိုးတစ်ယောက်မှန်း မင်းသိနေတယ်ပေါ့"

တာတေက ခေါင်းညိတ်ပြသည်။

"မင်းဘာသာ သူခိုးပဲဖြစ်ဖြစ် ဓါးပြပဲဖြစ်ဖြစ်. . ငါတို့အတွက် အနှောင့်အယှက်ပေးမယ့်သူ မဟုတ်ရင် မိတ်ဆွေတွေပဲပေါ့၊ ငါတို့က လူတွေရဲ့အဆင့်အတန်းကို ကြည့်တာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



မနောဆိုတဲ့စိတ်ကိုပဲ ကြည့်ကြတာကွ၊ မင်းက မရှိလို့ ခိုးစားနေပေမယ့် ယုတ်မာတဲ့စိတ်မျိုးတော့ မရှိပါဘူး"

ထိုစကားကြားတော့မှ အနည်းငယ် စိတ်သက်သာရာ ရသွားလေတော့သည်။

"တော်ပါသေးရဲ့ကွာ. . . မင်းက ငါ့အကြောင်းတွေ သိနေတာဆိုတော့ ငါ့ကို အခင်မင်ပျက်သွားပြီလားလို့ စိုးရိမ်သွားမိလို့ပါ"

"မပျက်ပါဘူး. . . မင်းက ငါတို့ရဲ့မိတ်ဆွေပဲ၊ ဒီမှာ နေသမျှ ငါ့ထန်းတောက ထန်းရည်ကို မင်းကြိုက်သလောက်သာ လာသောက်နိုင်ပါတယ်"

"ဝမ်းသာလိုက်တာကွာ. . . ဒါထက် မင်း ငါ့အကြောင်းကို သိနေပြီဆိုတော့ မင်းအကြောင်းကိုလည်း ငါက သိထားဖို့လိုတာပေါ့. . မင်းက ဘာလဲဟင်"

"ငါက ဘုရားဒါယကာတွေရဲ့အစေအပါးတစ်ယောက်ပါပဲကွာ"

"မင်း ဘယ်လိုပုံသဏ္ဍာန်လဲ ငါ့ကို ပြပါလား"

"မကြည့်ချင်ပါနဲ့ကွာ"

"ပြသာ ပြပါကွာ. . . ငါက ပေါင်းဝသုသာန်မှာ နေခဲ့ရတဲ့သူဆိုတော့ ဒါမျိုးတွေ မကြောက်တတ်ပါဘူး"

"မင်း ထန်းရည် ထပ်ယူဦးမလား"

တာတေက မေးသည်။

"အေး. . . နောက်ထပ်တစ်အိုးလောက် ရရင်တော့





ကောင်းတာပေါ့ကွာ"

"အောက်မှာတော့ ချထားတာ မရှိတော့ဘူး၊ အပင်ပေါ်မှာပဲ ရှိတော့တယ်. . ငါယူပေးပါ့မယ်"

ဟု ပြောပြီး နေရာမှ ထသွားလေသည်။

ထို့နောက် ထန်းပင်တစ်ပင်အောက်သို့ သွားကာ အပေါ်သို့ မော့ကြည့်နေသည်။

ရာဟုက တာတေကို ထန်းပင်ပေါ် တက်မည်ဟု ထင်သဖြင့် ကြည့်နေသော်လည်း မဟုတ်ပေ။

တာတေက ထန်းပင်အောက်မှ ရပ်ရင်း အပင်ပေါ်မှ ထန်းရည်အိုးကို လက်တစ်ဖက်ဖြင့် လှမ်းယူလိုက်သေလည်။

၎င်းလက်ကြီးတစ်ဖက် ရှည်ထွက်သွားသည်ကို လှမ်းမြင်လိုက်တော့မှ ရာဟုလည်း အခြေအနေမှန်ကို သဘောပေါက်သွားတော့သည်။

ထို့နောက်. . .

တာတေက အပင်ပေါ်မှ ထန်းရေအိုးကို ဖြုတ်ယူလာပြီး ဘဲဘက်သို့ ပြန်လျှောက်လာလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

# မရဏာခံတွင်း အန္တရာယ်

သူကြီးစံနက်ကျော်၏ အိမ်ကြီး၏အောက်ဘက်မှာ ရှိသော ကွပ်ပျစ်များပေါ်မှာ စံနက်ကျော်နှင့် သူ့တပည့်အချို့ ရှိနေကြလေသည်။

ထိုတပည့်များမှာ သူ၏လူယုံတော်များဖြစ်ပြီး အချို့မှာ ဘုရားတည်သောနေရာတွင် သွားရောက်လုပ်အားပေးနေကြ သူများဖြစ်သည်။

၎င်းတို့ လုပ်အားပေးကြခြင်းမှာ အခြားသူများလို



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်လိုချင်၍ မဟုတ်ကြပေ။

အခြားသူများနှင့် ရောယောင်အလုပ်လုပ်ရင်း ပတ်ဝန်းကျင်မှ အခြေအနေများကို စုံစမ်းနေကြခြင်းဖြစ်သည်။

အဓိက,ကတော့ ဘုရားတည်ရာတွင် အသုံးပြုနေသော ရွှေဒင်္ဂါးများ မည်သည့်နေရာမှာ ထားသည်၊ မည်သို့မည်ပုံ ယူနေကြသည်ကို သိနိုင်ရန် လုပ်အားပေးဟန်ဆောင်၍ စုံစမ်းအကဲခတ်နေကြခြင်းဖြစ်သည်။

"မင်းတို့အခြေအနေ အကဲခတ်ကြည့်တော့ ဘာတွေများ ထူးခြားတာတွေ့ကြသလဲ"

စံနက်ကျော်က မေးလိုက်သည်။

"သူတို့မှာ ရွှေဒင်္ဂါးတွေ အတော်များများ ရှိနေတာကတော့ အသေအချာပဲ၊ ပစ္စည်းဝယ်ဖို့ လိုရင်တော့ ရွှေဒင်္ဂါးတွေ ထုတ်ယူလာတာ တွေ့ရတယ်"

"ဘယ်နေရာမှာ ထားတာလဲ"

"အဲဒါတော့ မသိရသေးဘူး သူကြီး၊ ရွှေဒင်္ဂါးထုတ်ရင် ဖိုးသူတော်ကြီးကပဲ ထုတ်တာတွေ့တယ်၊ ထားတဲ့နေရာကိုတော့ သူတစ်ယောက်ပဲ သိတဲ့ပုံပဲ"

"ဒါဖြင့် ဟိုသူဌေးဆိုတဲ့လူ ထုတ်ပေးတာ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး. . . သူတို့မှာ လျှို့ဝှက်ချက် အကြံအစည်တွေလည်း ရှိနေကြပုံပဲ၊ ဟိုသူဌေးဆိုတဲ့လူနဲ့ သူ့တပည့်ကို ကျွန်တော်တို့ မသင်္ကာဘူး"





"ဘယ်လိုကြောင့်လဲ"

"သူတို့ကြည့်ရတာ သူဌေးနဲ့ မတူဘူး၊ နေပုံထိုင်ပုံကလည်း တစ်မျိုးပဲ"

"ဒီလိုဆိုရင် သူတို့အခြေအနေကို သေသေချာချာ စောင့်ကြည့်ထားပေါ့၊ အခြေအနေမဟန်ရင်တော့ သခင်ကြီးတွေဆီကို ချက်ချင်းအကြောင်းကြားရမယ်"

ထိုအခါ တစ်ယောက်က ဝင်ပြောလာသည်။

"ဒီထက် ထူးဆန်းတဲ့အကြောင်း ပြောစရာကျန်သေးတယ် သူကြီး"

"ဘာလဲ. . . မြန်မြန်ပြောစမ်းကွာ"

"ဟိုတလောက ကျွန်တော်တို့ဆီလာပြီး မီးအိမ်တစ်လုံးကို ငွေတစ်ကျပ် ပေးဝယ်သွားတဲ့ မောင်နှမနှစ်ယောက်ကို တွေ့ခဲ့ရတယ်"

"ဘယ်မှာတွေ့တာလဲ"

"အခုတော့ ဘုရားတည်တဲ့ဆီမှာ ဝိုင်းလုပ်ပေးနေကြတာပဲ၊ သူတို့ နေတာကတော့ နီမောင်တို့အိမ်မှာ ထင်တယ်"

"ဒီလိုဆိုရင် သူတို့ကို အမြန်ဖမ်းမှ ဖြစ်မယ်၊ ငမိုးနဲ့ ရွှေလှတို့ သေကြတာ သူတို့လက်ချက်မှလွဲပြီး တခြားလူမဖြစ်နိုင်ဘူး"

ဟု ဝိုင်းဝန်းပြောဆိုလေရာ သူကြီးစံနက်ကျော်လည်း လေးလေးနက်နက် စဉ်းစားနေလေသည်။

"မင်းတို့ အခုလို စုံစမ်းရတာ ကောင်းတယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ချက်ချင်းကြီး ဖမ်းလို့မဖြစ်သေးဘူး၊ တော်ကြာ ရွာသားတွေက မခံနိုင်ဖြစ်လာလို့ ဆူပူလာရင် ခက်မယ်၊ ဒီတော့. . ဒီမှာ စောင့်ကြည့်တဲ့လူတွေကလည်း စောင့်ကြည့်ထား. . တချို့ကလည်း ပုသိမ်ဂါတ်တဲက ဌာနအုပ်လီမက်ကို အကြောင်းကြားဖို့ သွားပေတော့၊ အဆင်ပြေရင် သူတို့ကိုပါ တစ်ပါတည်း ခေါ်လာခဲ့ပေတော့ဟေ့"

ဟု မှာကြားကာ အချို့ကို ပုသိမ်သို့ စေလွှတ်လိုက်လေတော့သည်။

နီမောင်တို့ကတော့ ထိုအကြောင်းများကို မသိကြဘဲ ဘုရားတည်ခြင်းကိစ္စများကိုသာ အားသွန်ခွန်စိုက် လုပ်ကိုင်နေကြလေသည်။

ထို့ပြင် နီမောင်နှင့် နဒီတို့နှစ်ယောက်မှာလည်း ချစ်သူအဖြစ် ရောက်ခဲ့ကြသည်မှာ ရက်အတန်ကြာခဲ့ပြီဖြစ်သောကြောင့် တစ်ယောက်သဘောကိုတစ်ယောက် နားလည်လာပြီး ရှေးကထက်ပိုပြီး ပျော်ရွှင်ဖွယ်ကောင်းလာလေတော့သည်။

"ကိုယ်တော့ နဒီနဲ့အတူတူ အခုလို ဘုရားတည်ခွင့်ရတာ သိပ်ပြီးဝမ်းသာတာပဲ၊ ဒီလိုလုပ်ခွင့်ရတာ ရှေးကရေစက်ပါလာလို့ ဖြစ်မှာပေါ့နော်"

နဒီက အပြုံးဖြင့် ခေါင်းညိတ်ပြသည်။

"အခုဘဝမှာ ရေစက်ဆုံပြီး ကုသိုလ်ကောင်းမှုတွေ အတူတူ လုပ်ခဲ့ကြတော့ နောက်ဘဝမှာ ပြန်ဆုံဖို့ အထောက်အပံ့တွေရမှာ သေချာတယ်၊ ကိုယ်တော့ သိပ်ပြီးဝမ်းသာတာပဲ. . .





နဒီကရော မပျော်ဘူးလားဟင်"

"ပျော်တာပေါ့ အစ်ကိုရယ်"

"ကိုယ်တော့ ဘုရားတည်ပြီးရင် နဒီတို့ ပြန်သွားမှာကိုပဲ စိုးရိမ်နေမိတော့တာပဲ၊ အဲသည်လို ပြန်သွားရင် ကိုယ်တော့ လွမ်း[illegible]တော့မှာပဲ"

"အဲဒီလို မကျန်ခဲ့ချင်ရင် ကျွန်မတို့နဲ့ အတူလိုက်ခဲ့ပေါ့ အစ်ကိုရဲ့"

"ကိုယ် မလိုက်ဘဲ နဒီ ဒီမှာနေခဲ့ရင်ကော မဖြစ်ဘူးလားဟင်"

"ဒါကတော့ အဘိုးနဲ့ အစ်ကိုတို့က ခွင့်ပြုပေးရင်တော့ နေခွင့်ရမှာပေါ့"

"အို. . . ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ နဒီနဲ့ဝေးပြီး မနေချင်တော့ပါဘူး၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် တူတူနေခွင့်ရအောင် ကြိုးစားရမှာပဲ"

ဟု ပြောလေရာ နဒီခမျာလည်း ပျော်နေတော့သည်။

သို့သော် သူတို့နှစ်ယောက်၏ပျော်ရွှင်မှုမှာ မကြာခင် အနှောင့်အယှက်များ ပေါ်ပေါက်လာလေတော့သည်။

အခြားမဟုတ်ပါချေ. . . ။

နောက်တစ်ပတ်ခန့် ကြာသောအခါ ဘုရားတည်နေသောနေရာသို့ လူအချို့ ရောက်လာကြသည်။

သူကြီးစံနက်ကျော်နှင့် တပည့်များအပြင် ပုသိမ်ဂါတ်တဲမှ ဌာနအုပ်လီမက်နှင့် ပုလိပ်များပါ ပါလာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ဘုရားတည်သောနေရာ၌ လူစုံတက်စုံ ရှိနေကြသည်။

ရောက်လာသည်နှင့် ဥာနအုပ်လီမက်က ပြောသည်။

"ဒီနေရာမှာ လူလိမ်တွေ ရောက်နေလို့ လာဖမ်းတာပါ။ သူဌေးကြီး ဦးဇမ္ဗူကျော်လို့ အမည်ခံထားတဲ့သူက တခြားမဟုတ်ပါဘူး၊ ပေါင်းဝသုသာန်က သုသာန်စောင့် ပေတလူဖြစ်ပါတယ်"

"ဟယ်. . ."

ကြားရသူများမှာ မယုံကြည်နိုင်လောက်အောင် တအံ့တသြ ဖြစ်သွားကြသည်။

"ပထမတစ်ခါတုန်းက ကျုပ်တို့တောင် အလိမ်ခံလိုက်ရတာပါ၊ နောက် စုံစမ်းကြည့်တော့မှ မဟုတ်မှန်း သိရပြီး. . သူ့အကြောင်းအမှန်ကို သိရတော့တာပါပဲ၊ သူ့တပည့်ဆိုသူကလည်း တခြားမဟုတ်ပါဘူး. . နာမည်ကြီး သူခိုးရာဟု ဖြစ်ပါတယ်"

"ဘာ. . ."

အားလုံးမှာ အံ့သြစိတ်နှင့်အတူ ထိုနှစ်ယောက်အတွက်လည်း စိတ်မကောင်းဖြစ်သွားကြသည်။

"ဒါ့အပြင် နောက်ထပ် ဖမ်းစရာကျန်ပါသေးတယ်၊ ဒါကတော့ တခြားမဟုတ်ပါဘူး. . . သူတို့နှစ်ယောက်ပါပဲ"

လီမက်က မနီးမဝေးမှာ ရပ်နေသော နာဂနှင့် နဒီတို့ မောင်နှမနှစ်ယောက်ကို လက်ညှိုးထိုးပြသည်။

"သူတို့ကို ဘာအပြစ်ရှိလို့ ဖမ်းမှာလဲ"

ဖိုးသူတော်ကြီးက ဝင်မေးလိုက်သည်။





"တလောက တောထဲမှာ လူနှစ်ယောက်သေမှုကြောင့် မသင်္ကာမှုနဲ့ ဖမ်းမှာပါ"

"တောထဲမှာ အချိန်မတော် လျှောက်သွားလို့ သူ့ဘာသာသေတာ သူတို့နဲ့ ဘာဆိုင်လို့လဲ၊ မင်းတို့ပုလိပ်တွေမှာ လူတစ်ယောက်ကို ဖမ်းချင်ရင် မသင်္ကာမှုပုဒ်မအပြင် တခြားတပ်စရာပုဒ်မ မရှိတော့ဘူးလား"

ဟု ဖိုးသူတော်ကြီးက မေးလိုက်ရာ ဥာနအုပ်လီမက်မှာ အကြီးအကျယ် မျက်နှာပျက်သွားလေတော့သည်။

လူအများရှေ့တွင် ထိုကဲ့သို့ အပြောခံရသဖြင့် ရှက်သွားတန်လည်း ရှိသည်။

"ခင်ဗျားကိုလည်း မသင်္ကာရင် ဖမ်းပြီးစစ်ဆေးစရာရှိရင် စစ်ဆေးရမှာပဲ"

"ဖမ်းပေါ့ကွ. . မင်းတို့အလုပ်က လူတွေကို ဖမ်းရမယ့်အလုပ်ပဲ၊ ဒါပေမယ့်. . အပြစ်မရှိတဲ့လူတွေကို ဒုက္ခပေးနေရင်တော့ အဲဒီဒုက္ခက မကြာခင် မင်းတို့ဆီပြန်ရောက်လာမှာ အသေအချာပဲဟေ့"

ဟု ပြောလေရာ ဥာနအုပ်လီမက်က နောက်မှပါလာသော ပုလိပ်များကို ဖမ်းဆီးရန် အမိန့်ပေးလေသည်။

နီမောင်၊ နာဂ၊ နဒီ၊ ဖိုးသူတော်၊ ဦးပန်ကောင်း၊ ပေတလူ၊ ရာဟု စသည်တို့မှာ အဖမ်းခံကြရလေတော့သည်။

ဝိုင်းဝန်းလုပ်အားပေးနေကြသော ရွာသူရွာသားများကတော့ ထိုကဲ့သို့ မတရားလုပ်သောအမှုမှာ သူကြီးစံနက်ရှော



www.burmeseclassic.com

www.burmeseclassic.com



လက်ချက်ဖြစ်မှန်း သိသဖြင့် မကျေမနပ်ဖြစ်နေကြသော်လည်း မပြောဝံ့ကြပေ။

ဘုရားတည်နေရင်းမှ ၎င်းတို့ကို ဖမ်းခေါ်သွားသောအခါ အလုပ်များကိုပါ ရပ်ထားရသည်။

သူကြီးအိမ်ရောက်သောအခါ ၎င်းတို့ကို အိမ်အောက်ထပ်မှာ လက်ထိတ်များ ဖြုတ်ပြီး ထိတ်တုံးခတ်ထားလေတော့သည်။

"ဟိုင်းကြီးကျွန်း ရွေတပ်စခန်းမှာရှိတဲ့ သခင်ကြီးတွေကို မှာရမယ်၊ သူတို့ရောက်လာတော့မှ မင်းတို့ကို ဘယ်လိုအရေးယူရမယ်ဆိုတာ ဆုံးဖြတ်ကြလိမ့်မယ်၊ တစ်ခုတော့ ရှိတယ်. . သူတို့မလာခင်မှာ ငါမေးတာကို မှန်မှန်ပြောမယ်ဆိုရင်တော့ အပြစ်ကသက်သာအောင် ပြောပေးမယ်"

ထိုသို့ပြောသော်လည်း ဘယ်သူကမှ ဘာမှပြန်မပြောကြပေ။

"တခြားတော့ မဟုတ်ဘူး၊ မင်းတို့ ဘုရားတည်တဲ့နေရာမှာ ထုတ်သုံးနေတဲ့ ရွှေဒင်္ဂါးမျိုးတွေ အများကြီးရှိသေးတယ် မဟုတ်လား"

ထိုသို့မေးသော်လည်း ဘာမှပြန်မပြောကြသဖြင့် ငြိမ်သက်သွားပြန်လေသည်။

"မင်းတို့ အမှန်အတိုင်း ပြောမယ်ဆိုရင် မင်းတို့မှာ ရှိတဲ့ အပြစ်တွေကိုလည်း လျှော့ပေးမယ်၊ ဘုရားတည်ချင်ရင်လည်း ဆက်တည်ခွင့်ပေးမယ်"





ထိုသို့ပြောသောအခါ နာဂက နေရာမှ လှမ်းပြောလိုက်သည်။

"ခင်ဗျားတကယ်ပြောနေတာလား"

"တကယ်ပြောတာပေါ့ကွ. . ငါတို့က ဥပဒေနဲ့ အလုပ်လုပ်နေကြတဲ့သူတွေပါ၊ ကတိစကားတစ်လုံးကိုတော့ လေးစားတတ်ပါတယ်. . . မင်းပြောမှာလား"

"ခင်ဗျားတို့ လိုချင်တဲ့ ရွှေဒင်္ဂါးတွေက ရှိတယ်၊ ဒါပေမယ့် ကျုပ်သဘောနဲ့တော့ ပြောလို့မရဘူး၊ ညကျတော့ သက်ဆိုင်တဲ့သူ ရောက်လာပြီး လာပြောလိမ့်မယ်"

ဟု ပြောရာ ဌာနအုပ် လီမက်သာမက စံနက်ကျော်တို့ပါ ဝမ်းသာသွားကြသည်။

ထို့နောက် သူတို့နှစ်ယောက်မှာ အိမ်အပေါ်ထပ်မှာ စားသောက်ရင်းနှင့် လှို့ဝှက်စွာ တိုင်ပင်နေကြသည်။

"ဌာနအုပ်မင်း. . . သူတို့မှာ ရွှေဒင်္ဂါးတွေ ရှိနေတယ်ဆိုတာ အမှန်ပဲ. . အဲဒါတွေ ရရင်တော့ တစ်သက်စားလို့ မကုန်မှာသေချာတယ်၊ ကျွန်တော်မျိုးအတွက်လည်း မမေ့ထားပါနဲ့နော်"

လီမက်က သဘောကျစွာရယ်ရင်း အရက်တစ်ခွက်ကို မော့သောက်လိုက်သည်။

"ဒီကိစ္စမှာ ခင်ဗျားရဲ့ကြိုးစားဆောင်ရွက်မှုက အဓိကကျတာပဲ၊ ခင်ဗျားကို မမေ့ထားလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒါထက် သူတို့ပြောတဲ့သူက ဘယ်သူလဲ"

"ကျွန်တော်မျိုးလည်း မသိရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့အပြစ်က ပေါ့အောင် လိမ်ပြောနေတာလား"

"ဒီလိုတော့ ညာပြောဝံ့မယ် မထင်ဘူး၊ ဟုတ်မဟုတ် သိရအောင် ဒီတစ်ညတော့ စောင့်ကြည့်ကြတာပေါ့၊ မဟုတ်တော့မှ နောက်တစ်နေ့မနက် ဟိုင်းကြီးကျွန်းဘက် ကူးပြီး အကြောင်းကြားရင် ပိုမကောင်းဘူးလား"

"အင်း . . ဒါလည်း ကောင်းပါတယ်"

ဟု ပြောဆိုကာ စားသောက်နေကြလေသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်သောအခါ ထိုနေရာသို့ အသက်အရွယ်ကြီးသော အဘိုးကြီးတစ်ယောက် ရောက်လာတော့သည်။

ထိုအဘိုးကြီးကို မြင်သောအခါ ဖိုးသူတော်ကြီးက ဝမ်းသာသွားပြီး မကြာခင် မိမိတို့ ပြန်လွတ်တော့မည်မှန်း ရိပ်မိလေသည်။

"ခင်ဗျား ဘယ်သူလဲ . . ဘာကိစ္စရှိလို့လဲ"

ပုလိပ်တစ်ယောက်က မေးလိုက်သည်။

"ငါ့မြေးတွေကို ဒုက္ခပေးထားလို့ လာကြည့်တာ၊ မင်းတို့လူကြီးတွေ ခေါ်လိုက်စမ်း"

အသံကျယ်ကျယ်ဖြင့် ပြောလိုက်ရာ ထိုအသံကို အိမ်ပေါ်မှာ ရှိနေကြသည့် လီမက်နှင့် စံနက်ကျော်တို့ ကြားသဖြင့် ကပျာကယာ အောက်သို့ ဆင်းလာကြသည်။

"ခင်ဗျား ဘယ်သူလဲ"

အောက်ရောက်တော့ လီမက်က မေးသည်။





"မင်းတို့ တွေ့ချင်တဲ့သူက ငါပဲ၊ ဘုရားတည်နေတဲ့ ငါ့မြေးတွေကို အပြစ်မရှိဘဲ ဘာကြောင့် ဒုက္ခပေးထားတာလဲ"

အဘိုးကြီးက ခါးထောက်၍ လေသံမာမာဖြင့် မေးလေရာ လီမက်တို့ပင် အနည်းငယ် လန့်သွားသည်။

"သူတို့မှာ အပြစ်ရှိတယ်ထင်လို့ ဖမ်းတာပေါ့၊ ခင်ဗျားကိုပါ ဖမ်းထားလို့ရတယ်ဆိုတာ သိရဲ့လား"

လီမက်က တပည့်များရှေ့မှာ ဟန်မပျက်စေရန် လေသံမာမာဖြင့် ပြန်ပြောလိုက်သည်။

"ငါ့ကို ဖမ်းဖို့ အသာထားဦး၊ ငါသတ်ရင် မင်းတို့ လူမိုက်တွေ တစ်ပြုံလုံး သေတာကြာပြီ၊ ဒါပေမယ့် မင်းတို့လို လူမိုက်မျိုးတွေက ငါ့လက်နဲ့ သတ်ရတာ မတန်ပါဘူး၊ သက်ဆိုင်ရာတွေက တာဝန်ယူပြီး သတ်ပါလိမ့်မယ်"

ထိုစကားကြားသောအခါ မြို့မှာ နေသော လီမက်က သိပ်နားမလည်သော်လည်း တောထဲတောင်ထဲမှာနေသော စံနက်ကျော်ကတော့ သဘောပေါက်သဖြင့် ကြောက်ရွံ့ထိတ်လန့်သွားလေသည်။

"မင်းတို့ ဘာလိုချင်တာလဲ"

"ခင်ဗျားတို့မှာ ရွှေဒင်္ဂါးတွေ ရှိတယ်မဟုတ်လား"

"ဟုတ်တယ် . . ဘုရားတည်ဖို့ ငါပေးထားတာပဲ"

"ဘယ်နေရာမှာ ထားသလဲဆိုတာ ပြောပါ"

"မင်းတို့က ဒါကို လိုချင်တာကိုး၊ ဒါများကွာ . . မခက်ခဲလှပါဘူး၊ ငါတို့ဆီမှာ ရှိတဲ့ရွှေဒင်္ဂါးတွေက တောင်ပုံရာပုံ . .



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ထဲမှာလည်း ရှိတယ်၊ ဟိုးတောထဲမှာလည်း ရှိတယ်"

"ဟင်. . ."

"ပင်လယ်ထဲမှာ ရှိတာကိုတော့ မင်းတို့ လိုက်ယူနိုင်မှာ မဟုတ်ဘူး၊ တောထဲမှာ ရှိတာပဲ သွားယူကြပေါ့"

"ခင်ဗျားတကယ်ပြောတာလား၊ ခင်ဗျားကိုယ်တိုင် လိုက်ပြပေးမှာလား"

"ငါလိုက်ပြစရာ မလိုပါဘူးကွာ၊ တောထဲမှာ ထားတဲ့ ရွှေဒင်္ဂါးတွေ ဘယ်နေရာမှာရှိတယ်ဆိုတာသိတဲ့သူတစ်ယောက် ဒီရွာမှာ ရှိပါတယ်"

"ဘယ်သူလဲ"

"မင်းတို့က မဟုတ်တဲ့လူတွေ ဖမ်းထားတာကိုးကွယ်၊ တကယ်သိတဲ့လူက သူတို့မဟုတ်ဘူး၊ ထန်းတက်သမား တာတေပဲ"

"ဟင်. . ."

ထိုစကားကြောင့် များစွာအံ့သြသွားသော်လည်း မယုံကြပေ။

"ခင်ဗျားတကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ကွာ. . . အခုပဲ သူ့ကိုခေါ်ပြီး လိုက်ပြခိုင်းပေးပါ့မယ်"

ဟုပြောပြီး နောက်ဘက်သို့လှည့်ပြီး လက်ခုပ်တီးလိုက်ရာ အမှောင်ထဲမှ တာတေ ထွက်လာလေတော့သည်။

တာတေ မည်သို့မည်ပုံ ရောက်လာမှန်း ကျန်လူများက





မသိသော်လည်း ရာဟုကတော့ စိတ်ထဲမှ အလိုလို သိနေတော့သည်။

တာတေက အဘိုးကြီးနား လျှောက်လာပြီး အရိုအသေ ပေးလိုက်သည်။

"သူတို့ကို ငါတို့ဝှက်ထားတဲ့ ရွှေဒင်္ဂါးတွေ ရှိတဲ့နေရာ လိုက်ပြပေးလိုက်ပါကွာ"

ဟု ပြောပြီး အဘိုးကြီးက ပြန်သွားလေတော့သည်။

ထိုအခါမှ စံနက်ကျော်က ဌာနအုပ် လီမက်အနီးသို့ ကပ်ကာ ပြောလိုက်သည်။

"ကျွန်တော်မျိုးကို ဒီအချိန်ကြီး လိုက်သွားလို့ဖြစ်ပါ့မလား ဌာနအုပ်မင်း"

"တောထဲမှာ အန္တရာယ်များလှတယ်၊ အရင်တစ်ခါက လည်း အဲသည်လို လိုက်သွားလို့ လူနှစ်ယောက် သေသွားခဲ့ရတယ်"

"သေနတ်တွေလည်း ပါတယ်၊ လူတွေလည်း အများကြီးပဲ. . ဘာကြောက်စရာ ရှိသလဲ၊ သေနတ်နဲ့တွေ့ရင် ဘာမှမခံနိုင်ပါဘူး"

ဟု ပြောသဖြင့် စံနက်ကျော်လည်း ဘာမှထပ်မပြောသာတော့ပေ။

"သွားကြမယ်. . . ကျုပ်နောက် လိုက်ခဲ့ကြပါ"

တာတေက အသံခပ်သြသြဖြင့် ပြောသည်။

ထို့နောက်မှတော့ တာတေက ရှေ့မှသွားပြီး နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားကြလေသည်။

သူကြီးအိမ်မှာ လူအချို့ကိုသာထားခဲ့ပြီး အတော်များများ လိုက်သွားကြခြင်းဖြစ်သည်။

ဥာနအုပ် လီမက်နှင့် ပုလိပ်များမှာ သေနတ်များပါပြီး စံနက်ကျော်တို့မှာတော့ ဓား၊ လှံ၊ လေးမြား စသည်တို့ပါသည်။

ညအချိန်သုံးသော မီးအိမ်များ၊ မီးတုတ်များ၊ လက်နှိပ်မီးများလည်း ပါလာကြသည်။

စုစုပေါင်း(၁၅)ယောက်ခန့် ရှိသည်။

ရှေ့မှ သွားနေသော တာတေက သူတို့ကို လှိုဏ်တစ်ခုအတွင်းသို့ ခေါ်သွားခြင်းဖြစ်သည်။

ထိုလှိုဏ်အတွင်းမှာတော့ သစ်ပင်ချုံနွယ်များ ရှိနေသောကြောင့် လူတစ်ယောက်သွားသာရုံသာ ရှိသည်။

တဖြည်းဖြည်းနှင့် တိုးဝင်သွားရာ တစ်နေရာရောက်တော့ ကျောက်နံရံမှာ သစ်ပင်ချုံနွယ်များ ဖုံးနေသည့်နေရာ ရောက်သောအခါ တာတေက ရပ်လိုက်သည်။ ပြီးနောက် ချုံနွယ်များ ရှိသောနေရာသို့ လက်ညှိုးထိုးပြသည်။

"ဒီနေရာပဲ"

သို့ကြောင့် နောက်မှ ပါလာသူများက ဓားများဖြင့် ချုံနွယ်များကို ခုတ်ထွင်ဖယ်ရှားပစ်ကြသည်။

အတန်ကြာတော့ ထိုလူများမှာ အလန့်တကြား အော်ပြီး နောက်သို့ ပြန်ဆုတ်လာကြသည်။

မီးရောင်ဖြင့် ထိုနေရာသို့ ထိုးကြည့်သောအခါ ဂူပေါက်





ဝတစ်ခု တွေ့ရပြီး အပေါ်မှာတော့ ကြောက်စရာကောင်းသော နဂါးဦးခေါင်းကြီး ပေါ်နေလေသည်။

"ကျောက်ရုပ်ကြီးပါကွာ. . . ဘာမှ ကြောက်စရာမလိုပါဘူး"

ဟု လီမက်က သူ့လူများကို ပြောလိုက်သည်။

ထိုအခါ တာတေက နောက်သို့ လှည့်ပြောသည်။

"ဒါက မရဏခံတွင်းလို့ ခေါ်တယ်၊ ဒီဂူထဲမှာ ခင်ဗျားတို့ လိုချင်တဲ့ ရွှေဒင်္ဂါးတွေ ရှိသလို အန္တရာယ်တွေလည်း ရှိတယ်၊ ဒီဂူထဲဝင်ရင် အသက်မရှင်နိုင်ဘူး"

"မင်းပြောတဲ့အတိုင်း ငါတို့က မျက်စိမှိတ်ပြီး ယုံကြည်မယ်များ ထင်နေသလား၊ ဒီဂူထဲမှာ ရွှေဒင်္ဂါးတွေ ရှိတယ်ဆိုရင် လက်တွေ့ပြပါ"

လီမက်က ပြောလိုက်သောအခါ တာတေက မရဏခံတွင်းဟု ခေါ်သော နဂါးပါးစပ်ပေါက်ဝနှင့် တူသော ကျောက်ဂူအတွင်းသို့ ဝင်သွားလေတော့သည်။

အတန်ကြာသည်အထိ ပြန်မထွက်လာသောအခါ အပြင်မှ စောင့်နေသူများ ဇဝေဇဝါဖြစ်နေကြရာမှ အတန်ကြာတော့ တာတေ ပြန်ထွက်လာသည်။

သူ့လက်ထဲမှာလည်း ဝင်းလက်နေသော ရွှေဒင်္ဂါးအချို့ ပါလာလေသည်။

ယခင်က ရဖူးသော ရွှေဒင်္ဂါးနှင့် ပုံစံတူများပင်ဖြစ်နေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နမူနာ ယူလာတဲ့ ရွှေဒင်္ဂါးတွေ"

ဟု ပြောပြီး လီမက် လက်ထဲသို့ ထည့်ပေးလိုက်သည်။

လီမက်နှင့် စံနက်ကျော်တို့မှာ အမှန်ပင် ရွှေဒင်္ဂါးများ ရှိနေမှန်း သိရသောကြောင့် များစွာဝမ်းသာသွားကြလေသည်။

"ဒီဂူထဲ ဝင်ရင် အန္တရာယ်ရှိတယ်လို့ ပြောတယ်၊ အခု မင်းဝင်တော့လည်း ဘာအန္တရာယ်မှ မရှိပါလား"

"မယုံတော့လည်း ဝင်ကြည့်ကြပေါ့"

တာတေက ဒါပဲပြောသည်။

ထို့နောက် လီမက်နှင့် စံနက်ကျော်တို့နှစ်ယောက်မှာ ဂူအတွင်းသို့ ဝင်သင့်မဝင်သင့် အတန်ကြာအောင် တိုင်ပင်ကြလေသည်။

ရွှေဒင်္ဂါး နမူနာများလည်း ရပြီး ဖြစ်သောကြောင့် မဝင်ဘဲလည်း မနေနိုင်တော့ပေ။

"ဒီအချိန် ဝင်လို့ သင့်ပါ့မလား၊ နေရာလည်း သိရပြီဆို တော့ မနက်လင်းမှ ဝင်ရင် မကောင်းဘူးလား"

"ဘာမှမဖြစ်နိုင်ပါဘူး. . . စောစောက သူတောင် ဝင်သွားတာ ဘာမှမဖြစ်တာ၊ အခုပဲ ဝင်ကြတာပေါ့"

ဟု ပြောပြီး တာတေကို ရှေ့မှ အဝင်ခိုင်းပြီး သူတို့က နောက်မှ လိုက်ဝင်ကြလေသည်။

ဂူအတွင်းပိုင်းမှာ အတော်ကျယ်ပြီး မှောင်မည်းနေလေသည်။

မီးရောင်များဖြင့် ထိုးကြည့်တော့ ဂူအတွင်းပိုင်းမှာ





ထွေထွေထူးထူး ဘာမှမတွေ့ရပေ။

သို့ကြောင့် ဆက်ဝင်သွားကြရာ တစ်နေရာရောက်သောအခါ ကျောက်စင်တစ်ခုပေါ်မှာတင်ထားသည့် ကျောက်သေတ္တာသုံးလုံးကို တွေ့ကြရသည်။

ထိုနေရာရောက်တော့ တာတေ ရပ်လိုက်ပြီး ကျောက်သေတ္တာများကို လက်ညှိုးထိုးပြလေသည်။

သို့ကြောင့် အနီးသို့ သွားပြီး အဖုံးကို ဖွင့်လိုက်သည်။ မဖွင့်ဘဲထားတာ နှစ်အတော်ကြာပြီဖြစ်ဟန်ရှိသည်။ အတော်ကို ခက်ခက်ခဲခဲ ဖွင့်မှ အဖုံးပွင့်သွားလေသည်။

အတန်ကြာသောအခါ ကျောက်သေတ္တာတစ်လုံးက အဖုံးပွင့်သွားလေတော့သည်။

အဖုံးပွင့်သွားသောအခါ အတွင်းသို့ ငုံ့ကြည့်လိုက်သည်။

"ဟာ. . ."

"ရွှေဒင်္ဂါးတွေလည်း မဟုတ်ပါလား. . .ဘာတွေလဲ"

မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ ကျောက်သေတ္တာအတွင်းမှာ လောလောလတ်လတ် ဖောက်ထည့်ထားသောကြောင့် သွေးများဖြင့် အလူးလူး ဖြစ်နေသည့် မျက်လုံးပေါင်းများစွာတို့ကို တွေ့ကြရသည်။

"မျက်လုံးတွေချည်းပါလား"

သို့ကြောင့် ဌာနအုပ် လီမက်က ဒေါသတကြီးနှင့် မနီးမဝေးမှာ ရပ်နေသည့် တာတေကို သေနတ်ဖြင့် ချိန်ထားလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်းပြောတဲ့ ရွှေဒင်္ဂါးတွေ ဘယ်မှာလဲ"

တာတေက နောက်သေတ္တာတစ်လုံးကို လက်ညှိုးထိုးပြ ပြန်သဖြင့် ဖွင့်ကြပြန်သည်။

ထိုအထဲမှာလည်း သူတို့မျှော်လင့်သလို ရွှေငွေရတနာများ မရှိပြန်ဘဲ ဦးခေါင်းခွံများကိုသာ တွေ့ရပြန်သည်။

"မင်း စောစောက ယူလာတဲ့ ရွှေဒင်္ဂါးတွေ ဘယ်မှာလဲ၊ ဒီတစ်ခါ မဟုတ်ရင်တော့ သေဖို့သာ ပြင်ပေတော့"

"ဟိုသေတ္တာကို ဖွင့်ကြည့်ပေါ့"

ဟု ပြောပြီး တာတေက နေရာမှာပင် ရပ်နေသည်။ လောဘဇော တက်နေကြသည့် စံနက်ကျော်တို့လူစုကတော့ နောက်ဆုံးကျန်နေသည့် သေတ္တာတစ်လုံးကို ဖွင့်ကြည့်ကြပြန်သည်။

ထိုအခါမှပင် ပိုဆိုးလေတော့သည်။

ထိုအထဲမှာ လူဦးခေါင်းပြတ်များ ရှိနေပြီး သေတ္တာအဖုံး ဖွင့်လိုက်သောအခါ ပိတ်နေသည့်မျက်လုံးများ ဖွင့်ကြည့်လာတော့သည်။

"အောင်မယ်လေးဗျ. . . မကောင်းဆိုးဝါးတွေ"

ဟု ပြောကာ နောက်သို့ ဆုတ်သွားကြသည်။

ဌာနအုပ်လီမက်လည်း ဒေါသဖြစ်သောကြောင့် မနီးမဝေးမှာ ရပ်နေသည့် တာတေကို သေနတ်ဖြင့် ပစ်လေတော့သည်။





"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

သေနတ်သံများက ဂူအတွင်း၌ ကျယ်လောင်စွာ မြည်သွားပြီး ပဲ့တင်ထပ်သွားလေတော့သည်။

တာတေတစ်ကိုယ်လုံးမှာလည်း ကျည်ဆန်များ ဖောက်ထွက်သွားပြီး သွေးများ စီးကျလာသည်။

သို့သော်လည်း တာတေက လဲကျမသွားပေ။

သူ့ကိုယ်ပေါ်မှ ဒဏ်ရာများကိုပင် ငုံ့ကြည့်နေသည်။

ထိုမြင်ကွင်းကို မြင်သောအခါ စံနက်ကျော်တို့မှာ များစွာထိတ်လန့်တုန်လှုပ်သွားကြလေသည်။

"တာတေတော့ အပမှီသွားပြီထင်တယ်"

ဟု တစ်ယောက်က ရေရွတ်လိုက်သည်။

တာတေက သူတို့ဘက်သို့ လှည့်ပြီး ကြောက်စရာကောင်းလောက်အောင် သွားဖြဲပြလိုက်သည်။

"ငါ့ကို သတ်လို့ သေမယ်များ ထင်နေသလား၊ ငါက သေခဲ့ပြီးတာပဲ အတော်ကြာပြီ၊ ဟိုးတလောက ငမိုးနဲ့ရွှေလှကို ညောင်လန်းပင်ပေါ်မှာ ငါဘယ်လိုသတ်ခဲ့တယ်ဆိုတာ သိရဲ့သား"

"ဒါဖြင့် ငမိုးနဲ့ရွှေလှကို သတ်တာ မင်းပဲပေါ့"

"ဟုတ်တယ်. . . ငါသတ်ပစ်လိုက်တာ၊ အခု မင်းတို့လည်း သူတို့သေသလို သေရတော့မယ်"

ဟု ပြောကာ ရယ်ပြလေသည်။

"ဒါ လူမှ မဟုတ်တာ. . . မကောင်းဆိုးဝါးပဲ၊ သေနတ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပစ်ကြကွာ”

ဟု လီမက်က အမိန့်ပေးသည်နှင့် ပုလိပ်များက သေနတ်များဖြင့်ပစ်ကြရာ ဂူတစ်ဂူလုံး ဆူညံသွားလေတော့သည်။

တာတေတစ်ကိုယ်လုံးလည်း ကျည်ဆန်ပေါက်များတပွသွားသော်လည်း လဲကျမသွားဘဲ ၎င်း၏လက်တံများက တဖြည်းဖြည်း ရှည်ထွက်လာပြီး သေနတ်ဖြင့် ပစ်နေသူများကို လိုက်ဖမ်းလေတော့သည်။

လက်တံရှည်ကြီးများမှာ နွယ်ရှင်များကဲ့သို့သော်လည်းကောင်း၊ မြွေများကဲ့သို့သော်လည်းကောင်း တလူးလူး တလွန့်လွန့်ဖြင့် လူများရှိရာ ရောက်လာပြီး လိုက်လံဖမ်းဆီးလေတော့သည်။

လူများကလည်း ရှောင်ရင်းတိမ်းရင်းနှင့် သေနတ်ဖြင့်ပစ်သူပစ်၊ ဓါးဖြင့် ခုတ်သူကခုတ်ကြလေရာ. . အမှောင်ထဲမှာဖြစ်သောကြောင့် အချင်းချင်း ထိခိုက်မိပြီး အချို့လဲကျကုန်သည်။

လက်တံရှည်ကလည်း ဖမ်းမိသွားသည်နှင့် ကုပ်ချိုးသတ်ပစ်လေသည်။

အချို့ကလည်း အပေါက်ဝသို့ ပြန်ထွက်ပြေးရန် ကြိုးစားကြသည်။

သို့သော် မရပေ။

တာတေက ထွက်လာသမျှ လူတို့ကို ဖမ်းပြီး သတ်ပစ်နေသောကြောင့် အခွင့်မသာကြပေ။





ထိုအခိုက်မှာပင် မမျှော်လင့်သော အဖြစ်အပျက်များကပေါ်လာပြန်သည်။

အဖုံးပွင့်နေသော ကျောက်သေတ္တာအတွင်းမှာ ရှိနေသော ဦးခေါင်းပြတ်များက ပိတုန်းကောင်ကြီးများပမာ အသက်ဝင်လာပြီး အပြင်သို့ပျံထွက်လာကာ တွေ့သမျှလူတို့၏ လည်ပင်းများကို လိုက်လံကိုက်ဖြတ်လေတော့သည်။

အကိုက်ခံရသောသူများမှာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေတော့သည်။

မှောင်မည်းနေသောအချိန်တွင် တောနက်အတွင်း တစ်နေရာ၌ ရှိသော မရဏခံတွင်းဂူအတွင်းမှ အော်သံဟစ်သံ အကူအညီတောင်းသံများကိုတော့ ဘယ်သူမှ မကြားနိုင်ကြတော့ပါချေ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

# သံသရာလမ်းမှ ချစ်ပန်းပွင့်များ

နောက်တစ်နေ့နံနက်ပိုင်းအချိန်အထိ သူကြီးစံနက်ကျော်တို့အဖွဲ့ရော၊ ဌာနအုပ်လီမက် ခေါင်းဆောင်သော ပုလိပ်အဖွဲ့များပါ တစ်ယောက်မှ ပြန်ပေါ်မလာသောကြောင့် ရွာမှာကျန်ခဲ့သူများက လိုက်လံရှာဖွေကြလေသည်။

ဦးစွာ တာတေနေသောစခန်းကို အရင်သွားကြည့်သည်။ တာတေကို ထန်းပင်ပေါ်မှာ ထန်းတက်နေသည်ကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။

တာတေက သူတို့ကို မြင်တော့ ထန်းပင်ပေါ်မှ ပြန်ဆင်းလာသည်။

"ထန်းရည်သောက်မလို့လား"

"မဟုတ်ဘူး . . မင်း ညက လမ်းပြခေါ်သွားတဲ့လူတွေ ဘယ်မှာလဲ"

"သူတို့က ရွှေဒင်္ဂါးတွေ ရှိတဲ့နေရာကို လိုက်ပြပေးပါဆိုလို့ လိုက်ပြပေးလိုက်တယ်လေ"

"အခုထိ တစ်ယောက်မှ ပြန်ရောက်မလာလို့ လာမေးတာကွ"

"ဘယ်ပြန်ရောက်တော့မလဲဗျ . . . ခင်ဗျားတို့ ညက သေနတ်သံတွေ မကြားမိဘူးလား"

"ကြားတယ်"

"ရွှေဒင်္ဂါးတွေလည်းမြင်ရော လောဘတွေတက်ပြီးတော့ အချင်းချင်း ပစ်ကြခတ်ကြ၊ ထိုးကြခုတ်ကြနဲ့ အားလုံးသေကုန်ပါပကောလား၊ ကျုပ်တောင် ထွက်ပြေးတာမြန်လို့ . . ကံကောင်းလို့ လွတ်လာတာ"

"ဟင် . . ."

တာတေစကားကြားသောအခါ မျက်လုံးပြူးသွားကြလေသည်။

တာတေ ပြောတာ မယုံကြည်သဖြင့် ၎င်းကို လမ်းပြခိုင်းပြီး တောထဲသွားကြည့်သောအခါ သေနတ်ဒဏ်ရာ ဓားဒဏ်





ရာများဖြင့် သေဆုံးနေသူများကိုသာ တွေ့ရပြီး ရွှေဒင်္ဂါးများတော့ မတွေ့ကြရပေ။

ထို့နောက် ရွာသူရွာသားများ ရောက်လာပြီး သူကြီးအိမ်မှာ ဖမ်းထားသော နီမောင်တို့တစ်တွေကို လာလွှတ်ပေးကြသဖြင့် ကျောက်ညီနောင်ကမ်းခြေသို့ ပြန်သွားပြီး ဘုရားတည်သောအလုပ်ကို ဆက်လုပ်ကြလေသည်။

ရွာသူရွာသားများကလည်း ယခင်အတိုင်း ဝိုင်းဝန်း အကူအညီပေးကြပြန်လေသည်။

ကိစ္စက ထိုမျှနှင့်တော့ ပြီးမသွားပေ။

ကျန်ခဲ့သော စံနက်ကျော် တပည့်များက ကတ္တူလှေ တစ်စင်းဖြင့် ဟိုင်းကြီးကျွန်းဘက်သို့ ကူးသွားကြလေသည်။

သူတို့သည် ရေတပ်စခန်းသို့ တာဝန်ယူနေသော ရေတပ်ဗိုလ် စမစ်ထံ သွားရောက်သတင်းပို့ကြခြင်းဖြစ်လေသည်။

"သခင်ကြီး . . ဟိုဘက်ကမ်းမှာတော့ သူကြီးနဲ့ သူ့လူတွေရော . . ပုသိမ်က ရောက်လာတဲ့ ဌာနအုပ်နဲ့ ပုလိပ်တွေရော အားလုံးသေကုန်ကြပါပြီ"

"ဘယ်လိုကြောင့် သေတာလဲ"

"ကျွန်တော်မျိုးတို့အထင်တော့ သခင်ကြီးတို့ကို တော်လှန်ပုန်ကန်ဖို့ ကြိုးစားနေတဲ့ တော်လှန်ရေးသမားတွေ သတ်လိုက်တယ်လို့ ထင်ပါတယ်"

ထိုစကားကြောင့် စမစ်မှာ မျက်လုံးပြူးသွားလေသည်။

"မင်း . . မင်းတို့ဘက်ကမ်းမှာ တော်လှန်ရေးသမားတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိသလား"

"ရှိနိုင်ပါတယ်. . ဒါကြောင့် သခင်ကြီးကိုယ်တိုင် လိုက်ကြည့်စေချင်ပါတယ်"

ထိုသို့ပြောသည်နှင့် စမစ်လည်း တပ်သားအချို့ကို ခေါ်ယူပြီး ကမ်းခြေဘက်သို့ ကူးရန် ပြင်ဆင်လေသည်။

ရာသီဥတုအခြေအနေက ၎င်းတို့သင်္ဘောမထွက်ခင်က တည်းက မှန်တိုင်းကျတော့မည့် အနေအထားမျိုးကဲ့သို့ ပင်လယ်ပြင်တစ်ခုလုံး မှုန်မှိုင်းနေသည်။

မျက်နှာဖြူအရာရှိစမစ် လိုက်ပါလာသောသင်္ဘောသည် ကမ်းခြေဘက်သို့ ခုတ်မောင်းလာသည်။

ထိုအချိန်မှာပင် ပင်လယ်ပြင်တစ်ခုလုံး မည်းမှောင်လာလေသည်။

သူတို့သင်္ဘောမှာ အတန်ငယ်ကြီးသောကြောင့် ရေကြောင်းမမှားစေရန်နှင့် ကျောက်ဆောင်ကျောက်တုံးများနှင့် မတိုက်မိစေရန် ဂရုတစိုက် မောင်းနှင်ကြရသည်။

တစ်နေရာသို့ ရောက်သောအခါ ပင်လယ်ပြင်ပေါ်မှာ မီးခိုးငွေ့များလိုလို မြူနှင်းများလိုလို ဝေ့ဆိုင်းလာသောကြောင့် ရှေ့ကို ဘာမှ မမြင်နိုင်တော့ပေ။ ထို့ထက် ပိုမိုထူးဆန်းသည်က သင်္ဘောပေါ်မှာ တပ်ဆင်ထားသည့် လမ်းပြအိမ်မြှောင်များ ရပ်တန့်သွားခြင်းပင်ဖြစ်သည်။

စမစ်သည် ပင်လယ်ရေကြောင်း အတွေ့အကြုံများသူ တစ်ဦးဖြစ်သည်။





ရေတပ်မှာ တာဝန်ထမ်းဆောင်နေသည်မှာလည်း အတော်ကြာပြီဖြစ်၏။

ထိုကဲ့သို့ ထူးဆန်းသော အတွေ့အကြုံမျိုး တစ်ကြိမ်တစ်ခါမှ မကြုံဖူးသေးပေ။

အခြားမှတ်တမ်းများထဲမှာတော့ ဘာမြူဒါတြိဂံဒေသနှင့် နဂါးတြိဂံဒေသအကြောင်းများကို တွေ့ဖူးသည်။

ယခုတွေ့မြင်နေရသော အခြေအနေမှာ ထိုနေရာများမှာ ဖြစ်လေ့ရှိသော အဖြစ်အပျက်များနှင့် များစွာဆင်တူလှပေသည်။

သူသည် ရာသီဥတုအခြေအနေ မကောင်းမှန်း သိသဖြင့် ရှေ့ဆက်မသွားတော့ဘဲ နောက်ကြောင်းပြန်လှည့်ရန် အမိန့်ပေးလိုက်သည်။

သို့သော်လည်း အခြေအနေက မပေးတော့ပေ။

ရေတပ်သင်္ဘောက သွားနေရင်းမှ တစ်စုံတစ်ခုပေါ်သို့ ထိုးဆင်းသွားသဖြင့် ရပ်တန့်သွားလေသည်။

"ဘာဖြစ်တာလဲ"

"ရေကြောင်းမှားပြီး ကျောက်ဆောင်ပေါ် တင်သွားတာဖြစ်မယ်"

ထို့နောက် သင်္ဘောကို နောက်သို့ ဘက်ပြန်ဆုတ်ရန် ကြိုးစားကြသည်။ မရပေ။

ကြည့်ရင်းမှပင် သင်္ဘောဦးပိုင်းက တဖြည်းဖြည်း မြှုပ်တက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အထိတ်အလန့် ဖြစ်နေစဉ်မှာ သင်္ဘော ဦးပိုင်းတစ်ခုလုံး ထောင်တက်လာပြီးနောက် ပဲ့ပိုင်းက တဖြည်း ဖြည်းနှင့် ရေထဲ ပြုတ်ကျသွားလေတော့သည်။

"ဟာ. . . သင်္ဘောနစ်နေပြီ. . . လုပ်ကြပါဦး"

ပြောရင်းနဲ့ ဦးပိုင်းက ထောင်တက်လာ. . .

"ဟိုမှာ ဘာကောင်ကြီးလဲ"

တစ်ယောက်က ပြောသဖြင့် လှမ်းကြည့်လိုက်သောအ ခါ သင်္ဘောဦးဘက်မှာ တစ်စွန်းတစ်စ ပေါ်နေသည့် ဦးခေါင်းပိုင်း ကြီးတစ်ခုကို တွေ့လိုက်ရသည်။

မြူခိုးများ ဝေ့ဆိုင်းနေသောကြောင့် သဲသဲကွဲကွဲ မမြင် ကြရသော်လည်း ကြီးမားသောနဂါးတစ်ကောင်၏ ဦးခေါင်းပိုင်း ကြီးဖြစ်နေသည်ကိုတော့ နောက်ဆုံးခတွေ့မြင်လိုက်ကြရသည်။

သင်္ဘောမှာလည်း ရေအောက်သို့ တဖြည်းဖြည်းနှင့် နစ် မြုပ်သွားလေသည်။

ထို့နောက်မှာတော့ စမစ်အပါအဝင် သင်္ဘောသားများ မှာ ရေပြင်ပေါ်မှာ လက်ပစ်ကူးကြရတော့သည်။ လှိုင်းလုံးများ ရှိနေသော ပင်လယ်ရေပြင်ပေါ်မှာ တွယ်ရာမဲ့ ကူးခတ်ရသည်မှာ လွယ်ကူသောအရာ မဟုတ်ပါချေ။

ရေတပ်စခန်းမှာ ကျန်ခဲ့သူများက စမစ်တို့သင်္ဘောသို့ နည်းအမျိုးမျိုးဖြင့် အဆက်အသွယ်ပြုရန် ကြိုးစားသော်လည်း အဆက်အသွယ် မရသဖြင့် နောက်ထပ်သင်္ဘောတစ်စင်းဖြင့် လိုက်လံရှာဖွေကြရာ သင်္ဘောရော လူများပါ အစအနမှပင် မ





တွေ့ကြရတော့ပေ။

သို့ကြောင့် မှတ်နှာဖြူများ ရေးထားခဲ့သော ဟိုင်းကြီး ကျွန်း ရေတပ်စခန်းနှင့် ပတ်သက်သည့် မှတ်တမ်းများတွင် မျက် နှာဖြူအရာရှိစမစ် ဦးဆောင်သော ရေတပ်သင်္ဘောတစ်စင်း၊ သင်္ဘောနှင့် လူများပါ ဟိုင်းကြီးကျွန်း အနီးတစ်ဝိုက် ပင်လယ်ပြင် ပေါ်တွင် ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့သည်ဟုသာ မှတ်တမ်း ရေးထားခဲ့သည်ကို တွေ့ရမည်ဖြစ်ပေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး ရက်အနည်းငယ် ကြာသောအခါ ဘုရားတည်နေသောအဖွဲ့ကို နည်းအမျိုးမျိုးနှင့် အနှောင့်အယှက် ပေးနေသူများ ကင်းသွားပြီဖြစ်ရာ ဘုရားတည် ခြင်းကိစ္စကို ကောင်းစွာဆက်လုပ်နိုင်ကြသဖြင့် ဝမ်းသာနေကြ သည်။

နောက်ပိုင်းရွာမှာ သူကြီးမရှိသဖြင့် ရွာသူရွာသားများက နီမောင်ဖခင် ဦးဘရှိန်ကိုပင် ရွာသူကြီးအဖြစ် တင်မြှောက်လိုက် ကြလေသည်။

တစ်နေ့သ၌ တာတေ ထန်းတက်နေသောနေရာသို့ ပေတလူနှင့် ရာဟုတို့နှစ်ယောက် ရောက်လာကြသည်။

"မင်းတို့ ထန်းရည်သောက်မလားဟေ့"

"သောက်တော့ သောက်ချင်တယ်၊ ဒါပေမယ့် အပင် အောက်က လက်တံရှည်ကြီးနဲ့ အပင်ပေါ်ကို အိုးကို ယူရင်တော့ မကြည့်ဝံ့ဘူးကွ"

တာတေက ရယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကိုယ်တိုင် တက်ပေးပါ့မယ်ကွယ်"

ဟု ပြောကာ ထန်းပင်ပေါ်သို့ လျင်မြန်စွာ တက်သွားလေသည်။

အတန်ကြာတော့ ထန်းရည်အိုးများ ယူ၍ ပြန်ဆင်းလာလေသည်။

"ရော့. . . အဝသာ သောက်ကြ၊ ပိုက်ဆံပေးစရာ မလိုဘူးဟေ့"

ရာဟုနှင့် ပေတလူတို့ကလည်း သူပြောသည့်အတိုင်း အားမနာတမ်း သောက်ကြလေသည်။

"မင်း ဟိုလူတွေကို ဘယ်လိုလုပ်လိုက်တာလဲ တာတေ"

"ငါမလုပ်ပါဘူးကွာ. . သူတို့ဘာသာ ကြောက်ကြောက်လန့်လန့်နဲ့ ပစ်ကြရင်းနဲ့ သေကြတာပါ"

"ဒါထက် မေးပါရစေဦး၊ မင်းကရော ဘာလဲ"

"ငါလည်း ပရလောကသားတစ်ဦးပါပဲ၊ ဒါပေမယ့် ငါက ကောင်းတာလုပ်ပေးနေတဲ့ ပရလောကသားပေါ့ကွာ"

"ဟို. . နာဂနဲ့ နဒီတို့ မောင်နှမကရော ဘာတွေလဲ"

"သူတို့က ကမ္မဇိဒ္ဓိရှိတဲ့ ပရလောကသားတွေပေါ့၊ မူလဘဝမျိုးနဲ့လည်း နေနိုင်တယ်၊ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုအကျိုးကြောင့် လူ့လောကမှာ နေမယ်ဆိုရင်လည်း နေလို့ရတဲ့သူတွေပေါ့"

"ဒါထက် မင်းကရော ဒီဘဝကနေ တခြားဘဝကို မပြောင်းတော့ဘူးလား"





"ငါပြောင်းချင်တိုင်း ပြောင်းလို့မှ မရတာ၊ ဝဋ်ကြွေးကုန်ရင်တော့ ပြောင်းခွင့်ရမှာပေါ့၊ ဒါထက် မင်းတို့ကရော ဘုရားတည်ပြီးသွားရင် ပြန်ကြမှာလား"

"ငါတို့က အိမ်ခြေရာခြေရှိကြတာမှ မဟုတ်တာ၊ ဒီမှာနေဆိုရင်လည်း နေလိုက်ရုံပေါ့"

"ဒီမှာပဲ နေကြပါကွာ၊ မင်းတို့ ရှိနေတော့ ငါလည်း အဖော်ရတာပေါ့၊ နေ့တိုင်း ထန်းရည်အဝတိုက်ပါ့မယ်"

ဟု ပြောရာ ကျန်နှစ်ယောက်ကလည်း သဘောအကျကြီးကျကာ ထန်းရည်တစ်ခွက်ပြီးတစ်ခွက် သောက်ကြလေသည်။

ဖိုးသူတော်ကြီး ဦးဆောင်ပြီး လုပ်ကိုင်နေသော ဘုရားတည်ခြင်းကိစ္စမှာလည်း အနှောင့်အယှက်များ ကင်းသွားပြီး ဖြောင့်ဖြောင့်လုပ်နိုင်သောကြောင့် လျင်မြန်စွာ ပြီးလေသည်။

ဘုရားတည်ပြီးသောအခါ ဦးဒီပါ ရောက်လာပြီး စေခိုင်းသဖြင့် ညီနောင်သဖွယ်ဖြစ်နေသော ကျောက်တုံးကြီးနှစ်တုံးရှေ့တွင် မောင်တော်ရုပ်တုနှင့် နှမတော်ရုပ်တုများ ပြုလုပ်ပေးရသည်။

ပြီးသောအခါ ထိုနေရာကို ယခင် ကျောက်ညီနောင်ကမ်းခြေဟု ဒေသခံများ ပေးထားသည့်အမည်အစား 'ကျောက်မောင်နှမကမ်းခြေ' ဟု ပြောင်းလဲအမည်ပေးလိုက်ကြလေသည်။

[(မှတ်ချက်) ရှေးအခါက ထိုစေတီတော်၏ဘွဲ့အမည်တော်မှာ 'နာဂသေန စေတီတော်' ဟု ခေါ်ဝေါ်ခဲ့သော်လည်း နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကာလ အမျိုးမျိုး ပြောင်းသောအခါ ဘွဲ့တော်များလည်း အမျိုးမျိုး ပြောင်းလဲခဲ့ပေသည်။

သို့သော်လည်း ဒေသခံများကတော့ 'ကျောက်မောင်နှမ ဘုရား' ဟုပင် အလွယ်တကူ ခေါ်ကြသည်မှာ ယနေ့ထက်တိုင် ပင်ဖြစ်တော့သည်။]

စေတီတော် ပြီးစီးသောအခါ သံဃာတော်များ ပင့်ဖြီး ထီးတော်တင်ခြင်းနှင့် အနေကဇာတင်ခြင်းများ ပြုလုပ်သည့်အ ပြင် တရားနာယူခြင်း၊ အမျှအတန်းများလည်း ပေးစေကြသည်။

အနီးပတ်ဝန်းကျင်ရွာများမှ ရောက်လာကြသော ဧည့် ပရိသတ်များကိုလည်း လိုလေသေး မရှိအောင် ကျွေးမွေးဧည့်ခံ ကြလေသည်။

ထိုပွဲသို့ ဦးဒီပါအပြင် တခြားပရိသတ်အတော်များများ လည်း ရောက်လာကြကာ အတူတကွ တရားနာယူကြသည်။

ရေစက်ချ အမျှအတန်းများ ပေးဝေကြသည်။

အလှူကိစ္စပြီးသောအခါ ဖိုးသူတော်ကြီးကပင် ဦးဒီပါကို ပြောသည်။

"အခုပြောမယ့်ကိစ္စက ကျုပ်နဲ့ မဆိုင်ပေမယ့် ကလေး တွေက ကျုပ်နဲ့ပတ်သက်နေတော့ ပြောရတော့မှာပဲ"

"ပြောသာပြောပါ ဦးသူတော်ရယ်"

"တခြားတော့ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားမြေးမလေးနဲ့ ဟောဒီက မောင်နီမောင်တို့ကတော့ လူငယ်တို့သဘာဝ ရည်ငံ နေကြပြီဗျ၊ အဲဒါ ခင်ဗျားသဘောထား ဘယ်လိုရှိမယ်ဆိုတာ





သိပါရစေ"

"စိတ်သဘောထား ဖြူစင်တဲ့လူနဲ့ ဆုံရတော့ ကောင်း တာပေါ့ဗျာ၊ အခုဆိုရင် ဘုရားကိစ္စ အောင်မြင်သွားတော့ ကျုပ် တို့လည်း အဆင့်တစ်ခု တိုးသွားကြပါပြီ၊ ဒီတော့ သူ့ရဲ့ သက် တမ်းစေ့တော့ နေခွင့်ပေးနိုင်ပါတယ်"

ဟု ပြောရာ အားလုံး ဝမ်းသာသွားကြလေသည်။

နီမောင်နှင့်နဒီတို့ကတော့ ပျော်ရွှင်မဆုံးအောင် ရှိနေ ကြတော့သည်။

ထို့နောက် ဦးဒီပါတို့က အားလုံးကို နှုတ်ဆက်ပြီး မြနန်း သီဂီသို့ ပြန်သွားကြလေတော့သည်။

"နဒီရဲ့အဘိုးက အခုလို ခွင့်ပေးသွားတာ ကိုယ်တော့ သိပ်ပျော်တာပဲ၊ နဒီရော မပျော်ဘူးလားဟင်"

"ပျော်တာပေါ့ အစ်ကိုရယ်၊ ကိုယ်ချစ်တဲ့သူနဲ့ အတူတူ နေခွင့်ရတာ ဘယ်သူမပျော်ဘဲ ရှိပါ့မလဲ"

"ဒါပဲနော်. . အစ်ကို့မျက်နှာနဲ့ နေခဲ့ရမှာဆိုတော့ ကျွန်မ အပေါ်မှာ သစ္စာမပျက်ရဘူး"

"စိတ်ချပါဗျာ. . ကိုယ့်အသက်နဲ့ခန္ဓာ မြဲနေသရွေ့ နဒီ့ အပေါ်မှာ တစ်သက်လုံး သစ္စာရှိရှိနဲ့ ချစ်သွားပါ့မယ်လို့ကတိ ပေးပါ့မယ်"

ဟု ပြောလိုက်ရာ နဒီမျက်နှာပေါ်မှာ ကြည်နူးမှု အပြုံး ကလေးများ ဝေဆာသွားလေတော့သည်။

ကိစ္စများအားလုံး ပြီးသောအခါ ဖိုးသူတော်ကြီးကလည်း သူတို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို နှုတ်ဆက်လေသည်။

“ငါသွားတော့မယ်. . . သံသရာတစ်ကွေ့မှာ အခုလို ဆုံတွေ့ခွင့်ရတာကို ငါဝမ်းသာပါတယ်၊ သံသရာခရီးရှည် မဆုံးမချင်း တစ်နေရာရာမှာတော့ ထပ်တွေ့ကြရဦးမှာပေါ့၊ အဲသည်အခါကျရင်တော့ တစ်ဦးနဲ့တစ်ဦး မှတ်မိအောင် ကြိုးစားကြပေတော့ဟော့”

ဟု အမိပ္ပါယ် လေးနက်သောစကားကို ပြောပြီး ၎င်းကိုယ်နှင့်မကွာ ယူဆောင်လေ့ရှိသော ထမ်းပိုး၊ တောင်းနှစ်လုံး လွယ်အိတ်နှင့် ကြေးစည်တို့ကို ယူကာ ထိုနေမှ ထွက်သွားလေတော့သည်။

အားလုံးက ဝိုင်းတားကြသော်လည်း မရတော့ပေ။

တရွေ့ရွေ့ ထွက်သွားသော ဖိုးသူတော်ကြီးကျောပြင်ကို ကြည့်ကာ နီမောင်အပါအဝင် အားလုံးမှာ မျက်ရည်အဝဲသားဖြင့် စိတ်မကောင်းကြီးစွာဖြစ်လျက် ကျန်ရစ်ခဲ့ကြလေတော့သည်။

“နောင်. . . . ဝေ. . ဝေ. . . .”

“နောင်. . . . ဝေ. . ဝေ. . . .”

“မောင်နှမကမ်းခြေ သင်ရှာဖွေ
ရွှေငွေရတနာ ရလတ္တံ့၊
လောဘကြီးလျှင် ကြမ္မာငင်
ရေပြင် လက်ပစ်ကူးရလတ္တံ့၊
တရားရှိသူ စိတ်ထားဖြူ
ထိုက်သူနှင့်ပင် တွေ့ရလတ္တံ့. . . . .”





“နောင်. . . . ဝေ. . ဝေ. . . .”

“နောင်. . . . ဝေ. . ဝေ. . . .”

ယခုတော့ သူရွတ်ဆိုသွားသော တဘောင်စကားအတိုင်း မောင်နှမကမ်းခြေမှ ရွှေငွေရတနာများလည်း ရခဲ့ကြပေပြီ။

လောဘကြီးသူတို့မှာလည်း ရေပြင်မှာ လက်ပစ်ကူးသူကူး၊ သေသူလည်း သေခဲ့ကြပေပြီ။

စိတ်ထားဖြူစင်သော နီမောင်လည်း နဒီဆိုသော မိန်းမချောကလေးတစ်ယောက်ကို ထိုက်တန်စွာ ရရှိခဲ့ပေပြီ။

တဘောင်စကားများက အားလုံးမှန်ခဲ့ပေပြီ။

သို့သော်. . .


ထိုတဘောင်စကားများကို အမြဲရွတ်ဆိုနေလေ့ရှိသော ဖိုးသူတော်ကြီးကတော့ ကြေးစည်သံ တနောင်နောင် ပေးကာဖြင့် အဝေးသို့ ထွက်ခွာသွားခဲ့လေပြီတည်း။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

# နိဂုံး

ထိုအဖြစ်အပျက်များ ဖြစ်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ချေပြီ။

သို့ကြောင့် အခြေအနေအားတို့မှာလည်း ပြောင်းလဲခဲ့ကြပေပြီ။

တစ်ချိန်က နယ်ချဲ့မျက်နှာဖြူများ သိမ်းပိုက်ထားခဲ့သော မြန်မာနိုင်ငံလည်း လွတ်လပ်သောနိုင်ငံဖြစ်ခဲ့ပေပြီ။

တစ်ချိန်က သစ်ပင်ဝါးပင်တို့ လူတိုးမပေါက်အောင် ရှိခဲ့

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သော အနောက်ရိုးမတောင်မှာ သစ်ပင်ဝါးပင်တို့ မရှိတော့ပေ။ တောင်ကတုံးများဘဝသို့ ပြောင်းလဲသွားခဲ့ပေပြီ။

တစ်ချိန်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ရိုးမပေါ်မှာ မော်တော်ကားလမ်းများ ပေါက်ခဲ့ချေပြီ။

တစ်ချိန်က ပင်လယ်ငါးရှာသူတို့ စုဝေးနေထိုင်ခဲ့ကြသော ပင်လယ်ကမ်းခြေရွာများအစား အပန်းဖြေစခန်းကြီးများ ပြောင်းလဲခဲ့ချေပြီ။

ရေနံဆီမီးအိမ်မှ မီးရောင်များအစား လျှပ်စစ်မီးများ ရောက်လာသည်။

တဲများအစားမှ လှပသော အဆောက်အအုံများ ပေါ်လာခဲ့ကြပေပြီ။

ယခုတော့ တစ်ခါက မြနန်းသိင်္ဂီမှ ဦးဒီပါ ကြိုတင်ပြောခဲ့သလို ပင်လယ်ကမ်းခြေတစ်လျှောက် မော်တင်စွန်းစေတီတော်ရှိရာ နဂါးရာဇ်အငူမှ မြောက်ဘက် အထက်ပိုင်းတစ်လျှောက် မြို့ပြသဖွယ် ဖြစ်ခဲ့ချေပြီ။

ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာခဲ့ချေပြီ။

ယခင်က လူသူမရောက်နိုင်သည့်နေရာဟု ယူဆထားသော ကျောက်ညီနောင်ဟု ခေါ်ခဲ့ကြသည့် ကျောက်မောင်နှမရှိသောနေရာမှာ အပန်းဖြေစခန်းများ အလယ်နေရာတွင် ရောက်ရှိခဲ့လေပြီ။

အရာအားလုံးသည် အစဉ်သဖြင့် ပြောင်းလဲခြင်းများ





ဖြင့်သာ ရှိနေကြပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (နာဂသေန ကျောက်မောင်နှမ)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောန္တု သုခီအတ္တာနံ ပရိဟာန္တု။



www.burmeseclassic.com